# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၅၃)

Established in 1914

**Myanma Alinn Daily**

၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်

၂၀၁၃ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်၊ သောကြာနေ့။


## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**(အမိန့်အမှတ်၊ ၅၀/၂၀၁၃)**
**၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်**
**(၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ၂၁ ရက်)**

### ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၄၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မခွဲ(ဃ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၉)တို့ပါ ပြဋ္ဌာန်းချက်များအရ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမော်သာထွေး အား လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ပြင်သစ် – မြန်မာသံတမန်ဆက်ဆံရေး (၆၅)နှစ်ပြည့်အထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

**ရန်ကုန် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ကျင်းပသည့် ပြင်သစ်-မြန်မာ သံတမန်ဆက်ဆံရေး (၆၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနိုင်ငံတော် သံစုံတီးဝိုင်း၊ မြန်မာနိုင်ငံဆိုင်ရာပြင်သစ်နိုင်ငံသံရုံးနှင့်ပြင်သစ်နိုင်ငံမှ ကလိုရိုဂီတအဖွဲ့ (Le Khloros Concert)တို့ ပူးပေါင်းတင်ဆက်သည့် အိပ်မက်အစီအစဉ် ၂၀၁၃ (Fondamentus Concert Dream Event 2013)တေးဂီတဖျော်ဖြေပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

*စာမျက်နှာ ၉ ကော်လံ ၁* ●



ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ ပြင်သစ်-မြန်မာ သံတမန်ဆက်ဆံရေး (၆၅)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနိုင်ငံတော်သံစုံတီးဝိုင်း၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံးနှင့် ပြင်သစ်နိုင်ငံမှ ကလိုရိုဂီတအဖွဲ့ (Le Khloros Concert)တို့ ပူးပေါင်းတင်ဆက်သည့် အိပ်မက်အစီအစဉ် ၂၀၁၃ (Fondamentus Concert Dream Event 2013) တေးဂီတဖျော်ဖြေပွဲတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# ဆီးဂိမ်းရှက်လှေပြိုင်ပွဲလာ နိုင်ငံတကာဧည့်သည်များနှင့် အားကစားသမားများ၊ မီဒီယာများအတွက် ပြင်ဆင်နေသည့်ငွေဆောင်

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ**
**ခရမ်းစိုးမြင့်**



**ရန်ကုန် နိုဝင်ဘာ ၂၁**

မိုးအကုန်ဆောင်းအကူး ရာသီဦးကာလဖြစ်သောကြောင့် မိုးရနံ့တို့က မပြယ်သေး။ ကျွန်တော်သည် ငွေဆောင်ကမ်းခြေရှိ EMERALD SEA RESORT ဟိုတယ်၏ ပင်လယ်ရှုခင်းအိပ်ဆောင်တစ်ခုသို့ ရောက်ရှိတည်းခိုနေသည်။ နံနက်ခင်းတစ်ခု၌ ဝေါ. . ဝေါ. . ဆိုသည့် ပင်လယ်ရေလှိုင်းခတ်သံတို့ကို ကြားရသဖြင့် အိပ်ရာမှထလိုက်ပြီး အိပ်ခန်းပင်လယ်ရှုခင်းပြတင်းပေါက်လိုက်ကာလေးကို မ၍ကြည့်လိုက်သည်။ မိုးမှုန်ကလေးတွေလား. . ဆောင်းနှင်းမြူလားမသဲကွဲသောအရာတို့က ပင်လယ်ပြင်ကြီးပေါ်၌ ပိန်းပိတ်အောင်ကျနေကြသည်။

ပင်လယ်ပြင်ကြီးကို ဖြတ်သန်းတိုက်ခတ်လာသော လေနုအေးတို့ကြောင့် ပင်လယ်ရေတို့က လှိုင်းအိကလေးများဖြစ်ပြီး *စာမျက်နှာ ၇ ကော်လံ ၅* ◆

**ဆီးဂိမ်းရှက်လှေပြိုင်ပွဲဝင် ခြောက်နိုင်ငံမှ ဖိတ်ကြားထားသူများ၊ မီဒီယာများနှင့် အားကစားသမားများတည်းခိုရန် ပြင်ဆင်ထားသည့် ငွေဆောင်မှ ဟိုတယ်တစ်ခုကို တွေ့ရစဉ်။**

# ဆိုင်ကလုန်းမုန်တိုင်းဟဲလန် အိန္ဒိယနိုင်ငံသို့ ဖြတ်ကျော်ဝင်ရောက်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဟဲလန်" (Helen)သည် အိန္ဒိယနိုင်ငံ ဗီဆာကာပတ္တနမ်မြို့၏ တောင်-အနောက်တောင်ဘက် ၁၁၅ မိုင်ခန့်၊ မာချီလီပတ္တနမ်မြို့၏ အရှေ့တောင်ဘက် မိုင် ၁၀၀ ခန့်၊ မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက် ၆၁၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ အဆိုပါ *စာမျက်နှာ ၃ ကော်လံ ၁* ✻




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### အမျိုးသားရေးစိတ်ဓာတ် အခြေခံစီးပွားရေး

နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့တွင် အမျိုးသားအောင်ပွဲနေ့ကို ကျင်းပလေ့ရှိသည်။ ဤနေ့သည်ကား မြန်မာတစ်မျိုးသားလုံး ဝံသာနုရက္ခိတစိတ်ဓာတ်များ ရှင်သန်နိုးကြားလာပြီး ကျွန်ပညာရေးစနစ်ကိုဖယ်ရှားကာ အမျိုးသားပညာရေးစနစ်ကို ထူထောင်နိုင်ခဲ့ကြသည်။ ထိုမှဆက်လက်၍ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ အမျိုးသားလွတ်လပ်ရေးအထိ ကြိုးပမ်းနိုင်ခဲ့ကြပေပြီ။

အမျိုးသားရေးစိတ်ဓာတ်သည် တိုင်းပြည်နှင့်လူမျိုးအကျိုးဆောင်ရွက်ရာတွင် အလွန်ထက်မြက်သော လက်နက်ကောင်းသဖွယ်ဖြစ်ပါသည်။ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အရာရာအောင်မြင်နိုင်သည်။ ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင် ဤအမျိုးသားရေးစိတ်ဓာတ်ဖြင့် တစ်မျိုးသားလုံးကြီးပွားတိုးတက်ရေး လုပ်ဆောင်သွားရန်လိုအပ်နေပါသည်။ စီးပွားရေးသည် တစ်ဦးကောင်း တစ်ယောက်ကောင်း တိုးတက်နေ၍မဖြစ်ပါ။ အများတိုးတက်မှ တိုးတက်သည်ဟု ဆိုနိုင်ပါသည်။

ထို့ကြောင့်လည်း ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင် အများစုတိုးတက်ကြီးပွားစေခြင်းအကျိုးငှာ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ပေါ်ထွန်းလာရေးအတွက် တွန်းအားပေးဖော်ဆောင်နေပြီဖြစ်ပါသည်။ ဤနေရာတွင် နိုင်ငံတော်အပိုင်းက ဖော်ဆောင်နေသလို ပုဂ္ဂလိကပိုင်ကုမ္ပဏီကြီးများကလည်း ထူထောင်ဆဲ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို လက်တွဲခေါ်ဆောင်သွားရန် တာဝန်ရှိပါသည်။ ငွေကြေးအရင်းအနှီး၊ ဈေးကွက်ဖော်ဆောင်ခြင်း၊ နည်းပညာအကူအညီစသည်ဖြင့် လုပ်ငန်းငယ်လေးများကို အင်အားတောင့်တင်းသောကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းများ၊ ဘဏ်များကဝိုင်းဝန်းကူညီသွားရန် တာဝန်ရှိပါသည်။ မိမိတို့၏ အကျိုးအမြတ်ကိုထည့်မတွက်ဘဲ လုပ်ငန်းငယ်များ တိုးတက်လာအောင် လက်တွေ့ခေါ်ဆောင်သွားရန် လိုအပ်သည်။ ဤသည်မှာ တစ်မျိုးသားလုံးကြီးပွားတိုးတက်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်အခြေခံစီးပွားရေးပင်ဖြစ်သည်။ လူတိုင်းလူတိုင်းက အားလုံးကြီးပွားတိုးတက်ရေး၊ သာတူညီမျှတိုးတက်ရေးစိတ်ဓာတ်ကို မွေးမြူကြဖို့လိုပါသည်။ သို့မှသာ တစ်နိုင်ငံလုံးအရှိန်အဟုန်ဖြင့် တိုးတက်လာပြီး အားလုံးကမျှော်မှန်းထားသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးအဖြစ် အမြန်ဆုံးရောက်ရှိလာနိုင်မည် ဖြစ်ပါသည်။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံကို ကမ္ဘာ့နိုင်ငံအများစုက ကြီးပွားတိုးတက်သောနိုင်ငံအဖြစ်သို့ရောက်ရှိရန် ကူညီဖြည့်ဆည်းပေးလျက်ရှိသည်။ အထူးသဖြင့် အီးယူ၊ ဂျပန်၊ အမေရိကန်၊ နော်ဝေစသောနိုင်ငံများ၊ အဖွဲ့အစည်းများက ငွေကြေးအကူအညီ၊ ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာအကူအညီများ တိုးမြှင့်ဖော်ဆောင်ပေးရန် ပြင်ဆင်လျက်ရှိသည်။ ဤအခွင့်အလမ်းကောင်းများကို ရယူပြီး တစ်ဖက်ကလည်း တစ်တိုင်းတစ်ပြည်လုံး စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်တိုးတက်လာစေရန် ဆောင်ရွက်နေသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အသေးစား၊ အလတ်စားနှင့် အခြားစီးပွားရေးလုပ်ငန်း မှန်မှန်တိုးတက်ရန် အမျိုးသားရေးစိတ်အခြေခံပြီး အားလုံးတိုးတက်ရေးစိတ်ဓာတ်ကို မွေးမြူလုပ်ကိုင်အပ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

## နေပြည်တော်ကောင်စီနယ်မြေရှိ စံပြဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ခင်းများရှင်းလင်းပြသ

**နေပြည်တော် နိုဝင်ဘာ ၂၁**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် နိုဝင်ဘာ ၂၀ ရက် နံနက် ၇ နာရီက ဂျပန်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင် Mr.Akishima၊ ထိုင်းနိုင်ငံ Big-M ကုမ္ပဏီမှ စိုက်ပျိုးရေးပညာရှင် Mr.Mong Kon၊ ကိုရီးယားသမ္မတနိုင်ငံမှ စိုက်ပျိုးရေး စီးပွားပညာရှင် Mr. Son Jong -Rarok ၊ စင်ကာပူနိုင်ငံအခြေစိုက် Gold Fruit and Vegetable ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်လွဲလွဲဦးနှင့် ဒက္ခိဏသီရိမြို့နယ် ကျေးရွာအုပ်စု ၁၀ အုပ်စုမှ လေ့လာရေးတောင်သူ ၆၅ ဦး၊ ဥတ္တရသီရိမြို့နယ် ကိုးရွာသပြေကုန်းမှ လေ့လာရေးတောင်သူ ၂၅ ဦး စုစုပေါင်း တောင်သူ ၉၀ တို့နှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက် ဧက ၉၀၀ စိုက်ကွင်းရှိ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းများကို ပြသရှင်းလင်းသည်။

ရှေးဦးစွာ စက်စက်ယိုဆည်ရေသောက်စနစ်ရှိ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စိုက်ပျိုးထားသော အော်ဂဲနစ်သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်စိုက်ခင်းသို့ ရောက်ရှိပြီး ငရုတ်-ခရမ်း-ရုံးပတီ-ပဲတိုင်ထောင်-ဖရုံ-ဖရဲ-ဆလတ်စိုက်ခင်းများ စိမ်းစိုဖြစ်ထွန်းနေမှုများကို ရှင်းလင်းပြသသည်။

ထို့နောက် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ထိုင်ဝမ်မူရင်းမျိုးစပ်မျိုး သင်္ဘောစိုက်ခင်း၊ စပ်မျိုးဖရဲစိုက်ခင်းနှင့် ရွှေဖရုံသီးစိုက်ခင်း၊ ပျိုးဥယျာဉ်၌ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ပျိုးထောင်ထားရှိမှု၊ နိုင်ငံခြားဈေးကွက်သို့ မိတ်ဆက်တင်ပို့မည့် ရွှေဖရုံသီးနမူနာများ၊ ပိန်းဥနမူနာများ၊ ရွှေဝါနှင့် ကျောက်စိမ်းသခွားမွှေးစိုက်ခင်း၊ ခရမ်းချဉ်စိုက်ခင်းနှင့် ပေါင်းစနစ်ဖြင့် စိုက်ပျိုးထားသော မြေပဲစိုက်ခင်း၊ ကညွတ်စိုက်ခင်းများကို ကြည့်ရှုကြသည်။

ယင်းသို့ ကြည့်ရှုလေ့လာရာတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက တောင်သူလယ်သမားများအား အော်ဂဲနစ်စိုက်ပျိုးရေးနည်းပညာပေး ဆောင်ရွက်သွားမည့် အခြေအနေ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ မျိုးကောင်းမျိုးသန့် မျိုးစေ့များကို တောင်သူများလက်ဝယ် အရောက်ဖြန့်ဖြူးပေးပြီး ထွက်ရှိလာသည့် သီးနှံအမယ်များကို ဈေးနှုန်းကောင်းစွာဖြင့် ရောင်းချနိုင်ရေး၊ နိုင်ငံတကာဈေးကွက်များနှင့် ချိတ်ဆက်စီစဉ် ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဂျပန်နိုင်ငံမှ စိုက်ပျိုးရေးပညာရှင်က မြန်မာ့လယ်ယာထွက်ကုန်များ ဂျပန်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရေးဆိုင်ရာများ၊ ထိုင်းနိုင်ငံ Big-M ကုမ္ပဏီမှ စိုက်ပျိုးရေးပညာရှင်က မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးပြီး အာဆီယံနိုင်ငံများ အပါအဝင် နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမည့်အခြေအနေများ၊ ကိုရီးယားသမ္မတနိုင်ငံမှ စိုက်ပျိုးရေး စီးပွားပညာရှင်က မြန်မာ့လယ်ယာထွက်ကုန် အရည်အသွေးမြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ ကိုရီးယားနိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ရေးဆိုင်ရာများ၊ စင်ကာပူနိုင်ငံအခြေစိုက် Gold Fruit and Vegetable ကုမ္ပဏီမှ စိုက်ပျိုးရေးထွက်ကုန်ဈေးကွက် ဒါရိုက်တာက နိုင်ငံတကာဈေးကွက်သို့ သီးနှံအမယ်စုံ တန်ချိန်ပေါင်းများစွာ တင်ပို့နိုင်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စင်ကာပူဈေးကွက်သို့ မိတ်ဆက်တင်ပို့ရန် စမ်းသပ်စိုက်ပျိုးထားသော အော်ဂဲနစ်ဥကန်စွန်းစိုက်ခင်း၏ စိုက်ပျိုးဖြစ်ထွန်းမှု၊ ဂျပန်နှင့် ကိုရီးယားဈေးကွက်များသို့ မိတ်ဆက်တင်ပို့ရန် မျိုးသန့်မျိုးပွားစိုက်ပျိုးထားသော ပိန်းဥမျိုးကွဲအမျိုးမျိုး တောင်သူပညာပေး စိုက်ခင်းတို့ကိုလည်းကောင်း၊ ခေတ်မီအဆင့်မြင့် အအေးခန်းစက်ရုံ၊ ခေတ်မီအဆင့်မြင့် သစ်သီးဝလံ အအေးခန်းစက်ရုံနှင့် ခေတ်မီသန့်စင်ထုပ်ပိုးစက်ရုံ၊ တစ်နေ့လျှင် တန် ၇၀ ကျ ခေတ်မီအဆင့်မြင့် ဆာတာကေးဆန်စက်တို့ကိုလည်းကောင်း ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် တောင်သူလယ်သမားများ ကိုယ်တိုင်နားလည်သိရှိပြီး ကိုယ်တိုင်လိုက်ပါလုပ်ဆောင်နိုင်စေရန် တောင်သူပညာပေးစိုက်ကွင်းကြီးများ၊ တောင်သူနည်းပညာပေး စံပြစိုက်ကွင်းကြီးများ ထူထောင်၍ ပြသပေးလျက်ရှိကြောင်း။

သိပ္ပံနည်းကျ စိုက်နည်းစနစ်များဖြင့် မျိုးကောင်း မျိုးသန့် မျိုးစေ့များကို တောင်သူများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးနိုင်ရန်၊ မျိုးစေ့ထုတ်စက်မှုလုပ်ငန်း Seed Industry များ ပေါ်ထွန်းလာရန်အတွက်လည်း ပြည်တွင်း ပြည်ပမှ လုပ်ငန်းရှင်ကြီးများအား ရင်းနှီးမြှုပ်နှံနိုင်ရန် ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိကြောင်း။

ဈေးကွက်ခိုင်မာစွာရရှိပြီး ဈေးနှုန်းကောင်းကောင်းဖြင့် အရည်အသွေးမြင့်မားသော သီးနှံများကို စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချကာ အခြေခံစိုက်ပျိုးသူ တောင်သူလယ်သမားများ ဝင်ငွေနှစ်ဆတိုးတက်ပြီး လူနေမှုဘဝမြင့်မားရန် ဝန်ကြီးဌာနမှ ဆောင်ရွက်ပေးနေမှု အပေါ်တွင် တောင်သူလယ်သမားများ ကိုယ်တိုင်တိုးတက်အောင်မြင်လိုသော စိတ်ဆန္ဒပြင်းပြစွာဖြင့် လက်တွေ့ကျကျ ကြိုးစားဆောင်ရွက်သွားရန် လိုအပ်ကြောင်း တိုက်တွန်းမှာကြားခဲ့သည်။

**(သတင်းစဉ်)**

## လွယ်ဂျယ်မြို့တွင်းလမ်း အလှူရှင်တစ်ဦးက အကုန်အကျခံ၍ လှူဒါန်းပြုပြင်

**လွယ်ဂျယ် နိုဝင်ဘာ ၂၁**

ကချင်ပြည်နယ် လွယ်ဂျယ်မြို့နယ်ခွဲ၌ ချိုင့်ခွက်၊ တွင်းနက်များဖြင့် ပျက်စီးနေသော လေးဖာလုံခန့်အရှည်ရှိ မြို့တွင်းအဓိကလမ်းမကြီးကို အလှူရှင် ဦးမောင်မောင်သန်းက အကုန်အကျခံ၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းထွန်းနိုင်နှင့် ဝန်ထမ်းများ၊ နမ့်ခမ်းမြို့နယ် စာရေးဆရာအသင်းမှ စာရေးဆရာ ရင်ငြိမ်းပန်းနှင့်အဖွဲ့က နိုဝင်ဘာ ၁၃ ရက်က ပြုပြင်ခဲ့ကြသည်။

**ဝမ်းမြောက်ဝမ်းသာ**

ထိုလမ်းမကြီးတစ်လျှောက်တွင် တပ်ရင်းတပ်ဖွဲ့များ၊ ရုံးဌာနများ၊ စာသင်ကျောင်းများ၊ စစ်ဆေးရေးဂိတ်များတည်ရှိနေပြီး ချိုင့်ခွက်များ၊ တွင်းနက်များကြောင့် သွားလာရေး ခက်ခဲလျက်ရှိရာ အလှူရှင် ဦးမောင်မောင်သန်း မိသားစုက ကျောက်သဲများ အကုန်အကျခံဝယ်ယူပြီး စေတနာရှင်များ၏ လုပ်အားဒါနဖြင့် ကျောက်လမ်းခင်း၊ သဲဖို့၊ မြေညှိဆောင်ရွက်မှုကြောင့် ယခုအခါ လမ်းမကြီးမှာ ကောင်းမွန်သွားပြီး သွားရေးလာရေး အဆင်ပြေလျက်ရှိရာ ရပ်မိရပ်ဖများ၊ ခရီးသွားပြည်သူများနှင့် ကျောင်းသားကျောင်းသူများ ဝမ်းမြောက်ဝမ်းသာ ရှိနေကြကြောင်း သိရသည်။

“ဒီလမ်းက မိုးရာသီဆိုရင် သွားလာရတာ အတော်ဆိုးတယ်ဗျ။ ချိုင့်တွေ၊ ခွက်တွေ၊ ရွှံ့ဗွက်တွေနဲ့ လမ်းသွားလမ်းလာသူတွေ၊ ဆိုင်ကယ်တွေ၊ ကားတွေဆိုရင် ကွေ့ပတ်ရှောင်ကွင်းသွားနေရတယ်။ ရုံးတက်ရုံးဆင်း၊ ကျောင်းသွား ကျောင်းလာ အတော်ခက်တယ်၊ အခုလိုအလှူရှင်က အကုန်အကျခံပြီးပြုပြင်တော့မှ သွားလာရတာအဆင်ပြေတော့တယ်ဗျာ၊ ကျေးဇူးလည်းတင်ပါတယ်” ဟု လွယ်ဂျယ်မြို့ တွင်နေထိုင်သော ပြည်သူတစ်ဦးက ပြောပြသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**





MIZOGUCHI KEIKO

ပြည်တွင်းသတင်း

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၂၁**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် အာရှ-ပစိဖိတ်ဒေသ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးအဖွဲ့ (APG) ၏ အမှုဆောင်အတွင်းရေးမှူး Mr. Gordon Philip Hook ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် 1-G အဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ကော်မတီဥက္ကဋ္ဌ ဦးဇော်မြင့်ဖေ၊ ဒေါက်တာမြင့်ကြည်၊ ပါမောက္ခ ဒေါက်တာမြဦး၊ ဒေါ်နန်းနီနီအေးနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လူမှုအဖွဲ့အစည်းများ မဟာဗျူဟာစီမံချက်နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်း

**ရန်ကုန် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဟာဗျူဟာအစီအစဉ်ရေးဆွဲရေးကော်မတီနှင့် လူမှုအဖွဲ့အစည်း ၂၄ ဖွဲ့တို့သည် မဟာဗျူဟာစီမံချက်နှင့်စပ်လျဉ်း၍ယနေ့နံနက်ပိုင်းမှစပြီး ရန်ကုန်မြို့ရှိ အင်းလျားလိတ်ဟိုတယ်၌ ဆွေးနွေးညှိနှိုင်းကြသည်။

**ဆောင်ရွက်ပေး**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၃ ခုနှစ် ဇူလိုင်လမှစတင်၍ မဟာဗျူဟာအစီအစဉ်ရေးဆွဲခြင်းလုပ်ငန်းစဉ်ကို စတင်ခဲ့ပြီး နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့်ဆွေးနွေးပြီး ၂၀၁၄ ခုနှစ် အစောပိုင်းကာလတွင် ပြီးစီးအောင်ရေးဆွဲကာ ၂၀၁၅ ရွေးကောက်ပွဲအား လွတ်လပ်ပြီး တရားမျှတအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်ဦးစီးပြီး ကော်မရှင်၏ အကြီးတန်းဝန်ထမ်းများ ပါဝင်သည့် မဟာဗျူဟာအစီအစဉ်ရေးဆွဲချမှတ်ရေးကော်မတီကိုဖွဲ့စည်းခဲ့ပြီး ခြောက်လအတွင်း မဟာဗျူဟာ ငါးနှစ်အစီအစဉ်တစ်ခုပေါ်ထွက်လာရေး ရည်မှန်းချက်ထားရှိကာ ရွေးကောက်ပွဲစနစ်များဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဖောင်ဒေးရှင်း (International Foundation for Electoral Systems -IFES) ၏ ပူးပေါင်းကူညီပံ့ပိုးမှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဟာဗျူဟာအစီအစဉ်ရေးဆွဲရေးကော်မတီနှင့် လူမှုအဖွဲ့အစည်း ၂၄ ဖွဲ့တို့ မဟာဗျူဟာစီမံချက်နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ မဟာဗျူဟာအစီအစဉ်တွင် ပန်းတိုင်၊ တာဝန်နှင့် လမ်းညွှန်မူဝါဒများ၊ အသေးစိတ်ချမှတ်ထားသည့်မဟာဗျူဟာရည်မှန်းချက် ၁၂ ခုနှင့်အတူ ဌာနတစ်ခုချင်းစီအတွက် တိကျသည့် တာဝန်ဝတ္တရားများ၊ လုပ်ငန်းအစီအစဉ်များနှင့် ဘတ်ဂျက်များ ပါဝင်မည်ဖြစ်သည်။

ထို့အပြင် အဆိုပါအစီအစဉ်ကို အကောင်အထည်ဖော်မည့် ရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို စဉ်ဆက်မပြတ် စောင့်ကြည့်လေ့လာမည့်ကဏ္ဍတစ်ခုလည်း ပါဝင်မည်ဖြစ်သည်။

**အပြီးသတ်ရေးဆွဲသွား**

အဆိုပါ မဟာဗျူဟာမူကြမ်းကို ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများသည် မှတ်ချက်၊ အကြံဉာဏ်များ ရေးသားပေးပို့ထားသဖြင့် ယခုကဲ့သို့ တွေ့ဆုံဆွေးနွေးညှိနှိုင်းကြခြင်း ဖြစ်သည်။ တွေ့ဆုံညှိနှိုင်းရာမှ အကြံပြုဆွေးနွေးချက်များကို ကော်မရှင်က ပြန်လည်သုံးသပ်စုစည်းပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီလမတိုင်ခင် အချိန်မီ မဟာဗျူဟာစီမံချက်တစ်ခု အပြီးသတ်ရေးဆွဲသွားမည်ဖြစ်သည်။

**ဆောင်ရွက်သွားမည်**

ဆွေးနွေးပွဲတွင် လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးက မဲစာရင်းများကို စနစ်ကျစေရန် လူမှုအဖွဲ့အစည်းများက ပူးပေါင်းပါဝင် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သို့မှသာ ၂၀၁၅ ရွေးကောက်ပွဲသည် စနစ်ကျသည့် ရွေးကောက်ပွဲဖြစ်မည်ဖြစ်ကြောင်း၊ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲအားနည်းချက်များကို သင်ခန်းစာယူ၍ ကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲစာရင်းအတိအကျရစေရန် ကော်မရှင်ဝန်ထမ်းများကလည်း ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ကော်မရှင်အနေဖြင့်လည်း ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မသန်စွမ်းသူများမဲပေးရာတွင် အဆင်ပြေစေရေးအတွက်လည်း စဉ်းစားထားကြောင်း၊ တိုင်းရင်းသားများအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် လူဦးရေအပေါ် မူတည်၍ ကိုယ်စားလှယ်သတ်မှတ်ရေးနှင့် မဲပေးခွင့်ရှိရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၁၅ ရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတပြီး ဘက်လိုက်မှုမရှိဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက စိတ်ကျန်းမာရေးဆေးရုံ အုပ်ကြီး ဒေါက်တာကျော်စိုးထံ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



# ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေးနှင့်အမျိုးသမီးရေးရာအဖွဲ့တို့က စိတ်ကျန်းမာရေးဆေးရုံသို့ အာဟာရဒါနလှူဒါန်းပွဲအခမ်းအနား

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က စိတ်ကျန်းမာရေးဆေးရုံရှိ ဝေဒနာရှင်များအတွက် လိုအပ်သောအသုံးအဆောင်ပစ္စည်းများနှင့် အာဟာရဒါနလှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ရွာသာကြီးရှိ စိတ်ကျန်းမာရေးဆေးရုံကြီး၌ ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စိုးက ဆေးရုံ၏ သမိုင်းကြောင်း၊ လက်ရှိလိုအပ်ချက်များနှင့် လုပ်ဆောင်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သက်သက်ဆွေက လှူဒါန်းရသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အလှူငွေများ ပေးအပ်သည်။

ယင်းနောက် ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

*** ရှေ့ဖုံးမှ**

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားပြီးနောက် ၃၆ နာရီအတွင်း အိန္ဒိယနိုင်ငံ မာချီလီပတ္တနမ်မြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်မည်ဟု ခန့်မှန်းရပါသည်။

**တိုက်ခတ်နိုင်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း၏ လက်ရှိအခြေအနေမှာ အဝါရောင်အဆင့်သာရှိပြီး မြန်မာနိုင်ငံသို့ ဦးတည်ရွေ့လျားမည့်အခြေအနေ မရှိဟု သတ်မှတ်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် မုန်တိုင်းအန္တရာယ်ရှောင်ရှားရန်လိုအပ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(မိုး/ဇလ)**

## မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။**

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးဆက်လက် ထစ်ချုန်းရွာမည်။**



နိုင်ငံတကာသတင်း

# အိန္ဒိယနိုင်ငံသို့ ဟယ်လင်း ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်မည်ဟု မိုးလေဝသဌာနသခန့်မှန်းထား

*နယူးဒေလီ နိုဝင်ဘာ ၂၁*

*အိန္ဒိယနိုင်ငံ အရှေ့ဘက်ကမ်းရိုးတန်း ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်လျက်ရှိသော ဟယ်လင်း ဆိုင်ကလုန်းမုန်တိုင်းသည် အိန္ဒိယနိုင်ငံအန်ဒရာပရာဒက်ရှ်ရှိ ပြည်နယ်တောင်ပိုင်းကမ်းရိုးတန်းသို့ နိုဝင်ဘာ ၂၂ရက်တွင် ဝင်ရောက်မည်ဟုခန့်မှန်းထားကြောင်း နိုဝင်ဘာ ၂၁ရက်ဘီဘီစီသတင်းတွင်ရေးသားထားသည်။*

*ထောင်ပေါင်းများစွာသော ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း အာဏာပိုင်များက ပြောကြားထားသည်။*

*အိန္ဒိယနိုင်ငံ မိုးလေဝသဌာနက အဆိုပါ ဆိုင်ကလုန်းမုန်တိုင်းသည် Nelloreနှင့် Machillipatnam ကြားကမ်းရိုးတန်းဒေသကို နိုဝင်ဘာ ၂၂ ရက်နေ့ခင်းတွင် ဖြတ်သွားလိမ့်မည်ဟုဆိုသည်။ အန်ဒရာပရာဒက်ရှ်ပြည်နယ် တောင်ပိုင်းနှင့် Tamil Nadu မြောက်ပိုင်းဒေသများအား မုန်တိုင်းဝင်ရောက်ဖွယ်ရှိသဖြင့် အဆိုပါဒေသနေပြည်သူများအား မိုးလေဝသဌာနက သတိပေးချက်များ ထုတ်ပြန်ထားသည်။ အန်ဒရာပရာဒက်ရှ်ပြည်နယ်ကမ်းရိုးတန်းအချို့နေရာများမိုးသည်းထန်စွာ ရွာသွန်းလိမ့်မည်ဟုဆိုပြီး မိုးရေချိန် ပမာဏ ၂၅ စင်တီမီတာနှင့်အထက် ရွာသွန်းနိုင်သည်ဟုသိရသည်။ **(ဆင်ဟွာ)***



# ၂၀၁၄ အကုန်အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက်ထားရှိရေးမူကြမ်း အမေရိကန်နှင့် အာဖဂန် နှစ်နိုင်ငံသဘောတူညီမှုရရှိ

**နယူးယောက် နိုဝင်ဘာ ၂၁**

အမေရိကန်နိုင်ငံက အာဖဂန်တာဝန်ရှိသူများနှင့်အတူ နှစ်နိုင်ငံလုံခြုံရေးသဘောတူစာချုပ်မူကြမ်းကို သဘောတူလိုက်ပြီ ဖြစ်ကြောင်း အမေရိကန်က ပြောသည်။

အဆိုပါ သဘောတူစာချုပ်သည် နိုဝင်ဘာ ၂၁ ရက်က လိုရာဂျာဂါဟုလူသိများသောအစည်းအဝေး၌တက်ရောက်လာသည့် ကိုယ်စားလှယ်များက ဆွေးနွေးကြပြီး ၂၀၁၄ ခုနှစ်နောက်ပိုင်း အမေရိကန်တပ်ဖွဲ့ဝင်အချို့ ဆက်လက်ထားရှိရေးအတွက် လမ်းခင်းပေးလိုက်ခြင်းဖြစ်သည်။

အာဖဂန်တရားရုံးများမှ ၂၀၁၄ ကင်းလွတ်ခွင့်ပြုခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်၌ ဆက်လက်ထားရှိနိုင်မည့် မူကြမ်းကို နိုဝင်ဘာ ၂၀ရက် နှောင်းပိုင်းတွင် အာဖဂန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်လိုက်သည်။

အမေရိကန် တပ်ဖွဲ့ဝင်များ အနေဖြင့် ဆက်လက်နေထိုင်ခွင့် သဘောတူညီမှုမရလျှင် ၎င်း၏ တပ်ဖွဲ့ဝင်အားလုံး ရုပ်သိမ်းမည်ဖြစ်ကြောင်း အမေရိကန်က ပြောသည်။

"ကျွန်တော်တို့အနေနဲ့ မနက်ဖြန် လိုယာဂျာဂါမတိုင်မီ နှစ်နိုင်ငံလုံခြုံရေးဆွေးနွေးမှုမှသဘောတူညီချက်တစ်ရပ် ရရှိလိုပါတယ်" ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောသည်။ **(အပေါ်ပုံ)** ၁၂ နှစ်တာစစ်ပွဲကာလအတွင်း အမေရိကန်တို့၏မှားယွင်းသော လုပ်ရပ်များအပေါ် အာဖဂန်က တောင်းပန်ရန် ပြောဆိုလိုက်သည့် သတင်းများနှင့်ပတ်သက်၍ မစ္စတာကယ်ရီက ငြင်းဆိုလိုက်သည်။ "ကျွန်တော့်ကို ရှင်းလင်းခွင့်ပေးပါ။ သမ္မတကာဇိုင်းက တောင်းပန်ဖို့ရာ မပြောပါဘူး။ ကျွန်တော်တို့ဆွေးနွေးတဲ့ထဲမှာတောင်းပန်တဲ့စကား မပါပါဘူး"ဟု ၎င်းကပြောသည်။ **(ဘီဘီစီ)**

# ကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှု အနည်းဆုံးပါကစ္စတန်ငါးဦးသေဆုံး

**ပက်တွန်ကွာ နိုဝင်ဘာ ၂၁**

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပတ်တွန်ကွာ ပြည်နယ်၌ အမေရိကန်တို့၏ မောင်းသူမဲ့လေယာဉ်ဖြင့်တိုက်ခိုက်မှုကြောင့် အနည်းဆုံး လူငါးဦးသေဆုံးသွားသည်။

ယင်းတိုက်ခိုက်မှုသည် တိုက်ခိုက် မှုအများဆုံးပြုလုပ်နေသော လူမျိုးစုဒေသအပြင်ဘက်၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

**တိုက်ခိုက်ခံရ**

အဆိုပါတိုက်ခိုက်မှုမှာ ပါကစ္စတန်တာလီဘန်ခေါင်းဆောင် ဟာကီမူလာမီဆွပ် မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခံရပြီး သုံးပတ်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူ စစ်သွေးကြွနှစ်ဦးမှာ ဟာမစ်ဒူလာနှင့် အာမက်ဂျန်တို့ဖြစ်ကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

**(ဘီဘီစီ)**

# အီဂျစ်တပ်ဖွဲ့ဝင်များအား ဗုံးခွဲတိုက်ခိုက် အနည်းဆုံး ၁၀ဦးသေဆုံး၊ ၂၆ ဦး ဒဏ်ရာရ

**ဆိုင်းနိုင်း နိုဝင်ဘာ ၂၁**

ဆိုင်းနိုင်းမြောက်ပိုင်း အီးလ်အာရစ်မြို့အနီး ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အနည်းဆုံးအီဂျစ်တပ်ဖွဲ့ဝင် ၁၀ ဦး သေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားကြောင်း နိုဝင်ဘာ ၂၀ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

ခါရိုဘာဒေသသို့ထွက်ခွာလာသော အီဂျစ်တပ်ဖွဲ့ဝင်များယာဉ်တန်းသည် လမ်းဘေးထောင်ဗုံးတစ်လုံးဖြင့် တိုက်ခိုက်ခံရကြောင်း အယ်လ်ဗာဆရီအယ်လ်ယွန်းသတင်းစာကဖော်ပြသည်။ ယင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာဖွယ်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

အဆိုပါတိုက်ခိုက်မှုမှာ အစ္စလမ္မစ်သမ္မတမိုဟာမက်မော်စီအား ဇူလိုင်လကဖြုတ်ချခဲ့ပြီးနောက် စစ်တပ်ကို အဓိကထားတိုက်ခိုက်သည့် တိုက်ခိုက်မှုကြီးဖြစ်သည်။ လုံခြုံရေးတပ်များက မကြာသေးမီကာလက ဆိုင်းနိုင်းကျွန်းဆွယ်၌ အစ္စလမ္မစ်စစ်သွေးကြွများအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် ရာဖာမှ အီးလ်အာရစ်သို့ သွားရာလမ်းပေါ်၌ တိုက်ခိုက်ခံရပြီး အီဂျစ်တပ်ဖွဲ့ဝင် ၂၆ ဦး ဒဏ်ရာရရှိသွားသည်။ **(ဘီဘီစီ)**

# အိန္ဒိယ၌ လေယာဉ်သန့်စင်ခန်းတစ်ခုအတွင်း ရွှေချောင်း ၂၄ ချောင်း တွေ့ရှိခဲ့ဟုဆို

**နယူးဒေလီ နိုဝင်ဘာ ၂၁**

အိန္ဒိယနိုင်ငံအရှေ့ပိုင်း လေယာဉ်တစ်စင်း၏ သန့်စင်ခန်း၌ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁ သန်းတန်ဖိုးရှိ ရွှေချောင်း ၂၄ ချောင်းတွေ့ရှိခဲ့ကြောင်း လေဆိပ်တာဝန်ရှိသူကပြောသည်။ **(ယာပုံ)**



သန့်ရှင်းရေးအဖွဲ့က ကိုလ်ကတ္တားလေဆိပ်၌ ဂျက်လေယာဉ်တစ်စင်းပေါ်မှ အိတ်နှစ်လုံးကိုတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ၎င်းတာဝန်ရှိသူများက ပြောသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာတွင် ရွှေသုံးစွဲမှုနှင့် ရွှေတင်သွင်းမှုအများဆုံးနိုင်ငံဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ မကြာမီက လက်ဝတ်ရတနာပစ္စည်းများ တင်သွင်းခွင့်အခွန်နှုန်းထားကို ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ မြှင့်တင်လိုက်သည်။ အစိုးရက ဝယ်လိုအားကို ထိန်းချုပ်ရန်အတွက် ယခုနှစ်အတွင်း ရွှေလက်ဝတ်ရတနာပစ္စည်းတင်သွင်းမှုအပေါ် တတိယအကြိမ် အခွန်နှုန်းထားမြှင့်တင်လိုက်ခြင်းဖြစ်သည်။

တစ်ကီလိုဂရမ်ရှိ ရွှေချောင်းများ တင်ဆောင်လာသော အဆိုပါလေယာဉ်သည် နိုဝင်ဘာ ၁၉ ရက်က ဗန်ကောက်မှ ပျံသန်းလာခြင်းဖြစ်ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဖော်ပြသည်။ **(ဘီဘီစီ)**

# ပါကစ္စတန်ကွတ်တာမြို့၌ ဗုံးခွဲတိုက်ခိုက်

**ကွတ်တာ နိုဝင်ဘာ ၂၁**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလူချီစတန်ပြည်နယ်၌ ဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် သုံးဦးသေဆုံးပြီး လူနှစ်ဒါဇင်ကျော်ဒဏ်ရာရရှိသွားကြောင်း ပရက်စ်တီဗွီ သတင်းတွင် ဖော်ပြသည်။

အဆိုပါ တိုက်ခိုက်မှုသည် ပြည်နယ်မြို့တော်ကွတ်တာရှိ စစ်ဆေးရေးဂိတ်အနီး စက်ဘီးပေါ်တွင် ဗုံးတင်၍အဝေးထိန်းစနစ်ဖြင့် နိုဝင်ဘာ ၂၁ ရက်က ဖောက်ခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းဗုံးထောင်တိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် သုံးဦးသေဆုံးခဲ့ပြီး ၂၅ ဦးဒဏ်ရာရရှိကြောင်း ထိပ်တန်းရဲအရာရှိ ဆာမီလာဆိုရိုက ပြောသည်။

ယင်းဗုံးခွဲ တိုက်ခိုက်မှုသည် မည်သူမည်ဝါ၏လက်ချက်ဖြစ်သည်ကို ချက်ချင်းမသိရသေးဟုဆိုသည်။



တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသွားသည့် ရဲတပ်ဖွဲ့ဝင်ရှစ်ဦးမှာ စိုးရိမ်ရသည့်အနေအထားရှိသည်။

နိုဝင်ဘာ ၂၀ ရက်က ကွတ်တာမြို့၌ ဗုံးများ ဆက်တိုက်ပေါက်ကွဲခဲ့ရာ နှစ်ဦးသေဆုံးပြီး အများအပြားဒဏ်ရာရရှိသွားသည်။

ယင်းမြို့သည် လွန်ခဲ့သောလများက အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်မှုများ မကြာခဏဖြစ်ပွားလျက်ရှိသည်။ စစ်သွေးကြွများတိုက်ခိုက်မှုကြောင့် ယခုနှစ်အတွင်း ယင်းမြို့၌ လူရာနှင့်ချီ၍သေဆုံးခဲ့ပြီဖြစ်သည်။

**ပရက်စ်တီဗွီ**

# ဂျပန်နိုင်ငံရှိကျွန်းတစ်ခုအနီး မီးတောင်ပေါက်ကွဲမှုဖြစ် ယာဉ်အသွားအလာဂရုပြုရန် သတိပေးထား

**တိုကျို နိုဝင်ဘာ ၂၁**

တိုကျိုမြို့တောင်ဘက် ကီလိုမီတာ ၁၀၀၀ ခန့်အကွာအဝေးရှိ Ogasawara ကျွန်းတစ်ကျွန်းအနီး မီးတောင်ပေါက်ကွဲမှုဖြစ်ပွားသည်ဟု အတည်ပြုအပြီး ပစိဖိတ်ဒေသအတွင်း ယာဉ်သွားလာမှုသတိပြုကြရန် ဂျပန်နိုင်ငံ မိုးလေဝသအေဂျင်စီက သတိပေးထားသည်ဟု အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြထားသည်။

Nishinoshima ကျွန်း အရှေ့တောင်ဘက်မီတာ ၅၀၀ ခန့်အကွာ ကျွန်းသစ်တစ်ခုမှ မီးခိုးမည်းများ ထိုးထွက်လာသည်ဟု ဂျပန်ကမ်းခြေစောင့် တပ်ဖွဲ့က နိုဝင်ဘာ ၂၀ ရက်က အတည်ပြုခဲ့သည်ဟုအေဂျင်စီက ဆိုသည်။

အဆိုပါကျွန်းမှ မီးခိုးမည်းနှင့် မီးခိုးဖြူများသည် မီတာ ၆၀၀ နီးနီး မြင့်တက်လာနေပုံကို ဓာတ်ပုံတွင် တွေ့ရသည်။ အေဂျင်စီက ကောင်းကင်တွင် မီးခိုးဖြူများထုလိုက် ထည်လိုက်တွေ့ရှိမှုပေါက်ကွဲမှုများကြောင့် ဖြစ်မည်ဟု ခန့်မှန်းရကြောင်း ဆိုသည်။

**သတိပေးထား**

တာဝန်ရှိသူများက အဆိုပါဧရိယာအတွင်း ယာဉ်သွားလာမှုရှောင်ရှားရန်နှင့် ဘေးလွတ်ရာမှသို့ ပျံသန်းကြရန် သတိပေးထားသည်။

Nishinoshima ကျွန်းသည် မီးတောင်သက်ဝင်လှုပ်ရှားမှုမှတစ်ဆင့်ဖြစ်လာသော ကျွန်းသစ်တစ်ခုနှင့် ဆက်မိချိန် ၁၉၇၃ မှ ၁၉၇၄ ကြားကာလတွင် အရွယ်အစားကြီးမားလာခဲ့သည်။

**(အင်န်အိတ်ချ်ကေ)**

# တမူးခရိုင် မြို့သစ်မြို့နယ်ခွဲ အောင်ဇေယျကျေးရွာ၌ ပေါက်ကွဲမှုနှစ်မှုဖြစ်ပွား

**တမူး နိုဝင်ဘာ ၂၁**

နိုဝင်ဘာ ၂၁ ရက် နံနက် ၁ နာရီ ၅ မိနစ်ခန့်တွင် တမူးခရိုင် မြို့သစ်မြို့နယ်ခွဲ အောင်ဇေယျကျေးရွာ ဒေါ်ဝင်းတင်(၄၂ နှစ်) ၏ သွပ်မိုး ပျဉ်ကာနေအိမ်နှင့်တွဲလျက် သွပ်မိုး အဖီဆွဲ ဈေးဆိုင်နှင့် ၎င်းအိမ်၏ မျက်နှာချင်းဆိုင် တမူး-စေတီသွားကားလမ်းရှေ့ရှိ ဒေါ်ဝင်းတင်၏ မိခင်ဖြစ်သူ ဒေါ်ပု (၇၅ နှစ်)၏ သွပ်မိုး၊ ပျဉ်ကာ နေအိမ် ပေါ်တက်ရန် ပျဉ်ခင်းထားသည့် နေရာတို့တွင် ပေါက်ကွဲမှုတစ်ခုစီ ဖြစ်ပွားခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် ဒေါ်ဝင်းတင်၏ ဈေးဆိုင်ရှိ စားပွဲဝိုင်းတစ်လုံး၊ ဖိုက်ဘာခုံငါးလုံး၊ နေအိမ်ပြတင်းပေါက်မှန်ရှစ်ချပ်၊ ဈေးဆိုင်အမိုးသွပ်ပြားတစ်ချပ်နှင့် ဒေါ်ပု၏ နေအိမ်ပေါ်တက်ရန် ခင်းထားသည့် ပျဉ်ချပ်များ အနည်းငယ်ပျက်စီးခဲ့ပြီး လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိခဲ့ကြောင်း သိရသည်။



ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် ဒေါ်ဝင်းတင်နေအိမ်မှ ပြတင်းပေါက်မှန်များ ပျက်စီးနေသည်ကို တွေ့ရစဉ်။



ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့် ဒေါ်ပုနေအိမ်မှ အိမ်အတက်အဆင်းလှေကား ပျက်စီးနေသည်ကို တွေ့ရစဉ်။

**စုံစမ်းသိရ**

ပေါက်ကွဲမှုနှစ်ခုမှာ အမည်မသိ လက်နက်ကိုင် သုံးလေးဦးခန့်က လက်ပစ်ဗုံးတစ်လုံးစီဖြင့် ပစ်ပေါက်ခဲ့သောကြောင့် ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်ပြီး ဒေါ်ဝင်းတင်၏ နေအိမ်တောင်ဘက်လမ်းမှ အနောက်ဘက်သို့ ထွက်ပြေးသွားကြောင်း စုံစမ်းသိရှိရ၍ ၎င်းတို့ထွက်ခွာသွားသည့် နောက်သို့ နယ်မြေခံတပ်ရင်းမှ လုံခြုံရေးတပ်ဖွဲ့နှင့် အောင်ဇေယျရဲကင်းမှ အဖွဲ့ ပူးပေါင်း၍ လိုက်လံရှင်းလင်းခဲ့ရာ ပေါက်ကွဲမှုဖြစ်သည့် နေရာပတ်ဝန်းကျင်တွင် အိမ်ရိုက်သံနှင့် အခြားသံတိုသံစများသာ ရှာဖွေစိစစ်တွေ့ရှိရသဖြင့် တစ်ဖက်နိုင်ငံကူကီးသောင်းကျန်းသူများ အသုံးပြုလေ့ရှိသော လက်လုပ်မိုင်း ဖြစ်နိုင်ကြောင်း သက်ဆိုင်ရာမှ စိစစ်တွေ့ရှိရသည်။

အခင်းဖြစ်နေရာ အောင်ဇေယျကျေးရွာသို့ တမူးခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဦးစီးအဖွဲ့နှင့် နယ်မြေခံတပ်ရင်းမှအဖွဲ့တို့ သွားရောက်စစ်ဆေးခဲ့ကြကြောင်း သိရသည်။ **(၁၅၈)**

# မူဆယ်မြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မြန်မာ-တရုတ်နှစ်နိုင်ငံ သတင်းဖလှယ်ရေးအစီအစဉ်အရ တရုတ်နိုင်ငံမှ မူးယစ်ဆေးဝါး မသင်္ကာသူ မြန်မာနိုင်ငံသားများဖြစ်သည့် ဘေတာ၊ ဝဏ္ဏ၊ အောင်အောင်၊ မြင့်သူ၊ မြင့်အောင်နှင့်ကေသီခိုင်တို့ ခြောက်ဦးအား စစ်ဆေးဖော်ထုတ်ချက်အရ ကေသီခိုင်၏ အိပ်ခန်းသော့ကို မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးအမှုဖြင့် ထိန်းသိမ်းထားသည့် ဖြိုးဝေလင်း၊ သန်းထွဋ်အောင်၊ ဘိုဘိုအောင်နှင့် နှင်းနှင်းရီတို့ လေးဦးအနက် ဖြိုးဝေလင်းထံတွင်ရှိကြောင်းသိရှိရသဖြင့် အမှတ်(၂၂) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(မူဆယ်)မှ တပ်ဖွဲ့ဝင်များသည် ကေသီခိုင် ငှားရမ်းနေထိုင်သည့် မူဆယ်မြို့ ဟိုမွန်ရပ်ကွက်ရှိ အခန်းကို နိုဝင်ဘာ ၁၉ ရက် ည ၈နာရီခွဲတွင် ဝင်ရောက်ရှာဖွေခဲ့ကြောင်း၊ ထိုသို့ရှာဖွေခဲ့ရာ နေအိမ်အတွင်းရှိ Xin Xing စီးကရက်ဂျပ်ဖာပုံးများအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅ သိန်းကို သိမ်း ဆည်းရမိခဲ့သောကြောင့် ပုသိမ်မြို့ အမှတ်(၅) ရပ်ကွက်နေ ဖြိုးဝေလင်း(၂၇ နှစ်)၊ ရန်ကုန်မြို့နေ ဘိုဘိုအောင်(၂၁ နှစ်)၊ သန်းထွဋ်အောင် (၂၀ နှစ်)၊ ကျော်သက်ဦး (ခ)ဘေတာ(၃၂ နှစ်)၊ တောင်ကြီးမြို့ တောင်ညီရပ်ကွက်နေ ကေသီခိုင် (၃၄ နှစ်)နှင့် မန္တလေးမြို့ မဟာမြိုင်အပိုင်း(၁) ၇၄ လမ်း၊ (၃၆× ၃၇) လမ်းကြားနေ မြင့်အောင် (၅၅ နှစ်)တို့ ခြောက်ဦးကို မူဆယ်မြို့မ ရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(အောက်ပုံ) (ရဲပြန်ကြား)**



# ရန်ကုန်-မော်လမြိုင်လမ်းတွင် ၁၂ ဘီးကား ရေအိုင်ထဲထိုးကျ



**ပဲခူး နိုဝင်ဘာ ၂၁**

နိုဝင်ဘာ ၂၁ ရက် နံနက် ၄ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ဝေါမြို့၏အရှေ့မြောက်ဘက် ရန်ကုန်-မော်လမြိုင်ကားလမ်းမိုင်တိုင် အမှတ်(၇၈)အနီး တံတားအမှတ် (၁/၇၉) ခြောက်ပေတံတားအရောက်၌ ရန်ကုန်မြို့မှ ဘားအံသို့အိမ်ဆောက်ပစ္စည်းများတင်ဆောင်လာသည့် ၁၂ ဘီးကားယာဉ်အမှတ် ၂ခ/--- သည် တံတား၏ဝဲဘက်အုတ်ခုံကိုတိုက်မိပြီး ဝဲဘက်တံတားအောက်ရေအိုင်ထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့သည်။ **(ဝဲပုံ)** ယာဉ်မောင်းဦးရဲဝင်း(၃၈နှစ်) ပခုက္ကူမြို့နေသူနှင့်ယာဉ်နောက်လိုက် အောင်ကိုဦး ကျုံပျော်မြို့နေသူတို့နှစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ အဆိုပါအမှုကို ဝေါမြို့မရဲစခန်းက အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးလျက်ရှိပြီး ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ဝ၂၃)**

## သန်းခေါင်စာရင်း ကောက်ယူရေး ရှင်းလင်းဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်တွင် ခရိုင်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်ဦးစီး၍ ခရိုင်အုပ်ချုပ်ရေးမှူးအစည်းအဝေးခန်းမ၌ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာများအား အောက်တိုဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက ရှင်းလင်းဟောပြောသည်။ အဆိုပါဟောပြောပွဲသို့ ခရိုင်သန်းခေါင်စာရင်းကော်မတီဝင်များ ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာများ တက်ရောက်ကြသည်။ **(လဝက)**

ပြည်တွင်းသတင်း

# မူးယစ်ဆေးဝါးချက်လုပ်သောစခန်းပုန်းအား လက်နက်ခဲယမ်းများနှင့်အတူ ဖော်ထုတ်သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ကွတ်ခိုင်မြို့နယ် မုံးစီးဒေသအတွင်း နယ်မြေခံပြည်သူများ၏ သတင်းပေးချက်အရ နိုဝင်ဘာ ၁၉ ရက်မှစတင်၍ နယ်မြေခံတပ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဌာနမှ ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် နယ်မြေရှင်းလင်းခြင်း ဆောင်ရွက်စဉ် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် မုံးစီးကျေးရွာ အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာတွင် အဖွဲ့(စိစစ်ဆဲ)၊ အင်အား ၁၀ ဦးခန့်နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပြီး ၎င်းအဖွဲ့များသည် နေရာအသီးသီးသို့ ဖြန့်ခွဲဆုတ်ခွာသွားခဲ့ကြောင်း သိရသည်။



ဆက်လက်၍ မုံးစီးကျေးရွာအရှေ့ဘက် သုံးမိုင်ခန့်အကွာသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်ရွက်ခဲ့ရာ ညနေ ၆ နာရီခန့်တွင် ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးချက်လုပ်သည်ဟု ယူဆရသော စခန်းပုန်းတစ်ခုအား တွေ့ရှိသဖြင့် ရှင်းလင်းကြောင်း၊ ထိုသို့ရှင်းလင်းစဉ် လူ ၁၁ ဦးကို အရှင်ဖမ်းဆီးရမိခဲ့ပြီး ပတ်ဝန်းကျင်ကို အသေးစိတ်ရှင်းလင်းခဲ့ရာ နှစ်ထပ်တိုက်အဆောက်အအုံတစ်လုံး၊ တစ်ထပ်တိုက်အဆောက်အအုံတစ်လုံး၊ သွပ်မိုးထရံကာ လူနေအဆောက်အအုံတစ်လုံး၊ သွပ်မိုး ထမင်းချက်ဆောင်တစ်လုံးနှင့် လူနေတန်းလျားယာယီအဆောက်အအုံတစ်လုံးတို့ကို တွေ့ရှိကာ အဆောက်အအုံများအတွင်းမှ လက်နက်ငယ်မျိုးစုံ ၂၂ လက်၊ ခဲယမ်းမျိုးစုံ ၈၉၇ တောင့်၊ လက်ပစ်ဗုံး ၁၃ လုံး၊ ဗုံးသီးနှစ်လုံး၊ ကျည်အိမ်မျိုးစုံ ၁၉ ခု၊ ညကြည့်မှန်ပြောင်းတစ်ခု၊ အသံတိတ်ကိရိယာတစ်ခု၊ စနိုက်ပါမှန်ပြောင်းတစ်ခု၊ မူးယစ်ဆေးဝါးများဖြစ်သည့် ဘိန်းဖြူ ၆ ဒသမ ၃ ကီလိုဂရမ်၊ ဘိန်းညို ၁၂ ဒသမ ၇ ကီလိုဂရမ်၊ ဘိန်းစိမ်း ၀ ဒသမ ၈ ကီလိုဂရမ်၊ ဘိန်းဆီခဲ ၃ ဒသမ ၁ ကီလိုဂရမ်၊ ဆေးပြားရိုက်ရန်ဖော်စပ်ထားသော အညိုရောင်အမှုန့် ၄ ဒသမ ၅ ကီလိုဂရမ်၊ စိတ်ကြွဆေးပြား ၇၂၀၀၊ မူးယစ်ဆေးဝါးချက်လုပ်ရာတွင်အသုံးပြုသည့် ပစ္စည်းများ **(အပေါ်ပုံ)** နှင့် ယာဉ်ငယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း၊ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများ၏ စုစုပေါင်းတန်ဖိုးမှာ ၂၇၇ ဒသမ ၁ သန်းခန့်ဖြစ်ကြောင်းနှင့် ဖမ်းဆီးရမိသူများနှင့်ပတ်သက်၍ ဆက်လက်ဖော်ထုတ်စစ်ဆေးလျက်ရှိကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(မြဝတီ)**



### ❍ ကျောဖုံးမှ

အစီအစဉ်နဲ့ဆောင်ရွက်နေတဲ့ WIN ROCK INTERNATIONAL အဖွဲ့နဲ့ အမေရိကန် SOY BEAN EXPORT Council အဖွဲ့တို့က ကူညီဆောင်ရွက်ပေးနေတာပါ။ မြန်မာနိုင်ငံမှာ အရင်ကတည်းက တီလားပီးယား မျိုးစိတ်တွေကို အထိုက်အလျောက်မွေးမြူအောင်မြင်ခဲ့တယ်။ ဒါပေမယ့် ပြည်ပပို့ကုန်အဖြစ် စီးပွားဖြစ်တင်ပို့နိုင်ခဲ့ခြင်းမရှိဘူး။ အခုကတော့ ပြည်ပတန်းဝင် ထိုင်းမျိုးစိတ်တွေ ဝင်လာပြီဆိုတော့ ဘာပဲဖြစ်ဖြစ် မကြာမီ အနောက်ဥရောပနိုင်ငံတွေကို စီးပွားဖြစ်ပို့ကုန်အဖြစ် တင်ပို့နိုင်တော့မှာဖြစ်ပါတယ်”ဟု ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ဆက်လက်ရှင်းပြသည်။

ယခုမြန်မာနိုင်ငံသို့ရောက်ရှိလာသော ကမ္ဘာ့တန်းဝင် တီလားပီးယားမျိုးစိတ်များသည် အီဂျစ်နိုင်ငံတီလားပီးယားမျိုးနှင့် အမေရိကန်တီလားပီးယားမျိုးတို့ကို ထိုင်းနိုင်ငံတွင် မျိုးစပ်မြှင့်သားဖောက်ထားခြင်းဖြစ်ပြီး မိုနိုဆက်ဖ်ပြုလုပ်ထားသော ငါးမျိုးစိတ်များဖြစ်သည်။ ၎င်းငါးမျိုးစိတ်များသည် ထိုင်းနိုင်ငံတွင် အနောက်ဥရောပနိုင်ငံများနှင့် အမေရိကန်ဈေးကွက်သို့ ကမ္ဘာ့တန်းဝင် စီးပွားဖြစ်တင်ပို့နေကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# ဖူးမြော်ပူဇော်ကြည်ညိုကြ သံဝေဇနီယမြတ်ဌာန

**ချိုဇင်အောင်**

အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံရှိ မြတ်စွာဘုရားရှင်၏ သံဝေဇနီယလေးဌာနသို့ သွားရောက်ဖူးမြော်ကြည်ညိုလိုသော စိတ်ဆန္ဒသည် ဗုဒ္ဓဘာသာဝင်များ၏ စိတ်နှလုံးထဲတွင် ပြင်းပြင်းပြပြတည်ရှိနေပေသည်။ သံဝေဇနီယလေးဌာနဖြစ်သည့် မြတ်စွာဘုရားရှင်ဖွားတော်မူရာ၊ မြတ်စွာဘုရားရှင်ပွင့်တော်မူရာ၊ မြတ်စွာဘုရားရှင် ဓမ္မစကြာတရားဦးဟောတော်မူရာနှင့် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူရာနေရာများတွင် မြတ်စွာဘုရား ပွင့်တော်မူရာဒေသ၊ ဖြစ်သည့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟနေရာများသို့ သွားရောက်ဖူးမြော်သူ များပြားသော်လည်း ကျန်သုံးဌာနဖြစ်သည့် ဖွားတော်မူရာဒေသ၊ တရားဦးဟောကြားတော်မူရာဒေသနှင့် ပရိနိဗ္ဗာန်စံတော်မူရာဒေသများသို့ သွားရောက်ဖူးမြော်သူ နည်းပါးလှပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုနေရာများသည် ခရီးလမ်းကွာဝေးခြင်း၊ သွားလာရန်ခက်ခဲခြင်းနှင့် အိန္ဒိယနိုင်ငံအတွင်းသာမက ဖွားတော်မူရာ လုမ္ဗိနီဒေသသည် အိန္ဒိယနိုင်ငံနှင့်နယ်နိမိတ်ချင်းထိစပ်နေသည့် နီပေါနိုင်ငံအတွင်းတွင် တည်ရှိနေခြင်းတို့ကြောင့် ဖြစ်ပါသည်။

မြတ်စွာဘုရားရှင်သည် နီပေါနိုင်ငံ Sidddharthanagar ခရိုင် (လုမ္ဗိနီဒေသ)တွင် ဖွားမြင်တော်မူပြီး အိန္ဒိယနိုင်ငံ ဘီဟာပြည်နယ် ဂယာဒေသတွင် ဘုရားအဖြစ်သို့ရောက်ရှိတော်မူပါသည်။ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ရှိ Sarnath ဒေသတွင် ဓမ္မစကြာတရားဦးဟောတော်မူပြီး အိန္ဒိယနိုင်ငံ ကုသိနာရုံဒေသတွင် ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ပါသည်။

မြတ်စွာဘုရားရှင်သည် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားအဖြစ်သို့ ရောက်တော်မူပြီးသည့်အချိန်မှစ၍ ၄၅ ဝါတိုင်တိုင် မနားမနေ သတ္တဝါများ၏ သံသရာဝဋ်ဆင်းရဲမှ ကင်းလွတ်စေရန် တရားထူးတရားမြတ်များကို ဟောကြားတော်မူခဲ့ပြီး အနန္တစကြဝဠာအနှံ့ သာသနာပြုတော်မူခဲ့ပါသည်။ ထို့နောက် သက်တော်(၈၀)တွင် ပရိနိဗ္ဗာန် ဝင်စံတော်မူရန် ကုသိနာရုံပြည်သို့ ကြွချီတော်မူခဲ့ပါသည်။ လမ်းခရီးတွင် ပါဝါပြည်ရှိ စုန္ဒရွှေပန်းတိမ်သည်၏ သရက်ဥယျာဉ်ကျောင်းတော်တွင် တစ်ညတာမျှ သီတင်းသုံးတော်မူခဲ့ပါသည်။ ထိုသတင်းကိုကြားသည့် စုန္ဒသူကြွယ်သည် မြတ်စွာဘုရားအမှူးပြုသည့် ရဟန်းသံဃာတော်များကို နောက်တစ်နေ့တွင် သူ၏အိမ်၌ ဆွမ်းဘုဉ်းပေးတော်မူပါရန် ပင့်လျှောက်လေသည်။ နံနက်မိုးသောက်ကဆုန်လပြည့်နေ့ရောက်သောအခါ မြတ်စွာဘုရားနှင့် တပည့်သားသံဃာတော်များ ကြွချီလာရာ ညဦးကပင်စီမံချက်ပြုတ်ထားသော ဝက်ပျိုသားဟင်းဖြင့် ဆွမ်းကပ်လေသည်။ မြတ်စွာဘုရားရှင်သည် ဝက်ပျိုသားဟင်းကို ရဟန်းသံဃာတော်များကို မကပ်လှူစေဘဲ အခြားသောဆွမ်းဟင်းများကိုသာ ကပ်လှူစေသည်။ ဘုရားရှင်ဘုန်းပေးပြီး ပိုလျှံနေသောဝက်ပျိုသားဟင်းများကို မြေကျင်းတူး၍မြှုပ်စေသည်။ အဘယ့်ကြောင့်ဆိုသော် ဝက်ပျိုသားဟင်းချက်ပြုတ်နေစဉ် နတ်ဗြဟ္မာများလာရောက်၍ နတ်သြဇာများထည့်ထားသဖြင့် မြတ်စွာဘုရားမှတစ်ပါး အခြားမည်သူစားစား အစာကြေညက်နိုင်မည် မဟုတ်သောကြောင့်ဖြစ်သည်။

စုန္ဒသူကြွယ်ကို တရားဟောပြီး ခေတ္တသီတင်းသုံးရာ သရက်ဥယျာဉ်သို့ မြတ်စွာဘုရားရှင်ပြန်လည်ကြွမြန်းတော်မူလေသည်။ မကြာခင်မှာပင် ဘုရားရှင်သည် အပြင်းအထန် သွေးဝမ်းလားတော်မူသည်။ ဘုရားရှင်သည် သတိပညာဉာဏ်ဖြင့်ဆင်ခြင်လျက် ဝေဒနာကို ကောင်းစွာသည်းခံတော်မူသည်။ ဘုရားရှင်သည် ဝေဒနာခံစားရင်းဖြင့်ပင် ကုသိနာရုံသို့ ခရီးဆက်လက်ကြွတော်မူသည်။

တစ်ယူဇနာခန့်အရောက်တွင် အားအင်ကုန်ခန်း ပင်ပန်းလွန်းသဖြင့် ကကုဓာမြစ်အနီး သစ်ပင်တစ်ပင်အရိပ်တွင် ညီတော်အာနန္ဒာအား နေရာတော် ခင်းစေကာ ခေတ္တနားနေတော်မူသည်။ ထို့နောက် ခရီးဆက်လက်ကြွချီတော်မူခဲ့ရာ ကကုဓာမြစ်သို့ရောက်သောအခါ ရေသပ္ပာယ်တော်မူသည်။ လမ်းခရီးတွင် ပင်ပန်းနွမ်းနယ်လွန်းလှသဖြင့် ပါဝါပြည်နှင့် ကုသိနာရုံပြည်ကြားတွင် ၂၅ ကြိမ်တိုင်တိုင် ရပ်နားတော်မူခဲ့သည်။ ကုသိနာရုံအဝင် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်သို့ရောက်လျှင် မြတ်စွာဘုရားသည် ရှင်အာနန္ဒာအား “ချစ်သားအာနန္ဒာ၊ ငါဘုရား အားအင်တော်ကုန်ခမ်း ပင်ပန်းလှပြီ။ ညောင်စောင်းကိုယူပြီး အင်ကြင်းပင်ပျို နှစ်ပင်တို့အကြား မြောက်ဘက်သို့ ဦးခေါင်းထားကာ အမြန်ခင်းလော့”ဟု မိန့်ကြားတော်မူလေသည်။

ဘုရားရှင်သည် ညီတော်အာနန္ဒာခင်းထားသော ညောင်စောင်းပေါ်တွင် လက်ယာနံတောင်းဖြင့် ဖြည်းညင်းစွာလဲလျောင်းတော်မူသည်။ ထို့နောက် “အပ္ပမာဒေန သမ္ပာဒေထ- မမေ့မလျော့သောသတိတရားဖြင့် သင်္ခါရခေါ် မမြဲသောတရားကို ပွားများဆင်ခြင်ကြလော့”ဟု နောက်ဆုံးတရား ဟောကြားကာ မဟာသက္ကရာဇ် ၁၄၈ ခု၊ (ဘီစီ ၅၃၄) ကဆုန်လပြည့် အင်္ဂါနေ့ ညဉ့်အရုဏ်တက်ခါနီး မိုးသောက်ယံတွင် ပရိနိဗ္ဗာန်စံတော်မူလေသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောသည် အိန္ဒိယနိုင်ငံ ယူပီပြည်နယ်တွင် တည်ရှိပါသည်။ အိန္ဒိယနိုင်ငံ ကျောက်စာဌာနသည် ၁၈၇၆ ခုနှစ်တွင် ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအရပ်ကို စတင်တူးဖော်ခဲ့သော်လည်း အစဉ်တစိုက်မလုပ်နိုင်ခဲ့သဖြင့် (၂၆) နှစ်ကြာခဲ့ပြီး ၁၉၀၂ ခုနှစ်တွင်မှ လုပ်ငန်းပြီးမြောက်ခဲ့ပါသည်။ တူးဖော်ရရှိသည့် ရှေးဟောင်းရုပ်ပွားတော်များနှင့်အတူ ယခုဖူးမြင်နေရသည့် ပရိနိဗ္ဗာန်စံတော်မူဟန် လျောင်းတော်မူရုပ်ပွားတော်ကြီးတစ်ဆူ ပါဝင်ခဲ့ပါသည်။

အဆိုပါ လျောင်းတော်မူရုပ်ပွားတော်ကြီး၏ အလျားသည် ၂၁ ပေရှိပြီး ပလ္လင်တော်အလျားသည် ၂၃ ပေ၊ ၉လက်မ၊ အနံ ၅ပေ ၆ လက်မနှင့် အမြင့် ၂ ပေ ၁ လက်မရှိပါသည်။ ရုပ်ပွားတော်၏ထူးခြားချက်မှာ မဏိတော်ဘက်မှ ဖူးမြော်လျှင် ပြုံးတော်မူနေဟန် မျက်နှာတော်ကို ဖူးတွေ့ရမည်ဖြစ်ပြီး အလယ်တည့်တည့်မှ ဖူးမြော်လျှင် အသက်ဝိညာဉ်တော်ကင်းမဲ့ပြီး ငြိမ်သက်အေးချမ်းစွာ ပရိနိဗ္ဗာန်စံဝင်နေသည့်ဟန်ကို ဖူးတွေ့ရမည်ဖြစ်ပါသည်။ ခြေရင်းဘက်မှ ဖူးမြော်လျှင် ပြင်းထန်သည့် ဝေဒနာတော်ကို ခံစားနေရသည့် မျက်နှာတော်ဟန်ကို ဖူးတွေ့ရမှာဖြစ်ပါသည်။

ထိုသို့ မြတ်စွာဘုရားရှင်၏ ထူးခြားဆန်းကြယ်တော်မူလှသည့် သံဝေဇနီယ လေးဌာနကို ယခင်ကာလက အိန္ဒိယနိုင်ငံအတွင်းသို့သာ သွားရောက်ဖူးမြော်ကြည်ညိုခွင့်ရသော်လည်း ယခုအခါတွင်မူ မြတ်စွာဘုရားရှင်၏ သံဝေဇနီယ လေးဌာနကို မြန်မာနိုင်ငံ နေပြည်တော်ရှိ ဥတ္တရသီရိမြို့နယ်တွင် တည်ထားပူဇော်လျက်ရှိပါသည်။ မြတ်စွာဘုရား သဗ္ဗညုတရွှေဉာဏ်တော်ရရှိတော်မူရာ အောင်မြေနေရာတွင် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ကြီးကို အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့ပြီဖြစ်ပြီး ဆက်လက်၍ မြတ်စွာဘုရားဖွားမြင်တော်မူရာ လုမ္ဗိနီဥယျာဉ်တော်၊ ဓမ္မစကြာတရားဦး ဟောတော်မူရာ မိဂဒါဝုန်တောနှင့် မဟာပရိနိဗ္ဗာန်စံဝင်တော်မူရာ ကုသိနာရုံအင်ကြင်းတောတို့ကို ဆက်လက်တည်ထားပူဇော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ မြတ်စွာဘုရားဖွားတော်မူရာနေရာနှင့် ဓမ္မစကြာတရားဦး ဟောတော်မူရာနေရာများ၌ ရတနာပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားကို သြဂုတ်လ ၁၆ ရက်တွင် ကျင်းပခဲ့ပြီး ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၁၉ ရက်တွင် ကျင်းပပြီးစီးခဲ့ပြီဖြစ်ပါသည်။ မဟာပရိနိဗ္ဗာန်စံဝင်တော်မူရာနေရာကို မကြာမီအချိန်တွင် ရတနာပန္နက်တင်မည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံအတွင်းရှိ ဗုဒ္ဓဘာသာဝင်အပေါင်းတို့အနေဖြင့် မြတ်စွာဘုရား၏ သံဝေဇနီယ လေးဌာနကို မိမိတို့ မိခင်နိုင်ငံအတွင်းမှာပင် တစ်နေရာတည်းမှာပင် တစ်စုတစ်ဝေးတည်း ဖူးမြော်ကြည်ညိုခွင့်ရနိုင်တော့မည်ဖြစ်ပါသည်။ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး ခန္ဓပရိနိဗ္ဗာန် ပြုသွားခဲ့ပြီးသော်လည်း ဘုရားရှင်ဟောကြားခဲ့သည့် တရားတော်များမှာမူ ဓာတုပရိနိဗ္ဗာန် မပြုသေးပေ။ နှစ်ပေါင်း ၂၅၀၀ ကျော်တိုင် ဆက်လက်တည်ရှိနေခဲ့ပေသည်။ မြတ်စွာဘုရားရှင်က မဟာပရိနိဗ္ဗာနသုတ်တော်တွင် အရှင်အာနန္ဒာကို သံဝေဇနီယလေးဌာနနှင့် ပတ်သက်၍ “အာနန္ဒာ၊ သဒ္ဓါတရားရှိသော အမျိုးသားသည် ဖူးမြော်သူတို့အား သံဝေဂရစေတတ်သော ဌာနတို့သည် လေးပါးရှိကုန်၏။ ဤလုမ္ဗိနီဌာန၌ မြတ်စွာဘုရား ဖွားမြင်တော်မူသည်ဟူ၍လည်းကောင်း၊ ဤမဟာဗောဓိဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သဗ္ဗညုတဉာဏ်တော်ကို ရတော်မူသည်ဟူ၍လည်းကောင်း၊ ဤမိဂဒါဝုန်ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော တရားတော်ဓမ္မစက်ကို ဟောကြားစေတော်မူသည်ဟူ၍လည်းကောင်း၊ ဤကုသိနာရုံဌာန၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘောဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူသည်ဟူ၍လည်းကောင်း၊ အောက်မေ့လျက် လာရောက်ကုန်လတ္တံ့။ စေတီပုထိုးတို့ကို ဖူးမြော်ရန် သွားလာလှည့်လည်ကုန်သောသူတို့သည် ကြည်ညိုသော စိတ်ရှိလျက် သေကုန်ငြားအံ့။ ထိုသူအားလုံးတို့သည် ခန္ဓာကိုယ်ပျက်စီးလျက် သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ကုန်လတ္တံ့”ဟု မိန့်တော်မူခဲ့ပါသည်။ ယခုတည်ဆောက်ပူဇော်မည့် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား ဖူးမြော်နိုင်ရန် သံဝေဇနီယလေးဌာန တည်ဆောက်ခြင်းသည် နောင်တစ်ချိန်ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရေးကို အထောက်အကူပြုနိုင်သလို ဘာသာရေးအရ ကုသိုလ်ကောင်းမှုပြုခြင်း ဖြစ်ပြီး ဗုဒ္ဓဘာသာဝင်တို့ အထွတ်အမြတ်ထားသည့် ဘာသာသာသနာကို ထိန်းသိမ်းစောင့်ရှောက်ရာလည်း ရောက်ပါသည်။ ထို့ကြောင့် မကြာမီအချိန်အတွင်း တည်ဆောက်ပြီးစီးမည့် သံဝေဇနီယလေးဌာနကို လာရောက်ဖူးမြော် ကြည်ညိုနိုင်တော့မည်ဖြစ်၍ ပြည်ပတွင် သွားရောက်ဖူးမြော်ရန် အခွင့်မသာသည့် ဗုဒ္ဓဘာသာဝင်များအတွက် အခွင့်အရေးထူးတစ်ရပ်ပင် ဖြစ်ပါတော့သည်။ ။

> မြတ်စွာဘုရားရှင်၏ ထူးခြားဆန်းကြယ်တော်မူလှသည့် သံဝေဇနီယလေးဌာနကို ယခင်ကာလက အိန္ဒိယနိုင်ငံအတွင်းသို့သာ သွားရောက်ဖူးမြော် ကြည်ညိုခွင့်ရသော်လည်း ယခုအခါတွင်မူ မြတ်စွာဘုရားရှင်၏ သံဝေဇနီယလေးဌာနကို မြန်မာနိုင်ငံ နေပြည်တော်ရှိ ဥတ္တရသီရိမြို့နယ်တွင် တည်ထားပူဇော်လျက် ရှိပါသည်။

## စုပေါင်း ဘုံကထိန်ကျင်းပ

**နမ့်ခမ်း နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်း အမှူးပြုလျက် ဌာနဆိုင်ရာများ စုပေါင်းကာ (၁၄)ကြိမ်မြောက် ဘုံကထိန်ကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးတွင် တန်ဆောင်မုန်းလပြည့် (နိုဝင်ဘာ ၁၇ ရက်)က ကျင်းပသည်။

ဘုံကထိန်ပွဲတွင် မြို့ပေါ်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်း ၁၅ ကျောင်းမှ ဆရာတော်၊ သံဃာတော် ၁၅ ပါးအား ပင့်ဖိတ်တော်မူကြပြီး နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် နမ့်ခမ်းမြို့ မဟာစည်သာသနာ့ရိပ်သာ ကမ္မဋ္ဌာန်းတောရကျောင်းနှင့် သာသနဝိပုလပရိယတ္တိစာသင်တိုက် ဦးစီးပဓာန ဆရာတော် ဘဒ္ဒန္တသူရိယ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)ထံ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက ကထိန်သင်္ကန်းကို ဆက်ကပ်လှူဒါန်းပြီး ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းတင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ဆရာတော် ဘဒ္ဒန္တသူရိယက အနုမောဒနာတရားချီးမြှင့်တော်မူပြီး လှူဒါန်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ စုပေါင်းလှူဒါန်းသော ပဒေသာပင်များ၊ လှူဖွယ်ပစ္စည်းများကို ဆရာတော်၊ သံဃာတော်များထံ ဆက်ကပ်လှူဒါန်းပြီး နေ့ဆွမ်းဆက်ကပ်ကြသည်။ ကထိန်အတွက် စုပေါင်းလှူဒါန်းကြသော ပဒေသပင်နှင့်လှူဖွယ်ပစ္စည်းတန်ဖိုးမှာ ငွေကျပ် ၄၁ သိန်းကျော်ရှိကြောင်း သိရသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဟောပြော

**မြစ်ကြီးနား နိုဝင်ဘာ ၂၁**

သစ်တောဦးစီးဌာန သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန ပိတောင်ဘေးမဲ့တောရုံးက ကြီးမှူး၍ သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး အသိပညာပေးဟောပြောပွဲကို နိုဝင်ဘာ ၁၇ ရက် ညနေ ၄ နာရီက မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးဒိုင်လွမ်းနှင့် ဒေသခံပြည်သူများ တက်ရောက်ကြပြီး ပိတောင်ဘေးမဲ့တောရုံးမှ တောအုပ်ဦးခင်မောင်ဌေးနှင့်ဦးတင်ဝင်းတို့က ကဏ္ဍအလိုက် ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။ **(ဝ၆၂)**

## အထူးဈေးရောင်းပွဲတော် မြိတ်မြို့၌ကျင်းပမည်

**မြိတ် နိုဝင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ ကန်ဖျားနယ်မြေဘုရားငါးဆူကွင်း၌ မြိတ်မြို့ သဘင်ပညာရှင်အစည်းအရုံး ရန်ပုံငွေရှာဖွေရေးအနေဖြင့် အဆင့်မြင့်ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၂၂ ရက်မှ ၂၆ ရက်အထိ ငါးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆင့်မြင့်ကုန်စည်ပြပွဲနှင့် အထူးဈေးရောင်းပွဲတော်ကြီးကို ကြီးမှူး၍ ရန်ကုန်၊ မန္တလေးနှင့် မော်လမြိုင်မြို့ကြီးများမှ ကုမ္ပဏီများ၊ ပင်ရင်းအရောင်းဆိုင်ကြီးများမှ ကုန်ပစ္စည်းများကို တိုက်ရိုက်ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကုမ္ပဏီကြီးများမှ အီလက်ထရွန်နစ်ပစ္စည်းအမျိုးမျိုး၊ အလှကုန် ပစ္စည်းအမျိုးမျိုး၊ အိမ်သုံးစတီးလ် ပစ္စည်းအမျိုးမျိုးအပြင် အမျိုးသား/အမျိုးသမီးဝတ်နှင့် ကလေးဝတ် အဝတ်အထည် ဒီဇိုင်းမျိုးစုံ၊ ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီ၊ တီရှပ်အမျိုးမျိုးနှင့် နိုင်ငံခြား ဖိနပ်အမျိုးမျိုး၊ ဖန်ထည်၊ ကြွေထည်ပစ္စည်းများ၊ အိပ်ရာအခင်းအနားသုံးပစ္စည်းများ၊ စားသောက်ကုန်အမျိုးမျိုး၊ အခြားလူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာ လက်လီလက်ကား ရောင်းချသွားမည်ဖြစ်ပြီး ဈေးရောင်းပွဲတော်တွင် ဖျော်ဖြေရေးအစီအစဉ်အနေဖြင့် ရွှေမန်းသားလေးဖိုးချစ် အဆင့်မြင့်ဇာတ်သဘင်ဖြင့် ညစဉ်မိုးလင်း ဖျော်ဖြေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုးဟိန်း(မြိတ်)**

## စီးပွားရေးစွမ်းဆောင်ရှင် အသင်းဝင်များ အိန္ဒိယနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၁**

အိန္ဒိယနိုင်ငံ Chennai,Pune,New Delhi, Agra မြို့တွင် နိုဝင်ဘာ ၁၇ ရက်မှ ၂၆ ရက်အထိ ကျင်းပမည့် အာဆီယံ-အိန္ဒိယ လူငယ်နှီးနှောဖလှယ်ပွဲသို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင် မစိုးစိုးသန်း၊ မသက်ဇင်မြင့်နှင့် မဟေမာန်မျိုးမြင့်တို့သည် နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

**(အောက်ပုံ)** **(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် အာရှ-ပစိဖိတ် တတိယအကြိမ်မြောက် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခမ်းအနားနှင့်အစည်းအဝေးတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂ အာရှနှင့်ပစိဖိတ်ဆိုင်ရာ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (United Nations Economic and Social Commission for Asia and the Pacific-UNESCAP)က ကြီးမှူး၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် အာရှ-ပစိဖိတ်တတိယအကြိမ်မြောက် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခမ်းအနားနှင့်အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ **(အောက်ပုံ)**

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၈ ရက်က ဗန်ကောက်မြို့၌ ကျင်းပသည့် ESCAP/OECD Conference on Regional Cooperation in Advancing Responsible Business Practice အစည်းအဝေး၌ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုဆောင်ရွက်ချက်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများ အတွက် အဆင်ပြေစေမည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ဖော်ဆောင်ထားရှိမှုများ၊ နိုင်ငံတော်၏ စီးပွားရေးတွင် စက်မှုကဏ္ဍ၏ ပါဝင်မှုနှင့် တိုးတက်မှုများ၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံသူများအတွက် မြန်မာနိုင်ငံသည် အရှေ့-အနောက် စီးပွားရေးစင်္ကြံ၏ အနောက်ဘက်ဂိတ် ဖြစ်ခြင်းကြောင့် အချက်အချာနေရာတွင် တည်ရှိနေပြီး တရုတ်နှင့် အိန္ဒိယဈေးကွက်တို့ကို အလွယ်တကူ ချိတ်ဆက်နိုင်သည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ထည့်သွင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၂၀ရက်တွင် Panel Discussion ၌ မြန်မာနိုင်ငံတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ထွက်လာစေရေး၊ ဆင်းရဲမှုလျှော့ချနိုင်ရေးအတွက် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသော ကုန်သွယ်ရေးနှင့် စက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုမူဝါဒများ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နေမှုများ၊ ဒေသတွင်းကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးအတွက် နိုင်ငံတကာနှင့် ဆက်လက်ပူးပေါင်းမည့်မူဘောင်များ၊ လုပ်ငန်းစဉ်များချမှတ်နိုင်ရေး၊ မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကိုအခြေခံသဖြင့် မြန်မာနိုင်ငံသို့ လာရောက် ရင်းနှီးမြှုပ်နှံလိုသူများ အနေဖြင့် ကျေးလက်ဒေသများတွင် ပိုမိုလာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြင့်ကျေးလက်နေပြည်သူများ၏ ဆင်းရဲနွမ်းပါးမှုကို အထောက်အကူပြုရာရောက်ကြောင်း စသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





မွန်ဂိုလီးယားနိုင်ငံ သမ္မတ မစ္စတာ အယ်လ်ဘတ်ခ် ဒေါ့ဂ်ျဇတ်ခ် ဟီးလ်ယာဒ်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်းစဉ်)

## မွန်ဂိုလီးယားနိုင်ငံ သမ္မတနှင့်အဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ် ဒေါ့ဂ်ျဇတ်ခ် ဟီးလ်ယာဒ် ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀နာရီတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှပြန်လည်ထွက်ခွာသွားရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေး စတုတ္ထနေ့ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပထမအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာ ၂၀ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်စိုး၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာထိန်ဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၆၀ နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်း(၁၈)ခု မေးမြန်းခြင်းနှင့်ဖြေကြားခြင်း၊ **၂၀၁၃ ခုနှစ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ** နှင့်စပ်လျဉ်း၍ တင်ပြခြင်း၊ **ဧရာဝတီတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေကြမ်း** နှင့်စပ်လျဉ်း၍ တင်ပြခြင်းများဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံသည် သယံဇာတ၊ စွမ်းအင်နှင့် ဇီဝမျိုးစုံမျိုးကွဲများ ပေါကြွယ်ဝသော်လည်း အလေးထားထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်

**ရန်ကုန် နိုဝင်ဘာ ၂၁**

စွမ်းအင်၊ ရေသယံဇာတနှင့် စားနပ်ရိက္ခာတို့ကို ပြည်သူများ အကျိုးရှိစွာ အသုံးချခြင်းဖြင့် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများကို မြန်ဆန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် ယနေ့တွင်ရန်ကုန်မြို့၌ ကျင်းပနေသည့် တတိယအကြိမ်မြောက် အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်(ပထမနေ့)တွင် ပြည်တွင်းပြည်ပမှ ပညာရှင်များက ဆွေးနွေးခဲ့ကြသည်။

### သုံးသပ်

မြန်မာနိုင်ငံသည် သဘာဝရေမြေသယံဇာတ၊ စွမ်းအင်အရင်းအမြစ်နှင့် ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝသော်လည်း အလေးထားထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့်အတွက် သဘာဝပတ်ဝန်းကျင်မထိခိုက်သည့် စွမ်းအင်ထုတ်ယူသုံးစွဲမှု၊ ရေအားလျှပ်စစ် စီမံကိန်းများ၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများနှင့် မြို့ပြစီမံကိန်းများ ဆောင်ရွက်ရာတွင် လက်တွေ့ကျသည့် စီမံခန့်ခွဲမှုများဖြင့် စဉ်းစားဖော်ဆောင်သင့်ကြောင်း၊ ဂျပန်၊ ထိုင်းနှင့်အိန္ဒိယနိုင်ငံတို့မှ ပညာရှင်များက "သဘာဝသယံဇာတများ ထိန်းသိမ်းခြင်း နည်းပညာ၊ စောင့်ကြည့်လေ့လာခြင်းနှင့် စီမံခန့်ခွဲခြင်းခေါင်းစဉ်"ကို ဆွေးနွေးရာတွင် အလေးအနက်ထား သုံးသပ်ကြသည်။

"စိမ်းလန်းစိုပြည်ပြီး စီးပွားရေးဖွံ့ဖြိုးတဲ့နိုင်ငံတစ်ခုဖြစ်လာဖို့ စွမ်းအင်၊ ရေသယံဇာတ၊ စားနပ်ရိက္ခာ ဆက်စပ်မှုတို့ကို ပညာပေးတဲ့အနေနဲ့ အပြည်ပြည်ဆိုင်ရာက အတွေ့အကြုံရှိပုဂ္ဂိုလ်တွေကိုခေါ်ယူပြီး ဗဟုသုတဖလှယ်ကာ ပြည်သူတွေကျယ်ကျယ်ပြန့်ပြန့် သိရှိလာဖို့ရည်ရွယ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုရရှိရေးဆိုတာ အစိမ်းရောင်စီးပွားရေးလုပ်ငန်းတွေနဲ့ ဆက်စပ် ပတ်သက်နေတယ်ဆိုတာသိရှိလာပြီး တန်ဖိုးကိုနားလည်လာမယ်။ လက်တွေ့လိုက်နာကျင့်သုံးမယ်ဆိုရင် တိုင်းပြည်အတွက် အကျိုးရှိလာမှာပါ"ဟု အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့(မြန်မာ) ဥက္ကဋ္ဌ ဦးသိန်းထွန်းက မှတ်ချက်ပြုသည်။

မြန်မာတစ်နိုင်ငံလုံး စွမ်းအင်သုံးစွဲမှု၏ ၈၀ ရာခိုင်နှုန်းသည် biomass (ဇီဝဒြပ်ထု)မှ ထုတ်ယူသုံးစွဲနေရသည်။ အဆိုပါ ထုတ်ယူသုံးစွဲမှုသည် လုံလောက်မှုမရှိသောကြောင့် လုံလောက်သော စွမ်းအင်ရရှိစေရန် ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် လေ၊ ရေ၊ နေရောင်ခြည်၊ ဘူမိအပူစွမ်းအင်များ ထုတ်ယူသုံးစွဲခြင်းဖြင့် လာမည့် ဆယ်စုနှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံ၏ ကာဗွန်ထုတ်လုပ်မှုနှင့် ဇီဝလောင်စာသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သည်။ သို့ရာတွင် အရင်းအနှီး၊ အသိပညာပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာ စိန်ခေါ်မှုများကို မလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်သည်။

"အတွေးအခေါ် တစ်ခုကို လက်တွေ့ ဆောင်ရွက်မယ်ဆိုရင် မလွယ်ကူတဲ့ အချက်အလက်တွေကို အရင်သိထား လေ့လာထားဖို့ လိုပါတယ်။ နေစွမ်းအင် (Solar Energy) ဆိုတာ ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်လို့ အသုံးချမယ်ဆိုတာ မှန်ပါတယ်။ ဈေးလည်းပေါလာပါပြီ။ တစ်ဖက်ကလည်း ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် ဆိုလာနဲ့ တွဲသုံးရမယ့် အင်ဗာတာကအစ ဆက်စပ်ပစ္စည်းတွေကို ရောင်းချမယ့် ကုမ္ပဏီတွေကလည်း ရေရှည်အာမခံနိုင်ရမယ်"ဟု ဆိုလာစွမ်းအင်ကို အသုံးပြုရာတွင် ရင်ဆိုင်ရနိုင်သည့် စိန်ခေါ်မှုများ၊ ထည့်သွင်းစဉ်းစားရမည့် အချက်များနှင့် ပတ်သက်ပြီး အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (မြန်မာ)မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာခင်မောင်လွင်က သုံးသပ်ပြောကြားသည်။

### ပြောကြား

စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရန် အခြေအနေကောင်းများ ပေါ်ပေါက်လာချိန်တွင် ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများနှင့် တိုးတက်ဆဲနိုင်ငံများ၏ အမှားများကို သင်ခန်းစာယူရမည်ဖြစ်သည်။ ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့လူ့အဖွဲ့အစည်းအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သဟဇာတဖြစ်အောင် ဟန်ချက်ညီညီသွားနိုင်မည့် စီးပွားရေးပုံစံလမ်းကြောင်းမှ တစ်ဆင့် ဖော်ဆောင်သွားရမှာ ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေက ပြောကြားသည်။

ကောင်းမွန် သန့်ရှင်းသည့် ပတ်ဝန်းကျင်အခြေအနေများ ဖြစ်ပေါ်လာစေရန်အတွက် "မြန်မာနိုင်ငံရဲ့ စီးပွားရေးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့ကို စိမ်းလန်းသောမြို့အဖြစ် ကြိုးစားအကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်" ဟု ဝန်ကြီးချုပ် ဦးမြင့်ဆွေက ကတိပြုပြောကြားသည်။

သဘာဝ သယံဇာတများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်တည်မှီနေသည့်အတွက် စွမ်းအင်၊ ရေသယံဇာတနှင့် အစာစနစ်များ ဟန်ချက်ညီမှု မရှိလျှင် လူသားများ၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်တစ်ခုလုံးအပေါ် အကျိုးသက်ရောက်နိုင်သည်။ သဘာဝပတ်ဝန်းကျင်ကိုထိခိုက်မှုမရှိသည့် အစိမ်းရောင်စီးပွားရေး လုပ်ငန်းများတွင် ပြည်သူတစ်ရပ်လုံးက ပါဝင်လာအောင်နေစွမ်းအင်စနစ်များ၊သစ်တောသစ်ပင်ဆိုင်ရာ အသိပညာပေးမှုများ စသည်ဖြင့် အစိမ်းရောင် စီးပွားရေးလုပ်ငန်းနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များတွင် ပြည်သူများ လိုက်နာကျင့်သုံးရမည့် နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိရန် Center of Excellence တစ်ခုကို ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်း၌ မကြာမီ ဖွင့်လှစ်မည်ဟုလည်း အဆိုပါဆွေးနွေးပွဲမှ သိရသည်။ **(သတင်းစဉ်)**

◆ ***ရှေ့ဖုံးမှ***

ကမ်းစပ်ကိုလာရောက်ရိုက်ခတ်လိုက်ပြီးတော့ ပြယ်သွားလိုက်နှင့် ရှုမဝတဲ့ မြင်ကွင်းတစ်ခု၊ တစ်ဖန်ပင်လယ်ရေစပ်မှနောက်ပြန်လှည့်လိုက်တော့ ကမ်းခြေကုန်းဘက်တွင် စီတန်းနေသည့် စိမ်းညို့ညို့ အုန်းပင်တန်းများက ငွေဆောင်၏အလှကို အားဖြည့်ထားလျက်တွေ့ရသည်။ ထို့ကြောင့် ငွေဆောင်သည် သဘာဝအလှအပများထုံမွမ်းပြီး အပန်းဖြေချင်စရာကောင်းလှသည်။ ငွေဆောင်ကမ်းခြေအပန်းဖြေစခန်းသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်အတွင်း၌ရှိပြီး ရန်ကုန်မြို့နှင့် ၁၁၄ မိုင်သာကွာဝေးသည်။ ကမ်းခြေအလျားမိုင်မှာ ၉ မိုင်ရှိပြီး မြန်မာပြည်ရှိပင်လယ်ကမ်းခြေအပန်းဖြေစခန်းများတွင် အလျားမိုင် အရှည်ဆုံး ကမ်းခြေတစ်ခုဖြစ်သည်။

၂၀၀၀ ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရက ပင်လယ်ကမ်းခြေအပန်းဖြေစခန်းတစ်ခုအဖြစ် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်သည်။ ယခုအခါငွေဆောင်တွင် ဟိုတယ်အလုံးပေါင်း ၂၀၊ အခန်းပေါင်း ၁၀၀၀ ရှိပြီး တစ်နှစ်တွင် ပြည်တွင်းပြည်ပဧည့်သည် ငါးသိန်းခန့်လက်ခံ၍ ဝန်ဆောင်မှုပေးနိုင်သည်ဟုသိရသည်။

ငွေဆောင်ကမ်းခြေ အပန်းဖြေစခန်းသည် ယခုအခါ အပန်းဖြေစခန်းသက်တမ်း ၁၃ နှစ်ရှိနေပြီး မြို့ဦးစေတီ၊ ခုတင် ၁၆ လုံးဆံ့ ခတ်မှန်ပါဆေးရုံတစ်ရုံ၊ အထက်တန်းကျောင်းတစ်ကျောင်း၊ မြို့တွင်း၌ ကွန်ကရစ်လမ်းများဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်း ရွာတစ်ရွာအဆင့်မှ မြို့အဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။

ယခုနှစ်တွင် ကြိုကြိုက်ပြီး ငွေဆောင်တွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ (ဆီးဂိမ်း) ရွက်လှေအားကစား ပြိုင်ပွဲတွင် မြန်မာ၊ ထိုင်း၊ အင်ဒိုနီးရှား၊မလေးရှား၊ စင်ကာပူ၊ဖိလစ်ပိုင်ခြောက်နိုင်ငံတို့မှ ဖိတ်ကြားခံရသည့် VVIP+VIP ၂၅ ဦးအတွက် ၁၃ ခန်း၊ ဒိုင်/ ဂျူရီ ၂၀ အတွက် ၁၀ခန်း၊ VIP အရန် ၁၅ ခန်းတို့ကို Aureum Palace ဟိုတယ်၌ လည်းကောင်း၊ Media, Observers နှင့် အားကစားသမားများကို Aureum Palace ဟိုတယ်၊ Bay of Bangal Resort ဟိုတယ်၊ Yuzana ဟိုတယ်၊ Myanmar Treasure ဟိုတယ်၊ Sunny Paradise ဟိုတယ် တို့တွင် အခန်းပေါင်း ၁၂၉ခန်း၊ အရန်အဖြစ် Central ဟိုတယ်၊ Ocean Paradise ဟိုတယ်၊ Yamonar Oo ဟိုတယ် စသည့်ဟိုတယ်သုံးလုံးတို့တွင် အခန်းပေါင်း ၇၅ ခန်း စုစုပေါင်း ဟိုတယ်ရှစ်လုံးမှ အခန်းပေါင်း ၂၀၄ ခန်းတို့ကို အဆင့်မီပြင်ဆင်ထားပြီး အခန်းခနှင့် စားသောက်ခဈေးနှုန်းများကို နိုင်ငံတော်အစိုးရကသတ်မှတ်ပေးသည့်ဈေးနှုန်းအတိုင်းသာ ယူကြရမည်ဟု ငွေဆောင်ရှိ ဟိုတယ်လုပ်ငန်းရှင်အသင်းမှ ကမ်းခြေလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ Aureum Palace ဟိုတယ်မန်နေဂျာ ဦးအောင်သိုက်က ပြောကြားသည်။

ထို့ကြောင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ(ဆီးဂိမ်း) ရွက်လှေပြိုင်ပွဲကျင်းပမည့် ငွေဆောင်တွင် မြန်မာနိုင်ငံ၏သဘာဝအလှအပများ ပြသနိုင်မည်ဖြစ်သကဲ့သို့ ကမ်းခြေဟိုတယ်များက မြန်မာလူမျိုးတို့၏ ဖော်ရွေမှု၊ ပျူငှာမှု၊ ဧည့်ဝတ်ကျေမှုများကို ပြသကြပေလိမ့်မည်ဖြစ်သည်။

ပြည်တွင်းသတင်း

# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း

## နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရပ်/ကျေးဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့များနှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၁

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးမှု အထောက်အကူပြုအဖွဲ့များနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေစနစ်တကျ သုံးစွဲရေး၊ အလေအလွင့်မရှိစေရေးနှင့် လုပ်ငန်းပြီးစီးပါက တင်ပြအစီရင်ခံရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နေပြည်တော် ဇေယျာသီရိမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ရပ်ကွက်၊ ကျေးရွာ ဖွံ့ဖြိုးမှု အထောက်အကူပြုအဖွဲ့များနှင့် တွေ့ဆုံအမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)



အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ အခမ်းအနားအစီအစဉ်အရ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသူရဦးရွှေမန်းက အဖွင့်အမှာစကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဇေယျာသီရိမြို့နယ် ရပ်ကွက်၊ ကျေးရွာဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့များက ရပ်ကွက်၊ ကျေးရွာများအလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆောင်ရွက်လိုသည့် လုပ်ငန်းများကို တင်ပြကြရာ မြို့နယ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ရန်လျာထားသည့် စီမံချက်များကို ရှင်းလင်းတင်ပြကြသည်။

**ဆောင်ရွက်ပေးခဲ့**

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဒေသခံ ပြည်သူများ၏လိုအပ်ချက်များကို လွှတ်တော်ကိုယ်စားလှယ်များက တိုက်ရိုက် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ကို ခွင့်ပြုပေးထားသော ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများ စနစ်တကျသုံးစွဲနိုင်ရေးနှင့်ဒေသအတွင်း အဓိကလိုအပ်ချက်ဖြစ်သော သောက်သုံးရေရရှိရေးလုပ်ငန်းများ၊ ကျေးလက်လမ်းများ၊ တံတားများ ပြုပြင်ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ ပညာရေးဆိုင်ရာ အဆောက်အအုံပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းများ၊ မြို့နယ်ကျန်းမာရေးဆိုင်ရာ အဆောက်အအုံပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများ၊ မြို့နယ်အတွင်း ပြည်သူလူထု၏ အမှန်တကယ်လိုအပ်ချက်ဖြစ်သော အခြားလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် စိစစ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီးဦးစိုးမောင် ရေစကြိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်သည် နိုဝင်ဘာ ၁၅ ရက် နံနက် ၈ နာရီခွဲက မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ဆင်ချောင်းကျေးရွာ ဈေးပရိဝုဏ်၌ အရိပ်ရလေကာပင်များဖြစ်သည့် ကုက္ကိုပင်နှင့် ဗာဒံပင်များကို စိုက်ပျိုးပေးပြီး ခုတင် ၅၀ ဆံ့ရေစကြိုမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် အရန်သားဖွား ဆရာမ (၁/၂၀၁၃)သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အားပေးသည်။ **(ယာပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများသည် အရန်သားဖွားဆရာမ သင်တန်းဆင်းလက်မှတ်များနှင့် သားဖွားပုံးများကို သင်တန်းဆင်းဆရာမများထံ ပေးအပ်ကြပြီး ဆေးရုံအဆောင်သစ် ထပ်မံတိုးချဲ့ရန် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းခွင်ကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေစကြိုမြို့နယ် ခန်းမ၌ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရင်းနှီးစွာတွေ့ဆုံရာ ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက မိမိတို့ရပ်ရွာဒေသ၏ လိုအပ်ချက်နှင့် လိုလားချက်များ၊ ဖြေရှင်းရန် အခက်အခဲရှိနေသည့် ကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီး ဦးမြင့်နိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၏ လုပ်ငန်းတာဝန် ၃၃ ချက်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီ၏ လုပ်ငန်းတာဝန်ကိုးချက်ကို အသေးစိတ်ရှင်းလင်းသည်။

ထို့အပြင် ရေစကြိုမြို့နယ်အတွင်းနေထိုင်ကြသည့် ဒေသခံပြည်သူများ၏ ပညာရေးကဏ္ဍတိုးတက်မြင့်မားလာစေရေးဆိုင်ရာများ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ကျန်းမာရေးဆိုင်ရာ အသိစိတ်ဓာတ် မြင့်မားတိုးတက်လာရေးဆိုင်ရာများ၊ ကိုယ်ကျင့်တရားနှင့် စာရိတ္တပိုင်းဆိုင်ရာ ပိုမိုကောင်းမွန်လာစေရေးကိစ္စရပ်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအပေါ် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးမှာကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့် ရပ်မိရပ်ဖများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရေစကြိုမြို့နယ် ပေကုန်းကျေးရွာအုပ်စု ပညင်းကျေးရွာရှိ တောင်သူဦးဆယ်က မြေအောက်ရေကို အသုံးပြုကာ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော ပုလဲသွယ်စပ်မျိုး စပါးဧက ၅၀ ရိတ်သိမ်းပွဲသို့ တက်ရောက်အားပေးကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



# ကလေးသူငယ်ပြုစုစောင့်ရှောက်ရေး ကျောင်းအခြေပြုမှ ရပ်ရွာအခြေပြုသို့ တိုးချဲ့ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်းကျင်းပသည့် ကလေးများ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားကို နေပြည်တော် အမှတ်(၈) ဟိုတယ်ဇုန် ဇေယျာသင်္ဂဟလမ်းရှိ ဇမ္ဗူသီရိဟိုတယ်၌ ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က အဖွင့်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံအနေနှင့် ကလေးသူငယ်အခွင့်အရေးများနေ့ကို နှစ်စဉ် နိုဝင်ဘာလ ၂၀ ရက်နေ့မှာ ကျင်းပလျက်ရှိကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် CRC ပါ အဓိကအခွင့်အရေး လေးရပ်ဖြစ်သော အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ အကာအကွယ်ရရှိခွင့်နှင့် ပါဝင်ဆောင်ရွက်ခွင့်တွေကို လူ့အဖွဲ့အစည်းအတွင်း ဦးဦးဖျားဖျား ရယူပိုင်ခွင့်နှင့်ကလေးသူငယ်များ၏အကောင်းဆုံးအကျိုးစီးပွားဖော်ဆောင်ရန်အတွက် မူဝါဒများ၊ လုပ်ငန်းစဉ်များချမှတ်ဖော်ဆောင်လျက်ရှိကြောင်း၊ မိမိတို့လူမှုဝန်ထမ်းဦးစီးဌာနအနေနှင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် ကလေးများ တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားတွင် အဖွင့်အမှာစကား ပြောကြားစဉ်။**



အတွင်းမှာလည်း ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေး လုပ်ငန်းကို ကျောင်းအခြေပြုမှ ရပ်ရွာအခြေပြုသို့ တိုးချဲ့ဆောင်ရွက်ရန်၊ CRC အသိပညာပေးလုပ်ငန်းများ၊ သင်တန်းကျောင်းအခြေပြုနှင့်ရပ်ရွာအခြေပြုကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို တိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကလေးများတွေ့ဆုံပွဲဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်သန်းထွန်းက ကလေးများတွေ့ဆုံပွဲ၏ ရည်ရွယ်ချက်များကို ပြောကြားပြီး အရပ်ဘက်လူမှုအဖွဲ့အစည်းများကိုယ်စားလှယ် ဦးညွန့်လှိုင်က CSO များ၏အခန်းကဏ္ဍအကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကလေးများက ကလေးအခွင့်အရေး ကြေညာစာတမ်းသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကပြပြီး ဆွေးနွေးပွဲသို့တက်ရောက်လာသော ကလေးများအားလုံး၏ ကိုယ်စားကလေးသုံးဦးက ရရှိထားသောအခွင့်အရေး၊ အနည်းငယ်သာရရှိသော အခွင့်အရေးနှင့် ကလေးသူငယ်များဖြစ်စေချင်သော အကြောင်းအရာများကို တင်ပြကြသည်။

ယင်းနောက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် ကလေးများနှင့်အတူ စကားဝိုင်းဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်။ ထိုဆွေးနွေးခြင်းတွင် ကလေးသူငယ်များနှင့် ဆွေးနွေးပွဲသို့ ကြွရောက်လာကြသော လွှတ်တော်မှ ကိုယ်စားလှယ်အသီးသီးနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ပညာရေး၊ ကျန်းမာရေး၊ ကလေးများအလုပ်လုပ်ခြင်း၊ မူးယစ်ဆေးဝါးနှင့် လိင်မှုဆိုင်ရာအကြမ်းဖက်ခြင်း စသည့်ခေါင်းစဉ်များနှင့် စကားဝိုင်းတစ်ဝိုင်းစီဖြင့် ကလေးသူငယ်များက မိမိတို့၏စိတ်ခံစားမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။ ထို့နောက် တက်ရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ကလေးများ ခင်းကျင်းပြသထားသော ဖန်တီးမှုအနုပညာလက်ရာများကို ကြည့်ရှုလေ့လာကြသည်။ **သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး**

## မြန်မာ့ရုပ်မြင်သံကြား

**၂၂-၁၁-၂၀၁၃ (သောကြာနေ့)**

**နံနက်ပိုင်း**

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ကလေးများအတွက်အကောင်းဆုံး
၈း၀၀ နိုင်ငံတကာသတင်း
၈း၂၅ အိန္ဒိယရုပ်ရှင် **ဖြူစင်မေတ္တာ**(အပိုင်း-၁၂၁)
၉း၄၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၀း၁၅ "traffic" (an mtvexit Special) (လူကုန်ကူး-ဖြူဖြူကျော်သိန်း)

**နေ့လယ်ပိုင်း**

၁၁း၄၀ ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
၁၂း၀၀ ပြည်တွင်းသတင်း
၁၂း၂၅ ဆေးရောင်စုံရုပ်ရှင် **ဒဏ္ဍာရီ** ဇင်ဝိုင်း၊ထွန်းထွန်းနိုင်၊မေသန်းနု (ဒါရိုက်တာ-မောင်တင်ဦး)

**ညပိုင်း**

၁၅း၀၀ ပြည်တွင်းသတင်း
၁၆း၃၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(ရူပဗေဒအထူးပြု) (ရူပဗေဒ)
၁၇း၁၅ နူးညံ့သိမ်မွေ့သောတိုက်ခိုက်ရေးပညာရပ်(သို့) ဂျူဒိုအားကစား
၁၈း၄၅ ဇေယျာသီရိရေကူးကန်
၁၉း၃၅ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှဂိမ်းပြအစီအစဉ်
၁၉း၅၀ ပြည်သူ့အမြင် မီဒီယာအသွင် (ပြင်ဦးလွင်)
၂၀း၀၀ ပြည်တွင်းသတင်း
၂၀း၃၅ ပြည်သူတို့ရဲ့စကားသံများ

# မြန်မာတင်းနစ်အသင်း ထိုင်းသို့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂၁**

နိုဝင်ဘာ ၂၂ ရက်မှ ၂၇ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပမည့် South East Asian (AEC) Championship 2013 တင်းနစ်ပြိုင်ပွဲတွင်ပါဝင်ယှဉ်ပြိုင်ရန် မြန်မာ့လက်ရွေးစင်အမျိုးသား တင်းနစ်အသင်းနှင့် အမျိုးသမီးတင်းနစ်အသင်းသည် နိုဝင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

အဆိုပါ South East Asian (AEC) Championship 2013 တင်းနစ်ပြိုင်ပွဲတွင် အမျိုးသား အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား အမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲဟူ၍ ငါးမျိုးကျင်းပမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင်တင်းနစ် အားကစားမောင်မယ်များ ငါးမျိုးစလုံး၌ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

# ပြည်ထောင်စုဝန်ကြီး ဆေးရုံများစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၂၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် နိုဝင်ဘာ ၁၅ ရက် မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင် ပြည်သူ့ဆေးရုံ ဆေးသိုလှောင်ခန်း၊ အရေးပေါ် လူနာဌာန၊ ကလေးလူနာဆောင်၊ သားဖွားလူနာဆောင်နှင့် ဖျားနာလူနာဆောင်များကို လှည့်လည်ကြည့်ရှုကာ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

နိုဝင်ဘာ ၁၆ ရက် ညနေ ၄ နာရီက မန္တလေးမြို့ ခုတင် ၂၀၀ ဆံ့ စိတ်ကျန်းမာရေးဆေးရုံကြီးသို့ ရောက်ရှိရာ ဆေးရုံအုပ်ကြီး ဒေါက်တာသက်သက်စိန်က ဝန်ထမ်းအင်အားနှင့် ဆေးဝါးကုသစောင့်ရှောက်ပေးနေမှု အခြေအနေများကို တင်ပြပြီး ညွှန်ကြားရေးမှူးချုပ်များက ဖြည့်စွက်တင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် နိုဝင်ဘာ ၁၇ ရက်တွင် ဝမ်းတွင်းမြို့နယ်ဆေးရုံ၊ သာစည်မြို့နယ်ဆေးရုံနှင့် ပျော်ဘွယ်မြို့နယ်ဆေးရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆရာဝန်၊ ဆရာမများအနေဖြင့် အရည်အသွေးပြည့်ဝစွာ တာဝန်ထမ်းဆောင်နိုင်ရန် ဆေးပညာကို စဉ်ဆက်မပြတ် ဆက်လက်ဆည်းပူးလေ့လာနေရမည်ဖြစ်ကြောင်း၊ ဆေးရုံများတိုးတက်ကောင်းမွန်သန့်ရှင်းရန်အတွက် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း၊ အလုပ်နှင့်သက်သေပြပြီး ပြည်သူလူထုပါဝင်စေရန် စည်းရုံးရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# ပျော်ဘွယ်မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များထုတ်ပေး

**ပျော်ဘွယ် နိုဝင်ဘာ ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်၏ မြို့နယ်လုံးကျွတ် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ပျော်ဘွယ်မြို့နယ် ကျောက်ဆည်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ရှေးဦးစွာ ရမည်းသင်းခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်အောင်ဆန်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်များကိုလည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးမျိုးမြင့်သိန်းက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များရရှိခြင်းအကျိုးကျေးဇူးကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး၊ မန္တလေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတင်စိုး၊ ရမည်းသင်းခရိုင် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းနှင့် အတွင်းရေးမှူး ဦးမြင့်ဦး၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်အောင်ဆန်းနှင့် အတွင်းရေးမှူး ဦးမျိုးမြင့်သိန်းတို့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို ပေးအပ်ရာ တောင်သူများကိုယ်စား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက လက်ခံယူကြသည်။

ပျော်ဘွယ်မြို့နယ်တွင် ရပ်ကွက်ကျေးရွာပေါင်း ၈၃ အုပ်စုရှိပြီး တောင်သူပေါင်း ၆၆၀၇၁ ဦး၊ ဦးပိုင်ပေါင်း ၁၄၁၉၆၂ တို့အား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်(ပုံစံ-၇)များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်မြေစာရင်းဦးစီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြို့နယ်လုံးကျွတ် ထုတ်ပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(၄၄၀)**

# သခင်ဖိုးလှကြီးကြေးသွန်းရုပ်တုထားရှိမည့်အုတ်ခုံ ပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပ

**ချောက် နိုဝင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အမှတ်(၆)နယ်မြေ ရေနံဆေးရုံရှေ့ မေဒေးကျောက်တိုင်ဝင်းအတွင်းရှိ အာဇာဝကသခင်ဖိုးလှကြီးကြေးသွန်းရုပ်တုထားရှိမည့် အုတ်ခုံပန္နက်တင်မင်္ဂလာအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သက်၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထင်အောင်၊ မြို့နယ်အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးသန်းငွေ၊ စိန်ရတုအခမ်းအနားကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးညိုသွေး၊ အဖွဲ့ဝင် ဦးသန်းဝင်း၊ ဦးစိုးဝင်းနှင့် ရေနံချက်စက်ရုံမှူး ဦးကျော်စိုးဝင်းတို့က သက်မှတ်နေရာများတွင် အုတ်မြစ်စီပေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)** **ဝင်ရွှေ(ချောက်)**



# ကလေးမြို့ အနောက်မြောက်လမ်းပေါ်က ဆည်ကြီးတံတားပြုပြင်

**ကလေး နိုဝင်ဘာ ၂၁**

ကလေးမြို့ အနောက်မြောက်လမ်းမကို မိုးတွင်းအချိန်၌ အလွန်ရေစီးသန်သည့် နတ်တံခါးချောင်းနှင့် ဆည်ကြီးချောင်းများ ဖြတ်ဝင်စီးဆင်းပြီး အဆိုပါ ချောင်းများကိုဖြတ်လျက် တည်ဆောက်ထားသော နတ်တံခါးသံကူကွန်ကရစ်တံတားနှင့် ဆည်ကြီးသစ်သားတံတား **(အောက်ပုံ)**တို့သည် အနောက်မြောက်ဘက် ပြည်သူများအတွက် ခရီးသွားလာမှု အလွန်အထောက်အကူပြုသည့် တံတားနှစ်စင်းဖြစ်ကြသည်။

**ပျက်စီးခဲ့**

သို့သော်လည်း ကလေးမြို့ ရေကြီးရေလျှံမှုကြောင့် တံတားနှစ်စင်းလုံး ပျက်စီးသွားပြီး ဆည်ကြီးသစ်သားတံတားသည် ခါးလယ်မှ ကျိုးပြတ်ပျက်စီးသွားကာ တံတားကမ်းကပ်ကမ်းပါးနံရံများသည်လည်း ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးသွားခဲ့သည်။

ယခုအချိန်တွင် ဆည်ကြီးသစ်သားတံတားသည် ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိပြီး ပြိုကျသွားသော တံတားကမ်းကပ်နံရံများကိုလည်း အမာခံကျောက်စီခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မကြာမီ ပြီးစီးလာမည်ဖြစ်သည်။

**အထောက်အကူပြု**

အဆိုပါ အနောက်မြောက်လမ်းမသည် ကလေးမြို့မှ လက်ပံချောင်း၊ မြစ်မိမ်း-မြလင်း-ရှုခင်းသာနှင့် ရာဇဂြိုဟ်ကျေးရွာများကိုဖြတ်လျက် မြန်မာ-အိန္ဒိယ ချစ်ကြည်ရေးလမ်းမဖြစ်သော ကလေး-တမူးလမ်းမသို့ ဆက်သွယ်ထားသည့် လမ်းဖြစ်သဖြင့် ကလေးမြို့ ပြည်သူများအတွက် အလွန်အထောက်အကူပြုသည့် လမ်းမဖြစ်သည်။

**ဂျူနိုင်း**



# ကျေးရွာမီးလင်းရေး အလှူငွေပေးအပ်

**ပခုက္ကူ နိုဝင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် မြို့ခင်းသာကျေးရွာအုပ်စု မြို့ခင်းသာကျေးရွာ ဆုတောင်းပြည့် ဓမ္မာရုံပေါ်၌ နိုဝင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးထင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ဝင်း၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မျိုးထွေး၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဇေယျာမင်းတို့သည် ကျေးရွာမီးလင်းရေးအတွက် ကျေးရွာပြည်သူများ၊ ကျေးရွာမီးလင်းရေးကော်မတီဝင်များ၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတို့နှင့် တွေ့ဆုံကာ ကျေးရွာမီးလင်းရေးအတွက် အကြံပြုဆွေးနွေးကြပြီး ကျေးရွာမီးလင်းရေး ကော်မတီဘဏ္ဍာရေးမှူး ဦးဇော်ဝင်းက ကျေးရွာမီးလင်းရေး ကော်မတီဥက္ကဋ္ဌ ဦးမျိုးမြင့်ထံ ငွေကျပ်သိန်း ၁၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**အောင်(မန်းတက္ကသိုလ်)**

# မြန်မာ့မီးရထား တိုင်းအမှတ်(၂)မှ မီးရထားလမ်းပိုင်းများ ကြံ့ခိုင်ရေး စစ်ဆေးဆောင်ရွက်

**မော်လူး နိုဝင်ဘာ ၂၁**

မြန်မာ့မီးရထား တိုင်းအမှတ်(၂)မှ မီးရထားလမ်းပိုင်းများ ကြံ့ခိုင်ရေးအတွက် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)သည် သံလမ်းကားဖြင့် နိုဝင်ဘာ ၁၆ ရက်က မီးရထားလမ်းပိုင်းများကို စစ်ဆေးကြည့်ရှုခဲ့သည်။ မြန်မာ့မီးရထား တိုင်းအမှတ်(၂)အတွင်းပါရှိသည့် မီးရထားလမ်းပိုင်းဖြစ်သည့် ရွာထောင်ဘူတာမှ နန့်စီးအောင်ဘူတာအထိ မီးရထားလမ်းပိုင်းများ ကြံ့ခိုင်မှုရှိ မရှိ၊ ဇလီဖားတုံးများ ကောင်းမွန်ခြင်းရှိမရှိ၊ မီးရထားသံလမ်းများ ကြံ့ခိုင်မှုရှိစေရန် လိုအပ်သည့်ကျောက်များ ဖြည့်တင်းထားမှုရှိ မရှိတို့ကို မီးရထားလမ်းတစ်လျှောက် သံလမ်းကားဖြင့် စစ်ဆေးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **(၁၇၁)**

## ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် အဌမပုံမှန်အစည်းအဝေးမှ သတင်းများ

**ပုသိမ်ကြီး**

❖ ပုသိမ်ကြီးမြို့နယ် အုန်းချောကျေးရွာ ဈေးတောင်ဘက်လမ်း အရှည်ပေ ၁၆၀၀ ကို ကျောက်ချောလမ်းမှ ကတ္တရာလမ်း အဆင့်မြှင့်တင်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၁၄ ဒသမ ၅၅ သန်း၊ မြမာလာလမ်း၊ အရှည်ပေ ၈၅၀ ကျောက်ချောလမ်းကို ကတ္တရာလမ်းအဆင့်မြှင့်တင်ရန်အတွက် ခန့်မှန်းကုန်ကျငွေကျပ် ၇ ဒသမ ၇၃ သန်း၊ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် ၂၂ ဒသမ ၂၈ သန်းဖြင့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မန္တလေး**

❖ အောင်မြေသာစံမြို့နယ် အမှတ် (၁၀)လမ်းပေါ်ရှိ နဒီချောင်းတံတားနှင့်လမ်းအဆက်ကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အမရပူရ**

❖ အမရပူရမြို့နယ် ဒေါင်းရွေးကျေးရွာအုပ်စု မယ်တော်စုကျေးရွာမှ မြစ်ငယ်-ထုံးဘိုလမ်း(မင်္ဂလာတံတားထိပ်)ကို ကျောက်ချောလမ်းခင်းပေးနိုင်ရန် ကွင်းဆင်းတိုင်းတာတွက်ချက်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရန်ပုံငွေတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သာစည်**

❖ မြို့တွင်းလမ်း(၁၅)လမ်း၌ လက်ရှိထွန်းညှိထားသော လမ်းမီးတိုင် ၃၀ တွင် လမ်းမီးများပြုပြင်လဲလှယ်တပ်ဆင်ခြင်း၊ လမ်းမီးတိုင်နှင့် မီးကြိုးရှိပြီး လမ်းမီးထွန်းညှိပေးနိုင်ခြင်းမရှိသေးသော မီးတိုင် ၈၅ တိုင်တွင် မီးကွေးအသစ်ထွန်းညှိခြင်းလုပ်ငန်းများကို ခန့်မှန်းကုန်ကျငွေကျပ်သန်း ၁ ဒသမ ၇၀ ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားပြီးဖြစ်ကြောင်း သိရသည်။

**ပျော်ဘွယ်**

❖ ကျောက်ဆည် ရွှေညောင်ဖူးလမ်းမှ ပုတီးကုန်းသုံးရွာအထိ မြေသားလမ်း နှစ်မိုင်ကို ပေ ၃၀၊ အကျယ် သုံးပေ၊ အမြင့် ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်ပေးရန် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် ရန်ပုံငွေတောင်းခံ၍ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

❖ မြောက်ကံကြီးကျေးရွာအုပ်စုနှင့် ထရန်ကာကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ပျော်ဘွယ်-နတ်မောက် မကွေးကားလမ်းရှိ ယုံကုန်းကျေးရွာသို့ ဆက်သွယ်သည့် မြေသားလမ်းအရှည် ခြောက်မိုင်ကို အကျယ်ပေ ၃၀၊ အမြင့်သုံးပေရှိသော ကျောက်ချောလမ်းအဆင့်သို့ တိုးမြှင့်ပေးရန် ၂၀၁၄-၂၀၁၅ ခုနှစ်မှစ၍ ရန်ပုံငွေတောင်းခံပြီး နှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဒီစီအီး(မန္တလေး)**

# ပင်စင်လစာ ထုတ်ယူခြင်းများ အဆင်ပြေစေရန် ကွင်းဆင်းဆောင်ရွက်ပေး

**အင်းတော် နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့ မြန်မာ့စီးပွားရေးဘဏ်မှ မြို့နယ်အတွင်းရှိ အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာထုတ်ယူခြင်းများ အဆင်ပြေစေရန် ဘဏ်မန်နေဂျာကိုယ်တိုင်ဦးစီးပြီး ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို နိုဝင်ဘာလအတွင်း ဆောင်ရွက်နေကြောင်း သိရသည်။

မြို့နယ်စီးပွားရေးဘဏ်ခွဲများတွင် တိုးမြှင့်ပင်စင်ထုတ်ပေးရန် ကျန်ရှိနေသော ပင်စင်စားများသို့ တိုးမြှင့်ပင်စင်လစာများ ဘဏ်သို့ လာရောက်ထုတ်ယူကြရန်၊ ခရိုင်နှင့် မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများမှတစ်ဆင့် သင့်ရာနည်း၊ လူ သို့မဟုတ် စာဖြင့် အကြောင်းကြားဆောင်ရွက်ပါရန်၊ ဘဏ်သို့ တိုးမြှင့်ပင်စင်ခွင့်ပြုမိန့်ရောက်ရှိပြီး လာရောက်မထုတ်ယူနိုင်သေးသည့် အငြိမ်းစား ပင်စင်စားများစာရင်းကို ဘဏ်အတွင်း အများမြင်သာသောနေရာတွင် အသိပေးကြေညာထားပေးခြင်း၊ တိုင်းဒေသကြီး/ပြည်နယ် မန်နေဂျာများ၊ ခရိုင်၊ မြို့နယ်မန်နေဂျာများသည် မိမိလက်အောက်ခံဘဏ်ခွဲများသို့ လစဉ်ပုံမှန်စစ်ဆေးရန်အတွက် ထုတ်ပေးမှု၊ ထုတ်ပေးရန်ကျန်ရှိနေသည့် အခြေအနေများကို ကြပ်မတ်စစ်ဆေးကြရန်၊ တိုးမြှင့်လစာများအမြန်ဆုံးထုတ်ပေးနိုင်ရန် စသည့် အချက်အလက်များကို အငြိမ်းစားဝန်ထမ်းပင်စင်လစာရရှိသူများ သိရှိနိုင်စေရန် အင်းတော်မြို့ မြန်မာ့စီးပွားရေးဘဏ် မန်နေဂျာက ဦးစီးပြီး ကွင်းဆင်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဘဏ်ဝန်ထမ်းတစ်ဦးထံမှ သိရသည်။

**ခင်မောင်ဆွေ(မော်လူး)**

**လျှပ်စစ်သုံးလျှင် သတိယှဉ်**
**ဝန်အားမမျှ မသုံးရ**

# ပြည်ထောင်စုဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အာရှပစိဖိတ်ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ အတွင်းရေးမှူး ဦးဆောင်သောအဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုအား အာရှပစိဖိတ် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးအဖွဲ့ (APG) အတွင်းရေးမှူးဖြစ်သူ Mr.Gordon Philip Hook နှင့် အဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် ညနေ ၃ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက်တွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**





# ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးသူရသက်ဆွေ မလေးရှားရေတပ်ဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

**နေပြည်တော် နိုဝင်ဘာ ၂၁**

မလေးရှားရေတပ်ဦးစီးချုပ် Admiral Tan Sri Abdul Aziz Jaafar နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၀ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ ရောက်ရှိကြသည်။

မွန်းလွဲပိုင်းတွင် မလေးရှား ရေတပ်ဦးစီးချုပ်အား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေက နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ရှေ့၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုဂုဏ်ပြုသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးသူရသက်ဆွေနှင့် မလေးရှားရေတပ်ဦးစီးချုပ် ဦးဆောင်သော အဖွဲ့တို့ ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံတပ်မတော်(ရေ)နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေး၊ တွေ့ဆုံဆွေးနွေးပွဲများ ပြုလုပ်နိုင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာဖွင့် ရေရှည်တည်တံ့ခိုင်မြဲပြီး ဆက်လက်တိုးချဲ့နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပေး

**ရန်ကုန် နိုဝင်ဘာ ၂၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ပထမဆုံး အခမဲ့ သက်ကြီးရွယ်အိုများ နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (Day Care Center for the Aged) ကို ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းနှင့် ပါရမီလမ်းထောင့် အမှတ်(၆၄)၌ နိုဝင်ဘာ ၂၀ ရက် နံနက် ၈ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး**(ယာပုံ)** ဘုရားခန်း၊ အဘိုးနားနေခန်း၊ အဘွားနားနေခန်း၊ အနောက်တိုင်းနှင့် တိုင်းရင်းဆေးပေးခန်း၊ ဧည့်ခန်း၊ ကိုယ်ကာယလေ့ကျင့်ခန်း၊ အပန်းဖြေ နားနေခန်း၊ စာကြည့်ခန်း၊ တစ်ကိုယ်ရေသန့်ရှင်းခန်း၊ ကွန်ပျူတာခန်း၊ သီချင်းကြည့်ဆိုခန်း၊ စားသောက်ခန်းနှင့် နှစ်သိမ့်ဆွေးနွေးခန်းတို့တွင် အဘိုးအဘွားများအား ပြုစုစောင့်ရှောက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာနက အသိအမှတ်ပြုထားပြီးသည့် ပထမအဆင့် ဘိုးဘွားရိပ်သာ ၂၈ ခု၊ ဒုတိယအဆင့် ဘိုးဘွားရိပ်သာ ၂၃ ခု၊ တတိယအဆင့် ဘိုးဘွားရိပ်သာ ၂၃ ခု စုစုပေါင်း



ဘိုးဘွားရိပ်သာ ၆၄ ခုတို့ကို (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်က ထောက်ပံ့ငွေ စုစုပေါင်း ၁၃၁ ဒသမ ၀၅ သန်းကို ထောက်ပံ့ပေးလျက်ရှိကြောင်း၊ သက်ကြီးရွယ်အိုများ၏ လူမှုရေးလိုအပ်ချက်ကို ဖြည့်ဆည်းရန်နှင့် ၎င်းတို့၏ အခန်းကဏ္ဍများကို ပိုမိုတိုးမြှင့်နိုင်ရန် သက်ကြီးရွယ်အိုများအတွက် နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာ (DayCare Center for the Aged)ကို စတင်ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ နေ့ပိုင်းသက်ကြီးရွယ်အိုများ စောင့်ရှောက်ရေးဂေဟာကြီး ရေရှည်တည်တံ့ခိုင်မြဲပြီး ဆက်လက် တိုးချဲ့နိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ စံနမူနာအဖြစ် သတ်မှတ်အတုယူနိုင်အောင် တက်ရောက် လာကြသူအားလုံး ပူးပေါင်း ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်း မှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အဘိုးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

သက်ကြီးရွယ်အိုများအတွက် နေ့ပိုင်း စောင့်ရှောက်မှုဂေဟာတွင် ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ အသက် ၇၀ နှစ်အထက်နှင့် လူမှုရေးအရ ဦးစားပေးပြုစုစောင့်ရှောက်မှု ပေးရန်လိုအပ်သော အဘိုး၊ အဘွားများအား (အစိုးရရုံးပိတ်ရက်များမှအပ) တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီခွဲအတွင်း မူကြိုကလေးများနှင့် လူငယ်များဖြင့် တွေ့ဆုံစေခြင်းနှင့် ဝါသနာပါရာလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ အထွေထွေကျန်းမာရေး စစ်ဆေးပေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများဆောင်ရွက်ပေးခြင်း၊ စာဖတ်ခြင်း၊ အင်တာနက် အသုံးပြုခြင်း၊ ရုပ်သံလိုင်းကြည့်ရှုခြင်း၊ ကာရာအိုကေသီဆိုခြင်း၊ တရားထိုင်ခြင်း၊ စစ်တုရင်နှင့်ကျားထိုးခြင်း၊ နေ့လယ်စာကျွေးမွေးခြင်း၊ ကော်ဖီလက်ဖက်ရည်နှစ်ကြိမ်တိုက်ကျွေးခြင်း၊ ကျန်းမာရေး၊ လူမှုရေးနှင့် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာများ ဟောပြောဆွေးနွေးခြင်း အစီအစဉ်များဖြင့် ပြုစုစောင့်ရှောက်မှုပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# သန်းခေါင်စာရင်းကောက်ယူရေးရှင်းလင်းဟောပြော

**မူဆယ် နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဦးစီးပြုလုပ်သော သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ရှင်းလင်းဟောပြောပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၉ နာရီက မူဆယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်က သန်းခေါင်စာရင်း ကောက်ယူရေး နိုင်ငံတော်အဆင့် စီမံချက်များကို ပြောကြားပြီး သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ လုပ်ငန်းစဉ်အသေးစိတ်ကို မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးမင်းဆွေက ဌာနဆိုင်ရာနှင့် မြို့ပေါ်ပြည်သူလူထုကို ရှင်းလင်းခဲ့သည်။

**ဖြေကြား**

ဆက်လက်၍ ပြည်သူများက မရှင်းလင်းသည့် မေးမြန်းချက်များကို မူဆယ်ခရိုင် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးဝင်းကိုက ပြန်လည်ရှင်းလင်း ဖြေကြားကြောင်း သိရသည်။ **အယ်လ်စိုး(iprd)**

# လူကုန်ကူးမှုတားဆီးကာကွယ်ရေး ပညာပေးဟောပြော

**နတ်တလင်း နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်း အထက မနောဟာဒယခန်းမတွင် နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး လူကုန်ကူးမှုတားဆီးရေး အထူးအဖွဲ့မှ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများ ဟောပြောပွဲ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်လွင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ မြို့ပေါ်လေးရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူကုန်ကူးမှုစောင့်ကြည့်ရေး အဖွဲ့ဝင်များနှင့် ကျောင်းသားကျောင်းသူနှင့် ဆရာဆရာမများ တက်ရောက်ခဲ့ပြီး တိုင်းဒေသကြီးလူကုန်ကူးမှုတားဆီးရေးအထူးအဖွဲ့မှ ဒုတပ်ဖွဲ့စုမှူး ဒုရဲမှူးမျိုးသိန်းက လူကုန်ကူးမှုအကြောင်း သိကောင်းစရာများ၊ ရပ်/ကျေးစောင့်ကြည့်ရေးအဖွဲ့၏ သိကောင်းစရာများနှင့် နတ်တလင်းမြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးညွန့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကို ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ခိုင်းနွားများနှင့် မွေးမြူရေးဝက်များ ခွာနာ၊ လျှာနာရောဂါများဖြစ်ပွား

**ခင်ဦး နိုဝင်ဘာ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် ရွာသစ်ကျေးရွာတွင် နိုဝင်ဘာ ၁၅ ရက်ကစ၍ မွေးမြူရေးဝက်များ ခွာနာ၊ လျှာနာရောဂါများ ဖြစ်ပွား နေကြောင်း သိရသည်။

ရွာသစ်ကျေးရွာတွင် ခိုင်းနွားကောင်ရေ ၂၀၀ ခန့်နှင့် မွေးမြူရေးဝက်ကောင် ရေ ၃၀၀ ခန့် မွေးမြူထားရှိရာ ခိုင်းနွားကောင်ရေ ၁၁၀ ခန့်နှင့် မွေးမြူရေး ဝက်ကောင်ရေ ၅၀ ခန့်မှာ ခွာနာ၊ လျှာနာရောဂါများဖြစ်ပွားနေသဖြင့် မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ နိုဝင်ဘာ ၂၀ ရက်တွင် တင်ပြအကြောင်းကြားထားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမင်းမော်က ပြောကြားကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

# မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၁**

မြဝတီမြို့ အမှတ်(၅)ရပ်ကွက် ဝါးတောကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပရာ မြဝတီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ငွေက မူးယစ်ဆေးဝါး၊ ယာဉ်/လမ်းစည်းကမ်း၊ မှုခင်းကြိုတင်ကာကွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ အမှတ်(၃၂) မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (မြဝတီ)မှ တပ်ဖွဲ့စုမှူး ရဲမှူးအောင်စည်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သုံးစွဲခြင်း၊ ကော်ရှူခြင်းတို့၏ အန္တရာယ်ဆိုးကျိုးများကိုလည်းကောင်း၊ မြဝတီမြို့နယ် ဥပဒေအရာရှိ ဦးစောသိန်းဖေမြင့်က မူးယစ်ဆေးဝါးဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ ဒုတိယမြို့နယ် တရားသူကြီး ဦးဇော်လင်းမောင်က တရားစီရင်ရေးဆိုင်ရာများကိုလည်းကောင်း၊ မြဝတီ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စုမှ ဒုတိယရဲမှူးတင်ထွန်းအောင်က လူကုန်ကူးမှုမခံရစေရေးကို လည်းကောင်း၊ မြဝတီမြို့ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းက မူးယစ်ဆေးဝါးသုံးစွဲသူများ ဆေးဝါးကုသရေးဆိုင်ရာများကိုလည်းကောင်း၊ မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးတို့က သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာများကိုလည်းကောင်း ဟောပြောခဲ့ကြသည်။ ဟောပြောပွဲသို့ ရပ်ကွက်အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ပြည်သူ စုစုပေါင်း ၄၅၀ တက်ရောက်ခဲ့ကြောင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(ရဲပြန်ကြား)**

ပြည်တွင်းသတင်း

# ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန မြန်မာသမိုင်းသုတေသနစာစောင် အမှတ်(၂၄) ထုတ်ဝေဖြန့်ချိ

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနသည် သုတေသနပြု၍ ရေးသားပြုစုသော စာအုပ်များကို စဉ်ဆက်မပြတ် ထုတ်ဝေခဲ့သည့်အပြင် မြန်မာသမိုင်း သုတေသနစာစောင်ကို လည်း တစ်နှစ်လျှင်နှစ်ကြိမ်ဖြင့် ထုတ်ဝေဖြန့်ချိလျက်ရှိရာ ယခုမြန်မာသမိုင်း သုတေသနစာစောင် အမှတ်(၂၄)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။ ယခုထုတ်ဝေလိုက်သည့် မြန်မာသမိုင်း သုတေသနစာစောင်အမှတ် (၂၄)တွင် သုတေသနစာတမ်း ၁၂ စောင်ပါဝင်ပြီး ပုဂံခေတ်သမိုင်းကြောင်း၊ ကုန်းဘောင်ခေတ်သမိုင်းကြောင်း၊ ဂျပန်ခေတ်သမိုင်းကြောင်း၊ ကိုလိုနီခေတ်နှင့် ညောင်ရမ်းခေတ် အပိုင်းတို့ကို လေ့လာသုံးသပ်တင်ပြထားသည့် စာတမ်းများဖြစ်သည့်အတွက် သမိုင်းလေ့လာသူ၊ သမိုင်းပညာရပ်ကို ဝါသနာထုံသူ၊ သမိုင်းပညာဖြင့် မကင်းနိုင်သူများ၊



သမိုင်းဘာသာရပ်ကို သင်ကြားပို့ချပေးနေသောဆရာ၊ ဆရာမများနှင့် သမိုင်းကျောင်းသား၊ ကျောင်းသူများအတွက် မရှိလျှင်မဖြစ် လက်ဝယ်ရယူထားရမည့် စာအုပ်ကောင်းဖြစ်သည်။

၎င်းစာအုပ်ကို သမိုင်းသုတေသနဦးစီးဌာနမှဖြန့်ချိ၍ ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသနဦးစီးဌာန၏ စာအုပ်အရောင်းဆိုင်တွင် လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန ရုံးအမှတ်(၃၅)တွင်လည်းကောင်း တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။ ထို့ပြင် နေပြည်တော်ရုံးအမှတ်(၃၅)မှ ဖုန်း-၀၆၇-၄၀၈၃၈၄၊ ၄၀၈၃၄၄ နှင့် သမိုင်းသုတေသနဦးစီးဌာနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန(ရန်ကုန်)ဖုန်း-၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၂ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ယခင်ထုတ်ဝေခဲ့သည့် စာအုပ်များ၊ မြန်မာသမိုင်းသုတေသန စာစောင်များကိုလည်း အထက်ပါ လိပ်စာများအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။

# နှမ်းနက်နှင့် နှမ်းနက်(စမုန်) အရောင်းသွက်

**မကွေး နိုဝင်ဘာ ၂၁**

မကွေးဈေးကွက် အတွင်းသို့ အနယ်နယ် အရပ်ရပ်က ဝင်ရောက်လာသည့် နှမ်းနက်နှင့် နှမ်းနက်(စမုန်) များ အရောင်းသွက်နေကြောင်း သိရသည်။ အဓိက ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နှမ်းနက်နှင့် နှမ်းနက်(စမုန်)များသည်တရုတ်သို့ဝင်ရောက်မှုရှိသလောက် အရောင်းအဝယ်ဖြစ်နေသည်။

အဓိကဝယ်ယူရရှိသော ဒေသများမှာ မကွေးတိုင်းဒေသကြီး အောင်လံ၊ သရက်၊ မင်းတုန်းမြို့နယ်များဖြစ်သည့် နှမ်းများအရောင်တူညီမှုများရှိလျှင် အရောင်ကွဲအမျိုးအစားကို သုံးရာခိုင်နှုန်း သတ်မှတ်ဝယ်ယူပြီး တောင်သူများထံမှ နှမ်းများဝယ်ယူရာတွင် ထောင်လှမ်းစနစ်ဖြင့် လှမ်းပြီး ခြောက်သွေ့မှု ပုတ်ခါပြာတီးပြီး အစိုဓာတ်ကို ငါးရာခိုင်နှုန်းသတ်မှတ် အရောင်းအဝယ်ပြုကြသည်။

နိုဝင်ဘာ ဒုတိယအပတ်က နှမ်းနက် တစ်ပိဿာ ပေါက်ဈေး ၃၂၂၂ ကျပ်ဖြင့် ဈေးသာလျက်ရှိသည်။ နှမ်းနက်(စမုန်) တစ်ပိဿာ ၃၇၃၃ ကျပ်ဈေးဖြစ်သည်။ ရာသီဥတုကြောင့် နှမ်းများ အထွက်နှုန်းလျော့ကျသည့်အချိန်၊ လှောင်လက်များ လက်ကျန်နည်းသည့်အချိန်၊ ပြည်ပတရုတ်ဝယ်လက်က ဆွဲအားကောင်းသည့်အချိန် တိုက်ဆိုင်နေပြီး နှမ်းဈေးများ ထူးထူးခြားခြားဈေးသာလျက်ရှိသည်။

ထို့ကြောင့် လာမည့်နှစ်တွင် နှမ်းကိုပိုမိုစိုက်ပျိုးသင့်ကြောင်း၊ လစဉ်ဆက်တိုက်နှမ်းဈေးများ မြင့်တက်လာသလို ပြည်ပဈေးကွက်မှာလည်း တစ်နေရာရရှိပြီးဖြစ်၍ နှမ်းများကို ပိုမိုတွင်ကျယ်စွာ စိုက်ပျိုးသင့်ကြောင်း မကွေးဒေသခံ ကုန်သည်ကြီးတစ်ဦးက ပြောသည်။ **မကွေး-လှမြင့်**

# ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၁၁-၂၀၁၃

### ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

| | | |
|---|---|---|
| ရန်ကုန်ရွှေဈေး | တစ်ကျပ်သား | ၆၇၈၀၀၀-၆၃၈၂၀၀ |
| မန္တလေးရွှေဈေး | တစ်ကျပ်သား | ၆၇၇၅၀၀-၆၃၇၆၀၀ |

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

### နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၆၉-၉၇၅ | ကျပ် |
| ဥရောပ | တစ်ယူရို | ၁၃၀၅-၁၂၉၀ | ကျပ် |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၅-၇၈၃ | ကျပ် |
| ထိုင်း | တစ်ဘတ် | ၃၁.၈-၃၂ | ကျပ် |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၄-၁၅.၇ | ကျပ် |
| တရုတ် | တစ်ယွမ် | ၁၅၄-၁၆၀ | ကျပ် |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၈-၃၃၂ | ကျပ် |

### စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ၈၁၄ ကျပ် |
| ဒီဇယ် | တစ်လီတာ | ၉၂၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၉၃၀ ကျပ် |
| အောက်တိန်း ၉၅ | တစ်လီတာ | ၁၀၉၀ ကျပ် |
| ပရီမီယံဒီဇယ် | တစ်လီတာ | ၉၅၀ ကျပ် |

### သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

| | | | |
|---|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၃၅၀၀-၄၅၀၀ | ကျပ် |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၂၅၀၀-၄၀၀၀ | ကျပ် |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၇၀၀၀ | ကျပ် |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ | ကျပ် |
| ၅။ ပုစွန်(ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၀၀၀ | ကျပ် |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၃၀၀၀ | ကျပ် |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၂၅၀၀၀ | ကျပ် |
| ၈။ ကြက် | တစ်ပိဿာ | ၄၅၀၀-၁၁၀၀၀ | ကျပ် |
| ၉။ ဝက် | တစ်ပိဿာ | ၄၅၀၀-၈၀၀၀ | ကျပ် |
| ၁၀။ အမဲ | တစ်ပိဿာ | ၃၅၀၀-၇၀၀၀ | ကျပ် |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၁၀၀၀-၁၅၀၀၀ | ကျပ် |

ခင်ရတနာ-စုစည်းသည်။

### ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

| | | |
|---|---|---|
| ၁။ နွေဆန် | တစ်အိတ် | ၁၉၀၀၀ |
| ၂။ ပေါ်ကွဲ | တစ်အိတ် | ၂၂၀၀၀ |
| ၃။ ပေါ်ဆန်းယဉ်(အသစ်) | တစ်အိတ် | ၁၉၀၀၀-၂၄၀၀၀ |
| ၄။ မြေပဲဆီ | တစ်ပိဿာ | ၃၅၀၀ |
| ၅။ စားအုန်းဆီ | တစ်ပိဿာ | ၁၆၁၀ |
| ၆။ ဆိပ်ဖြူကြက်သွန်နီ | တစ်ပိဿာ | ၆၇၅-၉၇၅ |
| ၇။ ရှမ်းကြက်သွန်ဖြူ | တစ်ပိဿာ | ၁၂၀၀-၁၉၅၀ |
| ၈။ ကြက်သွန်ဖြူ (ကြူကုတ်) | တစ်ပိဿာ | ၁၂၀၀-၁၂၅၀ |
| ၉။ အာလူး (ဟဲဟိုး) | တစ်ပိဿာ | ၄၀၀-၆၅၀ |
| ၁၀။ ရေတ်ရှည် (ဝါးခယ်မ) | တစ်ပိဿာ | ၂၃၀၀-၂၄၀၀ |
| ၁၁။ ရေတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၂၆၀၀-၃၅၀၀ |
| ၁၂။ သကြား | တစ်ပိဿာ | ၁၀၂၀-၁၀၇၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

# ယာဉ်နှင့်ယာဉ်အပိုပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ပြပွဲခင်းကျင်းပြသ

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံတွင် ယာဉ်နှင့်ပတ်သက်သည့် ယာဉ်ပိုင်ရှင်များ သုံးစွဲသူများအတွက် နိုင်ငံတကာစက်မှုကုန်စည်ပြပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည်။ **(ယာပုံ)**



ယာဉ်အပိုပစ္စည်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ ပြပွဲတွင် တရုတ်၊ ထိုင်ဝမ်၊ ကိုရီးယား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်းအစရှိသည့် နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကုမ္ပဏီ ၁၈၀ တို့၏ ပြခန်းများတွင် ကားနှင့်ပတ်သက်သော ယာဉ်အပိုပစ္စည်းအသစ်များကို ပြသထားသည်။ လုပ်ငန်းသစ်များကို တွေ့မြင်နိုင်ရန်အတွက် မြန်မာနိုင်ငံရှိ ယာဉ်အပိုပစ္စည်းရောင်းဝယ်ရေး လုပ်ငန်းများ၊ မော်တော်ယာဉ်အရောင်းပြခန်း စင်တာများ၊ ယာဉ်ပြင်ဆင်ရေး အလုပ်ရုံများ၊ ဆားဗစ်စင်တာလုပ်ငန်းရှင်များက စိတ်ဝင်စားစွာ လာရောက်ကြည့်ရှုကြသည်။ မော်တော်ယာဉ်နှင့် ပတ်သက်သည့် အပိုပစ္စည်းနှင့် ဝန်ဆောင်မှုဆိုင်ရာ ကဏ္ဍတွင်လည်း စိတ်ဝင်စားဖွယ်ရာ ပြသထားသည်။ ထို့ပြင် MOTUL AUTO မှ ချော်ဆီများကို တန်ဖိုးကြီးကားများနှင့် အတူ ပြသထားသည်။ ပြပွဲတွင် Business Networking Meeting ကိုလည်း ကျင်းပမည်ဖြစ်သည်။

ပြပွဲစီစဉ်ကျင်းပသူ AMB Events Group ဌာနေ ဒုတိယဥက္ကဋ္ဌ Mr.Richard Yew က ပြောကြားရာတွင် မြန်မာနိုင်ငံ၏ အော်တိုကားဈေးကွက်မှာ အလွန်ကြီးမားလာပြီး နာမည်ကြီး အော်တိုကားကုမ္ပဏီပေါင်းများစွာလည်း ဝင်ရောက်လာပြီဖြစ်ကြောင်း၊ ကားပိုင်ရှင်များအတွက် အရည်အသွေး ကောင်းမွန်သော ယာဉ်အပိုပစ္စည်းများနှင့် စိတ်ချရသော ဆားဗစ်စင်တာများကို ရှာဖွေနေကြပြီး ယာဉ်နှင့်ပတ်သက်သည့် လုပ်ငန်းရှင်များအနေဖြင့် ပိုမိုကောင်းမွန်သော အရည်အသွေးမြင့်တင်ရန် လိုအပ်ကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် စက်တင်ဘာလမှစတင်၍ နိုင်ငံခြားမှ ယာဉ်တင်သွင်းခွင့်ပြုခဲ့ရာ ယာဉ်အစီးရေ နှစ်သိန်းကျော်ခန့် တင်သွင်းပြီးဖြစ်ကြောင်း သိရသည်။ ပြပွဲတွင် မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်မှုနှင့် ဖြန့်ဖြူးရောင်းချသူများ အသင်းမှလည်း ပြပွဲကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီကြောင်း သိရသည်။ **အောင်သူရ**

# မြိတ်မြို့၌ ဆောင်းသီးနှံမျိုးစေ့များ အရောင်းသွက်

**မြိတ် နိုဝင်ဘာ ၂၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ပေါ် စိုက်ပျိုးရေးဆေးဆိုင်များနှင့် တွဲလျက် မျိုးစေ့အရောင်းဆိုင်များက ဆောင်းရာသီတွင် စိုက်ပျိုးသည့် ဆောင်းသီးနှံများဖြစ်သော ပန်းဂေါ်ဖီ၊ မုန်ညင်းဖြူ၊ မုန်ညင်းစိမ်း၊ မုန်ညင်းထုပ်၊ မုန်လာဥဖြူ၊ ရွက်စားမုန်လာ၊ ဆလတ်ရွက်နှင့် ကိုက်လန်မျိုးစေ့များ အရောင်းသွက်လျက်ရှိကြောင်း ဆိပ်ငယ်ဈေးနှင့် မြို့ပေါ်စိုက်ပျိုးရေး မျိုးစေ့ဆိုင်များမှ သိရသည်။

အဆိုပါ မျိုးစေ့များမှာ ပါကင်ထုပ်ဖြင့်လည်းကောင်း၊ သံဘူးဖြင့်လည်းကောင်း အမျိုးမျိုးရှိပြီး တစ်ထုပ်လျှင် ငွေကျပ် ၅၀၀ မှ ၁၀၀၀ အထိရှိပြီး သံဘူးအရွယ်အစားပေါ် မူတည်၍ ငွေကျပ် ၂၀၀၀ မှ ၇၀၀၀ အထိ ပေါက်ဈေးပေါက်ကာ စီးပွားဖြစ်စိုက်ပျိုးသူများအပြင် တစ်ပိုင်တစ်နိုင် စိုက်ပျိုးသူများလည်း လာရောက်ဝယ်ယူလျက်ရှိသည်။ မြိတ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဆောင်းရာသီ စိုက်သစ်သီးဝလံ အမျိုးပေါင်း ၄၀ ကျော်ခန့်ရှိရာ ပဲတောင့်ရှည်၊ ဘိုစားပဲ၊ ခရမ်းခေါင်းမည်း၊ ရုံးပတီသီး၊ ဗုံလုံ၊ ပဲစောင်းလျား၊ ပဲလင်းမြွေ၊ ကြက်ဟင်းခါး၊ မုန်လာဥ၊ ပန်းမုန်လာစသည့် ဟင်းသီးဟင်းရွက် အပင်များကို ကျေးလက်နေတောင်သူများ အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

**မိုးဟိန်း(မြိတ်)**

# နိုင်ငံခြားငွေသုံးမျိုး ထည့်သွင်းအသုံးပြုနိုင်မည့် ခရီးဆောင်ငွေဖြည့်ကတ်ပြုလုပ်နိုင်ပြီ

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြန်မာနိုင်ငံတွင် ခေတ်နှင့်အညီ အဘက်ဘက်မှ ပြုပြင်ပြောင်းလဲ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရှင်များသည် ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရန် ငွေကြေးသုံးစွဲ ပြောင်းလဲသုံးစွဲမှုကအစ ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲ အမြင်ကျယ်လာပြီဖြစ်သည်။ ယခုအခါ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် အမေရိကန်အခြေစိုက် Visa နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်တို့ ပူးပေါင်းပြီး နိုင်ငံခြားငွေသုံးမျိုး ထည့်သွင်းအသုံးပြုနိုင်မည့် ခရီးဆောင်ငွေဖြည့်ကတ်ကို စတင်ပြုလုပ်သုံးစွဲနိုင်တော့မည်ဖြစ်ကြောင်း မြန်မာ့ရှေ့ဆောင်ဘဏ်မှ မန်နေဂျင်းဒါရိုက်တာ ဦးဝင်းမင်းခိုင်က ပြောကြားခဲ့သည်။

အဆိုပါ ငွေဖြည့်ကတ်တွင် နိုင်ငံခြားငွေသုံးမျိုးဖြစ်သည့် US ဒေါ်လာ၊ စင်ကာပူဒေါ်လာနှင့် ယူရိုငွေသုံးမျိုးပေါင်းကို အနည်းဆုံး ၂၀၀ မှ ၅၀၀၀ အထိ ထည့်သွင်းနိုင်ပြီး ကမ္ဘာ့နိုင်ငံတစ်ဝန်းရှိ ATM ပေါင်း နှစ်သန်းကျော်တွင် လွယ်ကူစွာထုတ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။ ယင်းကတ်တွင် အနည်းဆုံးဒေါ်လာ ၂၀၀ မှ ၅၀၀၀ အထိထည့်သွင်းနိုင်ပြီး လိမ်လည်သုံးစွဲနိုင်မှုမဖြစ်စေရန် ကာကွယ်သည့်အနေဖြင့် ငွေဖြည့်ကတ်ကိုင်တွယ်အသုံးပြုသူတစ်ဦးတည်းသာ အသုံးပြုနိုင်မည်ဖြစ်သည်။

"ဒီခရီးဆောင်ငွေဖြည့်ကတ်ကို ကမ္ဘာ့နိုင်ငံများသို့ သွားရောက်မည့်သူများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများကဲ့သို့ အဆင့်မြင့်မြင့်ဖြင့် ငွေကြေးကိုင်ဆောင်သုံးစွဲနိုင်ရန် ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်ပါတယ်။ ကတ်ကို မြန်မာနိုင်ငံမှ ပြည်ပထွက်ခွာသွားတာနဲ့ မည်သည့်နိုင်ငံမဆို ဒီကတ်ကို အသုံးပြုလို့ရအောင် ပြုလုပ်ထားပါတယ်"ဟု ဦးဝင်းမင်းခိုင်က ဆက်လက်ရှင်းပြသည်။

ယင်းငွေဖြည့်ကတ်သည် ပြည်တွင်း မြန်မာနိုင်ငံမှလည်း အွန်လိုင်းမှ တစ်ဆင့် ကမ္ဘာတစ်ဝန်း မည်သည့်နိုင်ငံမဆို ဈေးဝယ်ယူနိုင်မည်ဖြစ်သည်။ ကတ်အတွင်း ငွေကုန်သွားပါကလည်း ရောက်မည့်နေရာမှ ငွေကတ်ကိုပြန်လည်ဖြည့်ဆည်းနိုင်အောင် ပြုလုပ်ပေးထားသည်။ အဆိုပါ နိုင်ငံခြားငွေသုံးမျိုး ထည့်သွင်းအသုံးပြုနိုင်သည့် ခရီးဆောင် ငွေဖြည့်ကတ်ကို နိုဝင်ဘာ ၂၈ ရက်မှစတင်ပြီး ရန်ကုန်မြို့ရှိ မြန်မာ့ရှေ့ဆောင်ဘဏ် ရုံးချုပ်နှင့် နိုင်ငံတစ်ဝန်းရှိ မြန်မာ့ရှေ့ဆောင်ရုံးခွဲများတွင် စတင်ပြုလုပ်နိုင်ကြောင်း သိရသည်။




**စိန်လွင်အောင် (မြန်မာ့အလင်း)**

# သရက်မြို့က ဝင်ငွေကောင်းသည့် အုတ်ဖုတ်လုပ်ငန်း

**သရက် နိုဝင်ဘာ ၂၁**

မကွေးတိုင်းဒေသကြီး သရက်မြို့နယ် ကိုးပင်ကျေးရွာ၌ ဆောက်လုပ်ရေးလုပ်ငန်းနှင့် အိမ်ဆောက်ရာတွင် အသုံးပြုသည့် အုတ်များကို ကျေးရွာအတွင်း တစ်ပိုင်တစ်နိုင် အုတ်လုပ်ငန်းအဖြစ် တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိကြောင်း ကိုးပင်ကျေးရွာ အုတ်လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

ယခုမိုးရာသီကုန်ဆုံးလာ၍ အုတ်ဝယ်သူများပြားလာကာ အုတ်အရောင်းအဝယ်ဈေးကွက် တွင်ကျယ်လျက်ရှိသည်။ အုတ်တစ်ဖိုလျှင် တစ်သောင်းဖုတ်ပါက အုတ်ရိုက်ခ၊ အုတ်သယ်ခ၊ အုတ်စီခ၊ မီးထိုးလောင်စာ၊ မြေထောက်ခများပေးပြီး ကုန်ကျစရိတ်မှာ ငွေကျပ် ၂၆၀၀၀ရှိသည်။ အထိုင်ဈေးရောင်းပါက အုတ်တစ်လုံးလျှင် ၃၅ ကျပ်နှုန်း ရောင်းရပြီး အုတ်၃၅၀၀၀၀ ရရှိသဖြင့် တစ်နိုင်တစ်ပိုင် အုတ်ဖုတ်လုပ်ငန်းရှင်များအတွက် တွင်ကျယ်စွာလုပ်ကိုင်နိုင်ကြောင်း ကိုးပင်ကျေးရွာမှ အုတ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးထံမှ သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နိုင်ငံတကာအားကစားသတင်း

## ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ (သီဟ)

| | | | |
|---|---|---|---|
| **စပိန်လာလီဂါ ပွဲစဉ်-၁၄** | | | **နိုဝင်ဘာ ၂၂** |
| ဗယ်လာဒိုလစ် | - | အိုဆာဆူနာ | နံနက် ၂း၃၀ |
| **ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၁၃** | | | **နိုဝင်ဘာ ၂၂** |
| စတုဂတ် | - | ဂလက်ဘတ် | နံနက် ၂း၀၀ |
| **ပြင်သစ်လီဂူး ပွဲစဉ်-၁၄** | | | **နိုဝင်ဘာ ၂၂** |
| အဂျာစီယို | - | မာဆေး | နံနက် ၂း၀၀ |
| **အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်-၁၆** | | | **နိုဝင်ဘာ ၂၂** |
| ဒွန်ကတ်စတာ | - | ယီအိုဗီးလ် | နံနက် ၂း၁၅ |

**၂၀၁၄ ကမ္ဘာ့ဖလား ခြေစစ်ပွဲ Play-Offs ရလဒ်**

| | | |
|---|---|---|
| ဥရုဂွေး | ၀-၀ | ဂျော်ဒန် |
| နယူးဇီလန် | ၂-၄ | မက္ကဆီကို |

**နိုင်ငံတကာ ခြေစမ်းပွဲ ရလဒ်**

| | | |
|---|---|---|
| ဘရာဇီး | ၂-၁ | ချီလီ |
| ဟွန်ဒူးရပ်စ် | ၂-၂ | အီကွေဒေါ |

### ဗယ်လာဒိုလစ် Vs အိုဆာဆူနာ

ပွဲစဉ်-၁၃အပြီးမှာ ဗယ်လာဒိုလစ်ဟာ အဆင့် ၁၅မှာ ရမှတ်၁၂နဲ့ ရပ်တည်နေပြီး အိုဆာဆူနာက ၁၀ မှတ်နဲ့ တန်းဆင်းဇုန်အဆင့် ၁၉ မှာ ရပ်တည်နေပါတယ်။ လာလီဂါ သူတို့နှစ်သင်းတွေ့ဆုံမှု ငါးပွဲမှာ အိုဆာဆူနာ သုံးပွဲနိုင်၊ တစ်ပွဲရှုံး တစ်ပွဲပြန်ထားပါတယ်။ အိုဆာဆူနာအသင်းဟာ ဒီရာသီမှာ ခြေစွမ်းမပေါ်ဘဲ တန်းဆင်းဇုန်ထဲမှာ နစ်မြုပ်နေပါတယ်။ အိမ်ရှင်အသင်းက အရှုံးတော့ မရှိပါဘူး၊ အနည်းဆုံးသရေနဲ့ ကပ်နိုင်ဖို့ များပါတယ်။

### စတုဂတ် Vs ဂလက်ဘက်

စတုဂတ်အသင်း ပွဲစဉ် ၁၂အပြီး ရမှတ်၁၆မှတ်နဲ့ အဆင့် ၈မှာရှိနေပြီး ဂလက်ဘက်ကတော့ ရမှတ် ၂၂မှတ်နဲ့ အဆင့် ၄မှာ ရှိနေပါတယ်။ စတုဂတ်အိမ်ကွင်း သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု ငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေကျထားပါတယ်။ လက်ရှိခြေစွမ်းမှာတော့ ဂလက်ဘက်ခြေစွမ်းက ပိုတည်ငြိမ်နေပါတယ်။ ဂလက်ဘက်တို့ အဝေးကွင်းမှာ အမှတ်ပြည့်ယူသွားမှာပါ။

### အဂျာစီယို Vs မာဆေး

အဂျာစီယို ရမှတ် ၈မှတ်နဲ့ အဆင့် ၁၉ မှာရှိနေပြီး မာဆေးကတော့ ရမှတ် ၂၁မှတ်နဲ့ အဆင့် ၅ မှာ ရှိနေပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံမှုလေးပွဲမှာ မာဆေး နှစ်ပွဲနိုင် တစ်ပွဲရှုံး တစ်ပွဲပြန်ထားပါတယ်။ မာဆေးအသင်းသည် ဒီရာသီ ပြင်သစ်လီဂူး အဝေးကွင်း ခုနစ်ပွဲမှာ နှစ်ပွဲနိုင် နှစ်ပွဲရှုံး သုံးပွဲပြန်ထားပါတယ်။ အဂျာစီယို အိမ်ကွင်း ခုနစ်ပွဲမှာ လေးပွဲရှုံး တစ်ပွဲနိုင် နှစ်ပွဲပြန်ထားပါတယ်။ တန်းဆင်းဇုန်ထဲမှာ ရုန်းကန်နေရတဲ့ အသင်းကို ဧည့်သည် မာဆေးတို့ အမှတ်အပြည့် ယူသွားနိုင်မှာပါ။

# ဂျူဗင်တပ်စ်နဲ့အင်တာမီလန်တို့ ရုန်းကန်ရဦးမယ့်ပွဲစဉ်(၁၃)

စီးရီးအေပွဲစဉ် (၁၃) ကို နိုဝင်ဘာ ၂၃ ရက်နဲ့ ၂၄ ရက်တွေမှာ ပြန်လည် ကစားမှာဖြစ်ပါတယ်။ ဒီတစ်ပတ် ပွဲစဉ်မှာတော့ အသင်းကြီးတွေ အခြေအနေကောင်းနိုင်ပြီး အဖိုးတန် အမှတ်တွေ ရယူသွားဖို့များပါတယ်။ ဒါကြောင့် ခြေစွမ်းအရ ဆုံးဖြတ်လို့ ခက်ခဲမှာ ဖြစ်ပါတယ်။

**လီဗော်နိုနှင့် ဂျူဗင်တပ်စ်**

နာပိုလီအသင်းကို အနိုင်ရအောင် ကစားနိုင်ခဲ့တဲ့ ဂျူဗင်တပ်စ်ဟာဒီပွဲမှာ လီဗော်နိုအဖွဲ့ကို သင်ခန်းစာထပ်ပေးဦးမလားကြည့်ရမှာပါ။ အမှတ်လိုအပ်နေတဲ့ ဂျူဗင်တပ်စ်ဟာ တန်းစီဇယားကို စိုးမိုးနိုင်ရေးအတွက် အမှတ်ပြည့်ရအောင် ကြိုးစားမှာသေချာပါတယ်။ ဖိအားတွေများနေတဲ့ ဂျူဗင်တပ်စ်ဟာ လီဗော်နိုရဲ့ ခံစစ်ပိုင်းကို ဖြိုလှဲပြီး ဂိုးသွင်းနိုင်ဖို့ ကွင်းလယ်ကစားအား တိုက်စစ်ဖွင့်ကစားမှာမို့ ဒီပွဲမှာ ဂျူဗင်တပ်စ်က နှစ်သက်စရာဖြစ်နေပါတယ်။

**နာပိုလီနှင့် ပါးမား**

ရှုံးပွဲပူပူနွေးနွေး ကြုံထားရတဲ့ နာပိုလီဟာ ဒီပွဲမှာ ပါးမားကို အနိုင်ရအောင် အားထုတ်ပါလိမ့်မယ်။ အိမ်ကွင်းလည်းဖြစ်၊ စိတ်ဓာတ်လည်း ပြင်းထန်နေတဲ့ နာပိုလီကစားသမားတွေဟာ ပါးမားတပ်ဖွဲ့ကို ချေမှုန်းဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်။ ပါးမားဟာ အဝေးကွင်း ခြေစွမ်းအားနည်းတာမို့ မုန်ယိုဆင်လိုဖြစ်နေတဲ့ နာပိုလီရဲ့ ဖိအားပေးတိုက်စစ်ဆင်မှုအောက်မှာ ဝပ်စင်းနေမှာပါ။

**ဘိုလော့နာနှင့် အင်တာမီလန်**

အိမ်ကွင်းမှာ မာမာတင်းတင်း တုံ့ပြန်တတ်တဲ့ ဘိုလော့နာရဲ့ ခြေစွမ်းကို အင်တာမီလန်တို့ သတိပြုရမှာ ဖြစ်ပါတယ်။ အင်တာမီလန်ဟာ စိတ်ဓာတ်ပိုင်းကောင်းမွန်ပြီး နိုင်လိုစိတ် ပြင်းထန်မှုလည်းရှိတာမို့ အနိုင်သုံးမှတ်အတွက်တော့ ခြေကုန်ထုတ်ပါလိမ့်မယ်။ ဒီပွဲဟာ အင်တာမီလန်တို့ လွယ်ကူမှာ မဟုတ်ပေမယ့် အမှတ်ပြည့်ယူနိုင်တဲ့ပွဲပါပဲ။

**အေစီမီလန်နှင့် ဂျီနိုအာ**

ရလဒ်တွေဆိုးရွားပြီး ခြေစွမ်းမတည်မငြိမ်ဖြစ်နေတဲ့ အေစီမီလန်အတွက် အိမ်ကွင်းဆိုပေမယ့် ပရိသတ်တွေ ရင်တမမနဲ့ အားပေးရမယ့် အနေအထားဖြစ်ပါတယ်။ ဂျီနိုအာအသင်းဟာ အေစီမီလန်လို အသင်းကို ကောင်းကောင်း ခြိမ်းခြောက်နိုင်တဲ့ ခြေစွမ်းပိုင်းရှိတာ အေစီမီလန်အဖွဲ့သားတွေသတိထားပြီး ဧည့်ခံရပါလိမ့်မယ်။ အေစီမီလန်ကို ကြိုက်ပေမယ့် အပြည့်အဝမယုံရဲတာမို့ ဒီပွဲရလဒ်ဟာ ညီမျှခြင်းများကျသွားနိုင်မလား တွေးမိပါတယ်။

**မိုးမြင့်လင်းလက်**

## ဥရုဂွေး ကမ္ဘာ့ဖလားကစားခွင့်ရပြီ

ဥရုဂွေးနှင့်ဂျော်ဒန်တို့သည် ကမ္ဘာ့ဖလားခြေစစ်ပွဲ Play-offs ဒုတိယအကျော့အဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ဂိုးမရှိသရေကျပြီး ဥရုဂွေးတို့ ခြေစစ်ပွဲအောင်ခဲ့သည်။ ဥရုဂွေးအသင်းသည် ဂျော်ဒန်ကို ပထမအကျော့တွင် ငါးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သဖြင့် ၂၀၁၄ ခုနှစ်တွင် ဘရာဇီးနိုင်ငံ၌ ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသို့ တက်ရောက်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။ မွန်တီဗီဒီယို၌ ကျင်းပသော ဒုတိယအကျော့တွင် ဥရုဂွေးက ဂိုးမသွင်းနိုင်သော်လည်း ဂျော်ဒန်ကိုခြေစွမ်းအသာဖြင့် ကစားခဲ့သည်။ တောင်အမေရိကနိုင်ငံ ဥရုဂွေးသည် ကမ္ဘာတွင်အဆင့် ခြောက်ရှိသော ဘောလုံးအသင်းဖြစ်သည်။ ဥရုဂွေးအသင်းသည် ၁၉၃၀ နှင့် ၁၉၅၀ ခုနှစ်များတွင် ကမ္ဘာ့ဖလားဆွတ်ခူးနိုင်ခဲ့ပြီး တောင်အာဖရိက၌ကျင်းပသော ကမ္ဘာ့ဖလားတွင် အကြိုဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သည်။



## ဘာစီလိုနာဂိုးသမား ရှစ်ပွဲလွဲချော်

ဘာစီလိုနာဂိုးသမား ဗစ်တာဗားဒက်သည် ခြေသလုံးကြွက်သားထိခိုက်ဒဏ်ရာရရှိသွားသဖြင့် ခြောက်ပတ်ကြာအနားယူရမည်ဟု ဆိုသည်။ အသက် ၃၁ နှစ်ရှိ ဗားဒက်သည် စပိန်နှင့်တောင်အာဖရိကတို့ ချစ်ကြည်ရေးပွဲကစားစဉ် ဒဏ်ရာရရှိသွားခြင်းဖြစ်သည်။ ဗားဒက်သည် ဆဲလ်တစ်နှင့် ကစားမည့် ချန်ပီယံလိဂ်ပွဲအပါအဝင် ပြိုင်ပွဲရှစ်ပွဲ လွဲချော်မည်ဖြစ်သည်။

အသက် ၃၈ နှစ်ရှိ ဂိုးသမားပင်တိုးသည် ဗားဒက်နေရာတွင် ပါဝင်ကစားဖွယ်ရှိသည်။ ဗားဒက်သည် ဘာစီလိုနာတွင် ၁၂ နှစ်ကြာ ကစားခဲ့ပြီးနောက် ယခုနှစ်ရာသီကုန် အနားယူတော့မည်ဖြစ်ကြောင်း ကြေညာထားသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

## လီဗာပူးနှင့်အဲဗာတန်ပွဲ အကောင်းဆုံးပြိုင်ပွဲဖြစ်မည်

လီဗာပူးနှင့်ပထမဆုံးကစားရမည်ကို အလွန်စိတ်လှုပ်ရှားမိကြောင်း၊ ယခုပြိုင်ပွဲသည် အကောင်းဆုံး ပရီမီယာလိဂ်ပြိုင်ပွဲဖြစ်ကြောင်း အဲဗာတန်နည်းပြ ရော်ဘတ်တိုမာတီနက်ဇ်က ပြောကြားသည်။ အဲဗာတန်နှင့် လီဗာပူးတို့သည် နိုဝင်ဘာ ၂၃ ရက်တွင် ဂူဒီဆင်ပတ်(အဲဗာတန်ကွင်း)၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဲဗာတန်အသင်းသည် ယခုနှစ်ပရီမီယာလိဂ် ပထမဆုံး ၁၁ ပွဲတွင် ငါးပွဲအနိုင်ရထားသည်။ အမှတ်ပေးဇယားတွင် ဒုတိယနေရာရောက် လီဗာပူးကို အဲဗာတန်က အမီလိုက်ရန် သုံးမှတ်သာကွာခြားသည်။ လီဗာပူးတို့ နိုဝင်ဘာ ၂၂ ရက်တွင် အဆင့် ၆နေရာရောက် အဲဗာတန်ကွင်းသို့ လာရောက်ကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် အလွန်စိတ်လှုပ်ရှားမိကြောင်း အဲဗာတန်နည်းပြက ဆိုသည်။


## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ကသာခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် တတိယ(၃)လပတ်လမ်းလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့်လမ်းခင်းပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | ကျောက်အမျိုးအစား | အရေအတွက် |
|---|---|---|
| ၁။ | (က) ၆"-၉" ကျောက် | ၃၃၇၃ ကျင်း |
| | (ခ) ၂"-၄" ကျောက် | ၄၇၉၂ ကျင်း |
| | (ဂ) ၁"-၂" ကျောက် | ၂၆၈၂ ကျင်း |
| | (ဃ) ½"-¾" ကျောက် | ၁၀၃၅ ကျင်း |
| | (င) ³⁄₈"-½" ကျောက် | ၃၂၉ ကျင်း |
| | (စ) သံချောင်း | ၁၀၂ တန် |
| | (ဆ) ဘိလပ်မြေ | ၁၄၅၀ တန် |
| | (ဇ) စက်သုံးဆီ(ဒီဇယ်) | ၁၇၈၀၅ တန် |
| | (ဈ) အုတ် | ၁၄၆၃၅၆၈ ချပ် |
| | **တင်ဒါလျှောက်လွှာပိတ်ရက်** | - ၂-၁၂-၂၀၁၃ ရက် |
| | **တင်ဒါလျှောက်လွှာပိတ်မည့်အချိန်** | - ညနေ ၅ နာရီ |

၂။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၃-၁၁-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အသေးစိတ်သိလိုသည့်အချက်များကို ရုံးချိန်အတွင်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ-ခရိုင်အင်ဂျင်နီယာမှူးရုံး၊ ကသာမြို့**

**တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ**

**ဖုန်း-၀၇၅-၂၅၀၄၈၊ ၀၉-၄၂၈၃၁၉၂၀၃**

## အထက (၁)လှိုင် မြတ်ဆရာပူဇော်ကန်တော့ပွဲ

လှိုင်မြို့နယ်၊ အထက (၁)တွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းများ ပြန်လည်တွေ့ဆုံကြ၍ (၁၉၆၅-၁၉၉၄)ခုနှစ်အထိ ပညာသင်ကြားပေးခဲ့ကြသော အပူဇော်ခံအသက် (၆၀)ပြည့်ပြီး အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား (၁၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၀၁၃ခုနှစ် ဒီဇင်ဘာ ၂၈ရက် (စနေနေ့) နံနက် ၉း၀၀ နာရီမှစ၍ အထက(၁)လှိုင်၊ ဘုရင့်နောင်ခန်းမတွင်ကျင်းပမည်ဖြစ်ပါသည်။ အပူဇော်ခံအငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ စုံစုံညီညီ တက်ရောက်ကြပါရန်နှင့်အလှူငွေ၊ လှူဖွယ်ပစ္စည်းများကို ဗိုလ်မှူးကြီးဇော်ထွန်း(ငြိမ်း) ဖုန်း-၀၉-၅၁၉၂၄၉၅၊ ဦးခင်ဇော် ဖုန်း-၀၉-၇၃၁၂၄၄၄၇၊ ဦးဇေယျ ဖုန်း-၀၉-၅၀၁၉၈၀၃၊ ဒေါ်သန်းသန်းအေး ဖုန်း-၆၈၀၇၁၉၊ ဦးလှိုင်ထွန်း ဖုန်း-၀၉-၅၁၁၉၆၉၀၊ ဦးမောင်မောင် ဖုန်း-၀၉-၅၁၁၀၇၃၆၊ ဦးစွမ်းဟုတ် ဖုန်း- ၀၉-၇၃၀၅၉၄၆၂၊ ဒေါ်အေးယုဆွေ ဖုန်း-၀၉-၇၃၁၃၇၂၂၃၊ ကိုစိန်လွင် ဖုန်း-၀၉-၇၃၀၇၆၄၃၃၊ ဦးစစ်ခိုင် ဖုန်း-၀၉-၄၂၁၀၉၆၃၄၆၊ ဦးသောင်းအေး ဖုန်း-၀၉-၅၁၃၈၉၆၉၊ ဒေါ်မျိုးသီတာ ဖုန်း-၀၉-၄၂၀၁၆၂၁၈၅၊ ဦးမြင့်မိုရ်သျှမ်း ဖုန်း-၀၉-၄၂၀၀၃၆၀၆၀၊ ဦးနိုင်ထူး ဖုန်း-၀၉-၅၁၄၈၃၂၉၊ ဦးသန့်ဆွေအောင် ဖုန်း-၀၉-၅၁၂၁၂၄၉၊ ဒေါ်မာလာဖြူ ဖုန်း-၀၉-၈၆၁၂၉၉၉၊ ဦးမောင်မောင်နိုင် ဖုန်း-၀၉-၅၀၁၄၁၅၉၊ ဦးအောင်မြတ်စိုး ဖုန်း-၀၉-၇၃၃၂၃၂၃၅ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ မြတ်ဆရာပူဇော်ကန်တော့ပွဲစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းတည့် ၁၂း၀၀နာရီတွင် အထက (၁)လှိုင်၊ ဘုရင့်နောင်ခန်းမ၌ တွေ့ဆုံညှိနှိုင်းကြမည်ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၆၊မြေကွက်အမှတ် ၂/စ၁၊ မြေကွက်တည်နေရာအမှတ် ၆/၇၊ သံသုမာလမ်း၊ င/ကရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဗုဒ္ဓသာသနာပြု မေတ္တာယျသက်သတ်လွတ်ဘုရားကျောင်း လူမှုရေးအသင်း ဗုဒ္ဓသာသနာပြု (စိန်ဟွာ)သက်သတ်လွတ်ဘုရားကျောင်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဗုဒ္ဓသာသာနာပြုမေတ္တာယျ သက်သတ်လွတ်ဘုရားကျောင်း လူမှုရေးအသင်း ဗုဒ္ဓသာသနာပြု (စိန်ဟွာ)မြေကို အသင်းအဖွဲ့ဖွဲ့စည်းခွင့်လက်မှတ်၊ မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် အသင်း၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူ ဦးစီဟန်(ခ)ဦးမြင့်ဝင်း(ကိုယ်စား) SPအမှတ် ၂၄၆၃၃ (၂၉-၁၂-၂၀၁၁)ဖြင့် SP ရသူ ဦးလှအောင် ၁၂/လမန(နိုင်) ၁၂၁၉၅၂မှ အရောင်းမြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## စာပေမြင့်မှ လူမျိုးတင့်မည်

## ဝန်ထမ်းအမြန်အလိုရှိသည်

ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ရန် ယာဉ်မောင်းတစ်ဦး အလိုရှိသည်။ အသက်(၂၅-၃၀)နှစ်အတွင်း ဖြစ်ရမည်။

အတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည်။

**အမှတ်၂၅၊ မြေနုလမ်း၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၅၀၁၄၃၅၊ ၂၃၀၄၀၅၄**

## အမည်ပြောင်း

ဦးဇော်ဇော်ဦး ၁၀/မလမ(နိုင်)၁၄၀၄၁၈ ၏ သမီး မော်လမြိုင်မြို့၊ အထက (၈) သူငယ်တန်း (B)တွင်ပညာသင်ကြားနေသော ချောစုသင်းဟန်အား ထက်မြတ်ဆုရည်ဟု ပြောင်းလဲခေါ်ပါရန်။ **ထက်မြတ်ဆုရည်**

## ပျောက်ဆုံးခြင်း

သိန်းထိုက်စိုး ၁၂/ပဘတ(နိုင်)၀၃၀၁၉၀ နိုင်ငံကူးလက်မှတ် A 216744 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၄၀၈၈၇၇**

## အမည်ပြောင်း

ဦးဆန်းဝင်း၏သမီး မနှင်းပွင့်ခိုင် အထက(၅) မရမ်းကုန်း၊ ပထမတန်း(A)အား မဖူးပွင့်ခိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မဖူးပွင့်ခိုင်**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ မော်လမြိုင် တက္ကသိုလ်တွင် ဥပဒေပညာသင်ကြားနေသော မထွေးနဝါ ၁၀/မလမ(နိုင်)၂၃၀၀၁၄၏ ဖခင်အမည်မှန်မှာ ဦးစိန်မြမောင်(ခ)ဦးမြမောင် ၁၀/သဖရ(နိုင်)၀၀၅၁၉၀ သည် တစ်ဦးတည်းသာဖြစ်ပါကြောင်း။

## စမိုင် ခနသီရိကွန်ဒို (တိုက်ခန်း)ငှားမည်

**လေးလွှာ**(1625 ft²) 1MB, 1B, 2AC **ပါကေးခင်း၊ အသင့်နေနိုင်သည်။**

**ဆက်သွယ်ရန် ဖုန်း-၀၁-၆၄၅၈၇၃၊ ၀၉-၅၁၉၈၅၄၁၊ ၀၉-၅၁၂၈၅၇၃**

## ဖခင်အမည်မှန်

မော်လမြိုင်တက္ကသိုလ်တွင် ဥပဒေပညာသင်ကြားခဲ့သည့် ချောင်းဆုံမြို့နယ်နေ မိဟန်နဒီ ၁၀/ခဆန(နိုင်)၁၂၇၀၁၈၏ ဖခင်အမည်မှန်မှာ ဦးထွန်းသန်းဇော်(ခ)ဦးသန်းဇော် တစ်ဦးတည်းသာဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးထွန်းအောင် ၁၂/ဥကမ(နိုင်)၁၀၉၂၃၀ ပိုင်ဆိုင်သော Sky Dragon Stor Co.,Ltd. ၏ သွင်းကုန်(၁)လိုင်စင်အမှတ် W Q IL 1 13-14 3368 23/08/2013 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၁၅၂၁၆**

## မြေးအဖြစ်မှစွန့်လွှတ်ခြင်း

ရေစကြိုမြို့နယ်၊ မင်းရွာနေ ကျွန်မ ဒေါ်ဖွားလှိုင်၏မြေး မသူဇာခိုင်သည် အဘွားဖြစ်သူအား အမျိုးမျိုးစိတ်ဆင်းရဲအောင်ပြုလုပ်ပြီး နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ မြေးအဖြစ်မှ စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ငွေနှင့်ပတ်သက်သည့်ကိစ္စအဝဝသည် အဘွားဖြစ်သူနှင့် ရာသက်ပန်မည်သို့မျှ မသက်ဆိုင်ပါကြောင်း။

**(စုံစမ်းမေးမြန်းနိုင်ပါသည်။)**

**ဒေါ်ဖွားလှိုင်**
**မင်းရွာ**

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

# ညောင်ဦးမြို့နယ် ကျေးလက်တောရွာ တောင်သူကြီးများ ယာခင်းထဲမှ အလေ့ကျပေါက်သော ဆေးဖက်ဝင် ဆီးဖြူပင်

**ညောင်ဦး နိုဝင်ဘာ ၂၁**

ယခုနှစ် ညောင်ဦးမြို့နယ်တွင် နောက်ပိုင်းမိုးများ ကောင်းခဲ့သည်။ ထိုသို့ မိုးကောင်းသည့်အတွက် ကျေးလက်နေ တောင်သူများ၏ ယာခင်းထဲတွင် အလေ့ကျပေါက်လျက်ရှိသော ဆီးဖြူပင်များတွင် အသီးများပျစ်ခဲနေအောင် သီးနေသည်ကို တွေ့ရသည်။ ဆီးဖြူပင်ကို ညောင်ဦးဒေသ တောင်သူကြီးများသည် အထူးတလည် စောင့်ရှောက်လေ့မရှိ၊ တောင်သူများ၏ ယာခင်းထဲမှ ဆီးဖြူပင်ကို ခူးစားလိုက ခူးစားလို့ရသည်။ ပိုင်ရှင်က အလေးထားပြီး ထိန်းသိမ်းမှု မရှိပါ။ ဆီးဖြူသီးသီးသည့်အချိန်တွင် ဆေးဖက်ဝါးဖက် သော်လည်းကောင်း၊ ဟင်းချက်စားလိုသော်လည်းကောင်း ဆီးဖြူပင်မှ လူတိုင်းခူးယူလို့ရသည်။

**ပျောက်ကင်းနိုင်**

ဆီးဖြူသီးအရသာမှာ ချို ဖန်၊ ချဉ်အရသာရှိသည်။ ဆီးဖြူသီးများသည် ဆေးဝါးဖော်စပ်သုံးစွဲရာတွင် ကောင်းသော ဘယဆေးဖက်ဝင်သစ်သီးတစ်မျိုး ဖြစ်သည်။ ဆီးဖြူသီးခူးပြီးခါစဆိုလျှင် အရည်ရွှမ်းသည်။ ခူးပြီးကြာလျှင် အရည်စစ်ပြီး ဆေးဝါးသုံးစွဲရာတွင် မကောင်းတော့ပါ။ ဆီးဖြူသီးအာနိသင်သည် အစာကြေလွယ်သည်။ ဝမ်းမီးကိုလည်း တောက်စေသည်။ သွေးကိုသန့်ရှင်း စေတတ်သည်။ အသက်လည်းရှည်စေတတ်သည်။ လေရောဂါ၊ သလိပ်ရောဂါ၊ ချောင်းဆိုးသွေးပါတို့ကို ပျောက်ကင်းနိုင်သည်။ အဆုတ်ကိုလည်း သန့်စင်သည်။ အသက်ရှုလမ်းတစ်လျှောက်တွင်ဖြစ်တတ်သော ရောဂါများကို ပျောက်စေတတ်သည်။ ခန္ဓာကိုယ်သွေးသားသန့်ရှင်းစေတတ်၏။ ဆီးအောင့်ရောဂါ၊ ဝမ်းသက်ရောဂါ၊ စမျဉ်းခံရောဂါနှင့် လိပ်ခေါင်းရောဂါတို့ကို ပျောက်ကင်းနိုင်သည်။

ဆီးဖြူသီးကို ယိုထိုးစားခြင်းဖြင့် နှလုံးသည်းခြေကိုလည်း ငြိမ်းစေ၏ဟု ဥတုဘောဇနကျမ်းတွင် တွေ့ရှိရသည်။ ဆီးဖြူသီးကို ဟင်းအဖြစ်ကြော်၍လည်းကောင်း၊ ပြုတ်၍လည်းကောင်း၊ ဆီးဖြူသနပ်ပြုလုပ်ပြီး လည်းကောင်း၊ တခြား အသားငါးနှင့်တွဲ၍လည်းကောင်း အသီးအရွက်တို့နှင့် ရောနှောချက်ပြုတ်စားရသည်။ ဆီးဖြူသီးကို မီးဖုတ်၊ ကြက်သွန်ဖြူနှင့် ထောင်းစားလျှင် ထိပ်ခတ်နာ၊ နှာရည်ယို၊ ချောင်းဆိုးရောဂါတို့ကို ပျောက်ကင်းနိုင်သည်။



ရာသီ အကူးအပြောင်းနှင့် ဆောင်းအဝင် တုပ်ကွေးဖျားသူများသည် ဆီးဖြူသီးကို ကုလားအော်ငရုတ်သီးနှင့် ရောနှောထောင်းစားလျှင် အပူဖြစ်ပြီး ချွေးများထွက်ကာ ချက်ချင်းပေ့ါပါးသွားသည် ဟု ဆီးဖြူပင်ပိုင်ရှင်တစ်ဦးထံမှ သိရသည်။

ဆီးဖြူသီးကို ရဟန်းသာမဏေများနှင့်သီလရှင်များ အလွန်နှစ်သက်ကြသည်။ အဘယ်ကြောင့်ဆိုသော် နေ့လွဲညစာ မသုံးဆောင်ရသည့်အတွက်လေနာထသော် ဆီးဖြူသီးသုပ်ကို ဘုဉ်းပေးသုံးဆောင်လျှင် ဆာလောင်မှုဖြစ်တတ်သော လေနာကို ငြိမ်းစေတတ်သည်။ အစာအိမ်ကိုလည်း အစာချက်စေသည်။

ထို့ကြောင့် ရဟန်းသံဃာအနီးအနားရှိ လိမ္မာပါးနပ်သော ဒကာ၊ ဒကာမများက ဂိလာနဘေသဇ္ဇပါ ဘုရားဟု ဆီးဖြူသီးသုပ်ကို မြေပဲဆန်မှုန့်နှင့် ကြက်သွန်ဖြူတို့နိုင်နိုင်ထည့်ကာ သုပ်ပြီးကပ်ခဲ့သော် ရဟန်း သံဃာတော်များသည် ဆေးဝါးအဖြစ် မှီဝဲသုံးဆောင်ဘုန်းပေးရသည့်အတွက် အလွန်မတန်ဝမ်းမြောက်မှုရှိသည်။ ကျန်းမာရေးလည်း ကောင်းမွန်သည်။ ထိုသို့စားသုံးရာတွင် ရဟန်းသံဃာများသာမက လူတို့လည်း ဆီးဖြူသီးကိုအမျိုးမျိုး ပြုလုပ်စားသုံးခြင်းဖြင့် ကျန်းမာရေးသုခနှင့် ပြည့်စုံနိုင်သည်။ လူတို့တွင် ဖြစ်လေ့ဖြစ်ထရှိသော မျက်စိယားယံခြင်း ဖြစ်ခဲ့သော် ဆီးဖြူခေါက်ပြုတ်ရည်နှင့် မျက်နှာသစ်ပေးလျှင် ပျောက်ကင်းနိုင်သည်။ အမျိုးသမီးများ မီးယပ်သွေးလွန်ခဲ့လျှင် ဆီးဖြူရွက်ငါးကျပ်သားနှင့် သကြားနှစ်ကျပ်သားခန့်ထည့်ပြီးသောက်ပါက မီးယပ်သွေးများ ရပ်တန့်စေသည်။ ဆီးဖြူသီးသည် ထိုမျှမက ခန္ဓာကိုယ်နာကျင်ကိုက်ခဲရောဂါ၊ ချောင်းဆိုးနှာစေးရောဂါနှင့် ဆီးဖြူသီးစိမ်းကိုဆားနှင့်တို့စားပါက သလိပ်ကျဲပြီးသက်သာစေသည်ဟု ရှေးမြန်မာဆေးကျမ်းတွင် မှတ်သားဖတ်ရှုရဖူးသည်။ ယခုခေတ် အနေအထားအရဆိုလျှင် ဓာတုဆေးဝါးကင်းလွတ်သော သစ်သီးဝလံတစ်မျိုးဖြစ်ပေသည်။ မြို့ရှိသစ်သီးဝလံ ဈေးတန်းများတွင် ဆီးဖြူသီးတစ်ဘူးကို ငါးဆယ်၊ တစ်ရာကျပ်အထိ ဝယ်ယူစားသုံးရသည်ဟု မြို့စားသုံးသူများထံမှ သိရသည်။

ကျေးလက် တောရွာများမှ ဆီးဖြူပင်နှင့်ပတ်သက်ပြီး ဆီးဖြူပင်ပိုင် တောင်သူများသည် နှမြောတွန့်တိုခြင်းမရှိဘဲ အရွက်သုံးလိုကလည်း ခူးနိုင်သည်။ အခေါက်သုံးလိုပါလည်း ခွာနိုင်သည်။ အသီးကြိုက်နှစ်သက်လည်း ခူးယူစားသုံးနိုင်သည်။ ပိုင်ရှင်က ခွင့်ပြုသည်ဟု ဆီးဖြူပင်ပိုင်ရှင်များထံမှ သိရသည်။

ထိုကဲ့သို့ ဆေးဖက်ဝင်ပြီး လူတို့၏အကျိုးကိုပြုစေသည့် ဆီးဖြူပင်မှ အသီးအရွက် အပွင့်အခေါက်တို့ကို ငွေကြေးနှင့် မဝယ်ရဘဲ အခမဲ့ရရှိစေနိုင်သော အပင်တစ်မျိုးသည် ညောင်ဦးမြို့နယ် တောင်သူများ၏ ယာခင်းများတွင် ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**ကျော်ငွေး(ညောင်ဦး)**

# ဆရာကြီး ဒဂုန်တာရာ အမှတ်တရကျောက်စာတိုင်စိုက်ထူပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၂၁**

ဆရာကြီးဒဂုန်တာရာ အမှတ်တရ ကျောက်စာတိုင်စိုက်ထူပွဲကို ဆရာကြီး ကွယ်လွန်ပြီးသုံးလပြည့်သည့် နိုဝင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် တောင်လေးလုံးကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါကျောက်စာတိုင်ကို မန္တလေးမြို့ရှိ စာပေရေးရင်းများနှင့် စာပေမိတ်ဆွေများက စုပေါင်းစီစဉ်ခြင်း၊ လေးစားထိုက်သော ပုဂ္ဂိုလ်များအား ဂုဏ်ပြုလိုခြင်းနှင့် နောင်လာနောက်သားများ အမှတ်တရသိရှိစေရန် ရည်ရွယ်ပြီး စကျင်ကျောက်သားဖြင့် သုံးဖက်မြင်ထုဆစ်ထားကြောင်း စီစဉ်သူ ဦးထွန်းဦး (ထွန်းဦးစာပေ)က ပြောကြားသည်။

“စကျင်ကျောက်အမျိုးအစားနဲ့ သုံးဖက်မြင် ထုဆစ်ထားတာပါ။ အမြင့်ကလေးပေခန့်မြင့်တယ်။ ကျောက်တိုင်ရဲ့ ရှေ့မှာ ဆရာ့ရုပ်ပုံနဲ့ ကိုယ်ရေးအကျဉ်းကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာနဲ့ရေးထိုးထားပါတယ်။ လက်ဝဲဘက်မှာ ဆရာ့အာဘော်နဲ့ ဟံသာဝတီဦးဝင်းတင်ရဲ့ ဆရာဒဂုန်တာရာအပေါ် သုံးသပ်ချက်ပါရှိပါတယ်။ လက်ယာဘက်မှာတော့ ဆရာရေးသားခဲ့တဲ့ စစ်မဲ့ကဗျာပါရှိပါတယ်။

“ကျောက်တိုင်ရဲ့ထိပ်မှာ ငြိမ်းချမ်းရေးကို ကိုယ်စားပြုတဲ့ ချိုးငှက်ရုပ်ကို ထုဆစ်ထားပြီး ယခင်စိုက်ထူပြီးဖြစ်တဲ့ ဆရာကြီးဦးတင်မိုး ကျောက်တိုင်၊ ဆရာကြီးမြသန်းတင့် ကျောက်စာတိုင်များနဲ့အတူ သုံးပွင့်ဆိုင်စိုက်ထူထားပါတယ်” ဟု ၎င်းက ပြောသည်။

အမှတ်တရ ကျောက်စာတိုင်စိုက်ထူပွဲတွင် ဆရာအံ့မောင်(မုံရွာ)၊ ဆရာဦးကိုလေး(အင်းဝဂုဏ်ရည်)၊ ဆရာစိုးနိုင် (မန်းတက္ကသိုလ်)တို့က ဆရာကြီး၏ အမှတ်တရစကားများ၊ ဂုဏ်ကျေးဇူးများနှင့် ငြိမ်းချမ်းရေးလမ်းစဉ်များအားပြောကြားပြီး ဆရာမောင်ကြည်သော်(ကောလင်း)၊ ဆရာမောင်ခွေထက်တို့က ကဗျာတစ်ပုဒ်စီရွတ်ဆို၍ ဂုဏ်ပြုကြကာ **(အောက်ပုံ)** အောင်ပန်းမြို့မှ ဆရာကြီး၏ တူမဖြစ်သူ ဒေါ်မြင့်မြင့်စိန်(ဆရာမသင်းမြတ်စန္ဒီ)က ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။

အဆိုပါ စိုက်ထူပွဲအတွက် လှူဒါန်းငွေများမှ ပိုလျှံသည့် ငွေကျပ် ၅၉၆၇၀၀ ကို အောင်ပန်းတွင် ကျင်းပမည့် ဆရာကြီး၏အထိမ်းအမှတ်ပွဲများတွင် သုံးစွဲရန် ငွေကျပ်တစ်သိန်းနှင့် တောင်လေးလုံးကျောင်းတိုက်ဆရာတော် ဦးပညာ (ကိုပညာ-အမရပူရ)အတွက် ဆေးပဒေသာပင်စိုက်ထူရန် ငွေကျပ် ၄၉၆၇၀၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**



# မိုင်းအသိ၊ မိုင်းသတိပညာပေးဟောပြောပွဲ တာချီလိတ်မြို့၌ကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ နိုဝင်ဘာ ၁၈ ရက် နံနက် ၈ နာရီက မိုင်းအသိ၊ မိုင်းသတိ အသိပညာပေးဟောပြောပွဲကျင်းပရာ တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းထွန်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဟိုတယ်မန်နေဂျာနှင့် လုံခြုံရေးဝန်ထမ်းများ၊ ပြည်သူ့စစ်များ၊ ဆိုင်ကယ်တက္ကစီသမားများ၊ ယာဉ်လိုင်းပေါင်းစုံ ယာဉ်မောင်းများနှင့် ဒေသခံ ပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းထွန်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ ယင်းနောက် တာချီလိတ်မြို့မစခန်းမှူး ဒုတိယရဲမှူးကျော်သန်းက ပြည်သူများ မိုင်းအန္တရာယ်ကင်းရှင်းရေးအတွက် သိသင့်သိထိုက် သည့်အချက်များ၊ ဆောင်ရန် ရှောင်ရန်အချက်များကို အကျယ်တဝင့် ရှင်းလင်းပို့ချသည်။ အဆိုပါ သင်တန်းသို့ သင်တန်းသား ၁၀၀ ခန့် တက်ရောက်ကြပြီး သင်တန်းကာလမှာ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**


## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ အသုံးမပြုတော့သည့် အောက်ဖော်ပြပါ ပစ္စည်းများအား မျက်မြင်အခြေအနေအတိုင်း နေရာဌာနအသီးသီးအလိုက် ရောင်းချမည်ဖြစ်သဖြင့် အိတ်ဖွင့်တင်ဒါများကို ၁၇-၁၂-၂၀၁၃ရက် ၁၂:၀၀နာရီ နောက်ဆုံးထား၍ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | တည်ရှိရာနေရာ |
|---|---|---|---|
| (၁) | ၃/၂၀၁၃ | အဆင့်ချပြီးပီပါခွံ (၄၀၅၃)လုံး | ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများ (ပဋနကိုရ်/ချောက်) သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲများ (ပြည်/ပျဉ်းမနား)နှင့် မအူပင်စခန်း |
| (၂) | ၄/၂၀၁၃ | Aeroshell Turbine Oil-750 ၂၀ လီတာ-၂၀၂၃ ပုံး | ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး ခနိုတော(ရန်ကုန်မြို့) |

၂။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၂၁-၁၁-၂၀၁၃ရက်မှစတင်၍ ပစ္စည်းတည်ရှိရာဌာနများနှင့် ဤရုံးဌာနတွင် ဝယ်ယူရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၁၁၄၉၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စီမံရေးဌာန**

**မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးအမှတ်(၆)၊ နေပြည်တော်**



## ကျန်းမာရေးဝန်ကြီးဌာန
## ကျန်းမာရေးဦးစီးဌာန
## သင်ကြားရေးဆေးရုံကြီး-မကွေးမြို့
## တိုင်းဒေသကြီးပြည်သူ့ဆေးရုံကြီး-မကွေးမြို့
## ပြည်သူ့ဆေးရုံကြီး-မင်းဘူးမြို့၊ ပြည်သူ့ဆေးရုံကြီး-ပခုက္ကူမြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ သင်ကြားရေးဆေးရုံကြီး မကွေးမြို့၊ တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး မကွေးမြို့၊ ပြည်သူ့ဆေးရုံကြီး-မင်းဘူးမြို့နှင့် ပြည်သူ့ဆေးရုံကြီး-ပခုက္ကူမြို့တို့တွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ**
**စတင်ထုတ်ယူရမည့်ရက်** - ၁၉-၁၁-၂၀၁၃ ရက် (အင်္ဂါနေ့)

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၈-၁၂-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄:၀၀နာရီ

၄။ တင်ဒါလျှောက်လွှာများကို သက်ဆိုင်ရာဆေးရုံကြီးများတွင် အသီးသီးထုတ်ယူနိုင်ပါသည်။

၅။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာများတွင် လာရောက်စုံစမ်းနိုင်ပါသည်။

| | |
|---|---|
| **ဆေးရုံအုပ်ကြီးရုံး၊ သင်ကြားရေးဆေးရုံကြီး-မကွေးမြို့** | **ဖုန်း-၀၆၃-၂၅၁၅၄** |
| **ဆေးရုံအုပ်ကြီးရုံး၊ တိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီး-မကွေးမြို့** | **ဖုန်း-၀၆၃-၂၃၃၈၆** |
| **ဆေးရုံအုပ်ကြီးရုံး၊ ပြည်သူ့ဆေးရုံကြီး-မင်းဘူးမြို့** | **ဖုန်း-၀၆၅-၂၁၀၃၇** |
| **ဆေးရုံအုပ်ကြီးရုံး၊ ပြည်သူ့ဆေးရုံကြီး-ပခုက္ကူမြို့** | **ဖုန်း-၀၆၂-၂၁၁၄၇** |



## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့၏တောင်ဘက် မိုင်(၂၀)ခန့်အကွာ၊ အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်း၏ 33kV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၃-၁၂-၂၀၁၃ ရက် ၁၆:၀၀ နာရီ
**တင်ဒါအဆိုပြုလွှာ**
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၀-၁၂-၂၀၁၃ ရက် ၁၆:၀၀ နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

**ရုံးအမှတ်(၃၈)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁**



## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရှမ်းပြည်နယ်မြောက်ပိုင်း မိုးမိတ်မြို့၏မြောက်ဘက် (၁၂)မိုင်ခန့်အကွာ၊ ရွှေလီ(၃) ရေအားလျှပ်စစ်စီမံကိန်း၏ 33kV Transmission Line and Substation in EPC/Turnkey Basis for Construction Power တည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံအရောင်းပိတ်ရက်** - ၃-၁၂-၂၀၁၃ရက် ၁၆:၀၀နာရီ
**တင်ဒါအဆိုပြုလွှာနောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၀-၁၂-၂၀၁၃ရက် ၁၆:၀၀နာရီ

၃။ Technical အောင်မြင်သည့်လုပ်ငန်းရှင်များ၏ Financial Proposal များကိုသာ ဖွင့်ဖောက်ရွေးချယ်သွားမည် ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်ကို သတင်းစာတွင်ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

**ရုံးအမှတ်(၃၈)၊ နေပြည်တော်၊**

**ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ်-၄၁၁၀၈၁**



## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၄ယ/၇၆၈၈၆၊ Honda 125 ယာဉ်လက်ဝယ်ရှိသူ ဦးညံ့လှိုင် ၁၃/ညရန(နိုင်)၁၁၃၈၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**



## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၃က/၈၁၂၇ Nissan Diesel-(CV 46V)ယာဉ်လက်ဝယ်ရှိသူ ဦးစိန်ကြိုင် ၈/မကန(နိုင်)၁၁၈၉၈၃က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းဒေသကြီးရုံး(မကွေး) သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းဒေသကြီးရုံး(မကွေး)**

## ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# သဒ္ဓမ္မဝေပုလ္လ ဘုန်းတော်ကြီးကျောင်းသွားရာလမ်း ကိုယ့်အားကိုယ်ကိုး ကျောက်ကြမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ဓနသိဒ္ဓိရပ်ကွက်နှင့် ဗလသိဒ္ဓိရပ်ကွက်နှစ်ခုအတွင်း မှီတင်းနေထိုင်ကြသည့် ဝန်ထမ်းအိမ်ရာနေဝန်ထမ်းများ မှီခိုကိုးကွယ်ဆည်းကပ်အားထားရာ သဒ္ဓမ္မဝေပုလ္လ ဘုန်းတော်ကြီးကျောင်းသို့ သွားရာလမ်းသည် မိုးအခါသမယသို့ရောက်တိုင်း ဆိုးဆိုးရွားရွားပျက်စီးတတ်ကာ ဝါတွင်း၊ ဝါပ ဥပုသ်သီလဆောက်တည်ကြလိုသူ ဥပါသကာ၊ ဥပါသိကာမများအနေဖြင့် သွားလာရခက်ခဲခြင်းများနှင့် နှစ်စဉ်နှစ်တိုင်း ကြုံတွေ့လျက်ရှိသည်။

နံနက်ခင်း တန်းဆွမ်းခံရဟန်းတော်များနှင့် သာမဏေငယ်လေးများ ဆွမ်းခံကြွရာတွင်လည်း ရွှံ့ဗွက်များကြောင့် လမ်းချော်မှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း ကြားသိရသည့်အတွက် ဓနသိဒ္ဓိရပ်ကွက်အတွင်းနေထိုင်ကြသည့် လူငယ်များ စုပေါင်းကာ ပရဟိတအသင်းအဖွဲ့ငယ်လေးတစ်ခု ဖွဲ့စည်း၍ ထိုလမ်းကြီးကို အမြန်ဆုံးကောင်းမွန်စေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါတွင် ကျောင်းတိုက်ဆရာတော် အရှင်စာရိတ္တ၏ ဦးဆောင်မှုဖြင့် ကျောင်းနေ ရဟန်းသံဃာတော်များ၊ ကိုရင်ငယ်လေးများ၊ ဓနသိဒ္ဓိပရဟိတလူငယ်များနှင့် လုပ်အားဒါနအလှူကုသိုလ်ရှင်များ၊ စေတနာသဒ္ဓါတရား ထက်သန်ကြသည့် အလှူဒါယကာ၊ ဒါယိကာမများ ပေါင်းစုကာ အဆိုပါလမ်းကို စတင်ပြုပြင်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။ သို့ရာတွင် သုံးဖာလုံဝန်းကျင်ခန့် ရှည်လျားသော အဆိုပါ လမ်းမကြီးကို အပြီးသတ်နိုင်သည်အထိ ဆောင်ရွက်ရန်ကိစ္စမှာ လွယ်ကူချောမွေ့သည့် ကိစ္စရပ်တစ်ခုမဟုတ်ရကား စေတနာသဒ္ဓါတရား ထက်သန်ကြသူ ရပ်ဝေး၊ ရပ်နီးမှ အမျိုးကောင်းသားသမီးတို့အနေဖြင့် လုပ်အားဒါန၊ ငွေကြေးအလှူဒါန ပေးလှူလိုပါက ပေးလှူနိုင်ကြကြောင်း သိရသည်။

စေတနာရှင် အလှူရှင်များအနေဖြင့် လှူဒါန်းဖွယ်ရာများ လှူဒါန်းလိုပါက ဆရာတော်ဦးစာရိတ္တ (သဒ္ဓမ္မဝေပုလ္လကျောင်းတိုက်) ဖုန်း ၀၉-၃၁၃၄၄၉၃၈၊ ဓနသိဒ္ဓိ ပရဟိတလူငယ်အဖွဲ့ ဖုန်း ၀၉-၄၂၀၇၃၂၂၆၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

**ကိုပေါက်(နေပြည်တော်)**

# လူထုပညာပေးဟောပြောပွဲများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂၁**

ကျေးလက်နေပြည်သူများ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်လာစေရေး၊ သဘာဝပတ်ဝန်းကျင် တည်ငြိမ်လာစေရေးနှင့် သစ်တောပြုစုထိန်းသိမ်းရေးတို့တွင် ပြည်သူများပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်လျက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောရေးရာဦးစီးဌာန သစ်တောဦးစီးဌာနသည် လူထုပညာပေးဟောပြောပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆောင်ရွက်လျက်ရှိသည်။

ပညာပေးဟောပြောပွဲများအား သစ်တောသယံဇာတများကို နည်းစနစ်မှန်ကန်စွာ အကျိုးရှိရှိ အသုံးချ၍ ရေရှည်တည်တံ့အောင် ထိန်းသိမ်းရန် သစ်တောသယံဇာတများ၏ တန်ဖိုးနှင့်အရေးပါပုံတို့ကို ပြည်သူလူထုသိမြင်လာစေရန် ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေနှင့် ညွှန်ကြားချက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိ၍ လေးစားလိုက်နာတတ်စေရန်၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သစ်တောကဏ္ဍက ပံ့ပိုးဆောင်ရွက်ပေးနိုင်သည့် အချက်များကို သိရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြုလုပ်နေခြင်းဖြစ်သည်။

၂၀၁၃ ခုနှစ် ဧပြီလမှ အောက်တိုဘာလအထိ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ် ၂၁၇ မြို့နယ်တွင် ဟောပြောပွဲ ၁၆၄၉ ကြိမ်ပြုလုပ်ခဲ့ရာ ၉၅၆၈၈ ဦးတက်ရောက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ကျူးကျော်ဈေးခင်းရောင်းချမှုမရှိရေး စစ်ဆေး

**ကျောက်မဲ နိုဝင်ဘာ ၂၁**

ကျောက်မဲမြို့နယ် ဗဟိုဈေးကြီးနှင့် မင်္ဂလာဈေးသစ်တို့တွင် မီးဘေးအန္တရာယ်ကင်းစင်ရေးနှင့်ဈေးဝယ်များ လွတ်လပ်စွာ ဝယ်ယူနိုင်ရေးအတွက် ကျူးကျော်ဈေးခင်းကျင်းရောင်းချမှုမရှိစေရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ရာတွင်မြို့နယ်စည်ပင်သာယာရေးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်နှင့် ဈေးတာဝန်ခံမြို့နယ်မီးသတ်တပ်ဖွဲ့မှဦးစီးအရာရှိ ဦးကိုကိုကြီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသာယာရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များလိုက်ပါလျက်ဈေးအတွင်း ရောင်းချလျက်ရှိသည့်ဈေးသည်များအား မိမိလုပ်ကိုင်ရောင်းချခွင့်ရှိသော နေရာထက်ပိုမိုခင်းကျင်းရောင်းချခြင်း မပြုရန်၊ မီးသုံးစွဲသူများမှ မီးကို စနစ်တကျသုံးစွဲရန်၊ မီးသတ်ဆေးဘူးများ ဆောင်ထားကြရန်နှင့်အသုံးမလိုသည့် ထုပ်ပိုးပစ္စည်းများ စနစ်တကျစွန့်ပစ်ရန်တို့ကိုပြောကြား၍ မိမိဈေးကိုသန့်ရှင်းသာယာအောင် ဈေးသူဈေးသားများ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်း ပြောကြားခဲ့သည်။

**(၀၉၀)**

# မိုးစပါး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပွဲကျင်းပ

**သာယာဝတီ နိုဝင်ဘာ ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၁၃-၂၀၁၄ ခုနှစ် မိုးစပါး ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၃ ရက် နံနက် ၉ နာရီက သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု တောင်သူဒေါ်ကြူကြူဝင်း၏ ဆင်းသုခနှင့် ဆင်းသွယ် လတ်မျိုးသန့်စံပြရွာ ဧက ၅၀ စိုက်ခင်း၌ ကူဘိုတာ၊ ကူဂျီယာမာ အမျိုးအစားစက်ရှစ်စီးဖြင့် ကျင်းပခဲ့ရာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ စိုက်ပျိုးရေး ဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးသိန်းနိုင်၊ သာယာဝတီ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များ၊ သာယာဝတီမြို့နယ်အုပ်ချုပ်ရေးမှူးနှင့်မြို့နယ်စိုက်ပျိုးရေးညှိနှိုင်းမှု အဖွဲ့ဝင်များ၊ လက်ပံတန်း၊ မင်းလှ၊ မိုးညို၊ အုတ်ဖို၊ ကြို့ပင်ကောက်မြို့နယ်များမှ မြို့နယ် အုပ်ချုပ်ရေးမှူးများနှင့် တောင်သူလယ်သမားများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(၁၁၂)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ

**ဝိုင်းမော် နိုဝင်ဘာ ၂၁**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီတို့၏ ပူးပေါင်းစီစဉ်ဆောင်ရွက်မှုဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ အထက်တန်း၊ အလယ်တန်းအဆင့် ပန်းချီ၊ စာစီစာကုံး၊ ပုံပြောပြိုင်ပွဲနှင့်စာဖတ်စွမ်းရည်ပြိုင်ပွဲကို နိုဝင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက အမှတ်(၂) အထက ရတနာခန်းမ၌ ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကျော်မင်းစိုး၊ အကဲဖြတ် အမှတ်ပေးဆရာဆရာမများ၊ မြို့နယ်ပညာရေးကြီးကြပ်မှုကော်မတီဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းရီနှင့် ဝန်ထမ်းများ၊ ပြိုင်ပွဲဝင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။အဆိုပါ ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ ပံ့ပိုးမှုဖြင့် ဒီဇင်ဘာ ၃ ရက်တွင် အခမ်းအနားဖြင့် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# အပြည်ပြည်ဆိုင်ရာအမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ရှင်းလင်း

**ရန်ကုန် နိုဝင်ဘာ ၂၁**

နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ၁၆ ရက်တာကာလသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးအတွက် လှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကျင်းပလေ့ရှိကြောင်း သိရသည်။

ကျား၊ မ အခြေပြု အကြမ်းဖက်မှုအား လူ့အခွင့်အရေးချိုးဖောက်မှု ပြဿနာတစ်ခုအဖြစ် ဒေသအဆင့်၊ နိုင်ငံတော်အဆင့်နှင့်နိုင်ငံတကာအဆင့်များတွင် အသိပညာမြှင့်တင်ပေးနိုင်ရန်အတွက် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအဖြစ် စည်းရုံးလှုံ့ဆော်မှုများကို အမျိုးသမီးအဖွဲ့၊ ကွန်ရက်များက ဦးဆောင်လှုပ်ရှားဆောင်ရွက်လျက်ရှိသည်။ ကျား၊ မရေးရာ တန်းတူညီမျှရေးကွန်ရက်သည် အခြားသော လူမှုအဖွဲ့အစည်းများနှင့်အတူ ၂၀၁၂ ခုနှစ်မှစတင်၍ အထိမ်းအမှတ်အခမ်းအနားကို ရန်ကုန်မြို့ ကန်တော်ကြီးပန်းခြံ၌ ကျင်းပခဲ့သည်။ ယခုနှစ်တွင် လူမှုအဖွဲ့အစည်း ၂၈ ဖွဲ့ပူးပေါင်း၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးအထိမ်းအမှတ်အဖြစ် အသိပညာပေးအခမ်းအနားကို နိုဝင်ဘာ ၂၄ ရက်တွင် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ စမ်းချောင်းသာကွင်း၌ ညနေ ၃ နာရီမှ ၆ နာရီခွဲအထိ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ရန်ကုန်မြို့အပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ကျင်းပသွားမည်ဖြစ်သည်။ အခမ်းအနားကို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနှင့်စပ်လျဉ်း၍ ပြည်သူလူထုအတွင်း အသိပညာမြှင့်တင်ပေးနိုင်ရန်၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကာကွယ်တားဆီးရာတွင် အမျိုးသမီးများ၏ ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန်၊ ကျား၊မအခြေပြု အကြမ်းဖက်မှုသည် လူ့အခွင့်အရေးဆိုင်ရာ ပြဿနာတစ်ခုဖြစ်ကြောင်းကို အသိပညာပေးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။ ယခုနှစ် အဓိကဆောင်ပုဒ်မှာ "အိမ်တွင်းငြိမ်းချမ်းရေးမှသည် ငြိမ်းချမ်းသောကမ္ဘာဆီသို့" ဖြစ်ပြီး အခမ်းအနားတွင် ဆောင်းပါးများ၊ ဆောင်ပုဒ်များ၊ သရုပ်ဖော်ကာတွန်းများကို ရေးသားဖော်ပြကာ သီချင်း၊ ပြဇာတ်၊ သံချပ်၊ ဖျော်ဖြေရေးအစီအစဉ်များ၊ အမေးအဖြေကဏ္ဍများကိုလည်း တင်ဆက်ရန်စီစဉ်ထားကြောင်း သိရသည်။ ယမန်နှစ်ကျင်းပသည့် အခမ်းအနားသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် လုံးဝလက်ခံဖွယ်မရှိသော လုံးဝဆင်ခြေပေးခွင့်မရှိသော၊ လုံးဝသည်းခံနိုင်ဖွယ်မရှိသော လုပ်ရပ်ဖြစ်သည်" ဟုရေးသားထားသော သဝဏ်လွှာကို ပေးပို့ခဲ့ကြောင်းသိရသည်။

**ရီရီသန့်**


## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ် ၁၉၅/၂၀၃၊ ကမ်းနားလမ်း၊ အလုံမြို့နယ်ရှိ မြေဝဒသမ ၉၈၇၈ ကေအား မြေငှားရမ်းခြင်းလုပ်ငန်း/သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် ဆက်စပ်သော လုပ်ငန်းများအား ဖက်စပ်ဆောင်ရွက်နိုင်ရန် ပြည်တွင်း/ပြည်ပလုပ်ငန်းရှင်များသို့ အကျိုးတူပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ **တင်ဒါတင်သွင်းရမည့်ရက်/အချိန်** - ၉-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) နံနက် ၉:၀၀နာရီမှ မွန်းတည့် ၁၂:၀၀နာရီထိ
**တင်ဒါစိစစ်မည့်နေရာ** - ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်၊
**တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၉-၁-၂၀၁၄ ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂:၀၀နာရီ

၃။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ၁၀၀၀၀ိ/(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၃၇၅)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်တွင် ၂-၁၂-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

(ပြန်ကြားရေးဝန်ကြီးဌာန Web Media Portal တွင်လည်း သတင်းဝင်ရောက်ကြည့်ရှုနိုင်ပါသည်။)

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ဖုန်း-၀၁-၂၅၂၅၇၃၊ ၀၁-၂၅၂၅၇၄**



**ပျောက်ဆုံး**

ကိုယုဇော်အောင် ၆/သရခ(နိုင်)၀၄၄၀၁၂၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်း ပျောက်ဆုံးပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၃၀၃၈၈၁၉**



**ပြင်ဆင်ဖတ်ရှုပါရန်**

၁၇-၈-၂၀၁၃ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ(၂၀) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၆) ဦးချစ်စိန်၏ ဂရန်သစ်တွင် မြေအမည်ပေါက် ဦးတင်မြင့်အစား ဦးမောင်မောင်အေးဟု ပြင်ဆင်ဖတ်ရှုပါရန်။



**ပြင်ဆင်ဖတ်ရှုပါရန်**

၁၃-၁၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ စာမျက်နှာ(၁၆) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ ဒဂုံမြောက်မြို့နယ် ဒေါ်ကေသီထွန်း+၂၏ မြေပုံကူးတွင် မြေတိုင်းရပ်ကွက်အမှတ်(၃၇)အစား (၃၆)ဟု ပြင်ဆင်ဖတ်ရှုပါရန်။



## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၃/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)ဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| (၁) | IFB-105(2013-2014) | 2 7/8", 4 1/2" & 5" Drill Pipe | (3) Items | US$ |
| (၂) | IFB-106(2013-2014) | Annular Blow Out Preventers | (2) Nos | US$ |
| (၃) | IFB-107(2013-2014) | Interpretation Workstation | (1) Lot | US$ |
| (၄) | IFB-108(2013-2014) | Data Processing Centre | (1) Lot | US$ |
| (၅) | IFB-109(2013-2014) | Data Acquisition Sercel 428 Telememtry Recording System | (1) Lot | US$ |
| (၆) | IFB-110(2013-2014) | SSB/HF & VHF/FM Transceiver | (4) Items | US$ |
| (၇) | IFB-111(2013-2014) | Spare for VSAT | (2) Items | US$ |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၈-၁၂-၂၀၁၃ရက် ရုံးချိန်အတွင်း ၁၆:၃၀နာရီတွင်နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်တင်အောင်ဟိန်း၏ Passport No.M.479863 မှာ ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၁၁၁၂၂၄၉**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်အောင်ကို ၁၂/ဥကတ(နိုင်)၁၆၆၅၆၀၏ ပတ်စ်ပို့ No.A416759 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

**ဖုန်း-၀၁-၈၅၀၀၅၀၃ (တစ်ဆင့်)**

## (၂၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းအားကစားပြိုင်ပွဲ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ အားကစားသမားများ ဒုတိယဆုရရှိ

**ရန်ကုန် နိုဝင်ဘာ ၂၁**

ယခုယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲသည် မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၇)ကြိမ်မြောက် ပါရာဂိမ်းအတွက် လူရွေးချယ်ပွဲဖြစ်ကြောင်း၊ မသန်စွမ်းအားကစားပြိုင်ပွဲများ၏ စိတ်ဓာတ်အင်အားခိုင်မာမှုဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းကို ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) နာယက ဗိုလ်မှူးကြီးမျိုးမြင့်က ပြောကြားခဲ့သည်။

(၂၅)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ အားကစားသမားများက ဒုတိယဆုရရှိခဲ့ကြောင်း သိရသည်။ ပြိုင်ပွဲတွင် NGO၊ စက်မှုဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်စသည်ဖြင့် ၂၁ သင်းပါဝင် ယှဉ်ပြိုင်ခဲ့ကြကြောင်းသိရသည်။ ပြိုင်ပွဲ၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ရွှေတံဆိပ် ၃၇ ခု ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှ ရွှေ ၃၁ ခုနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ရွှေတံဆိပ် ၂၂ခု ရရှိဗိုလ်စွဲခဲ့ကြောင်း သိရသည်။

ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)မှဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားသမား ၂၆ ဦးက ရွှေတံဆိပ် ၃၁ခု၊ ငွေတံဆိပ် ၂၆ ခုနှင့် ကြေးတံဆိပ် ၁၃ခုရရှိခဲ့သဖြင့် အဆိုပါအားကစားသမားများအား ကျပ် ၃၈၇၀၀၀၀ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၂၂ ရက်အထိ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်သည့် (၇)ကြိမ်မြောက် အာဆီယံ ပါရာဂိမ်းတွင် မြန်မာနိုင်ငံမှ မသန်စွမ်းအားကစားသမား ၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်းသိရသည်။ အားကစားအမျိုးအစား ၁၂ မျိုး ပါဝင်မည်ဖြစ်ပြီး မြန်မာမှ ကျွမ်းကျင်မှု ၆မျိုးခန့်ရှိကြောင်း။ အာဆီယံအားကစားအဖွဲ့ချုပ်က လိုအပ်သောထောက်ကူပြုပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရနှင့် အားကစားဝန်ကြီးဌာနတို့ပံ့ပိုးကူညီမှုဖြင့် မြောက်ဒဂုံတွင် အားကစားစင်တာတည်ဆောက်လျက်ရှိပြီး ၉၉ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်းသိရသည်။ ထိုနေရာတွင် နားနေခန်း၊ အိပ်ဆောင်၊ အစည်းအဝေးခန်းမ၊ ထမင်းစားဆောင်တို့ပါဝင်ပြီး Indoor game လေးပွဲခန့် တစ်ပြိုင်နက်ကစား၍ ရကြောင်း သိရသည်။ ဆီးဂိမ်းအပြီးတွင် မြန်မာနိုင်ငံမှ မသန်စွမ်း အားကစားသမားများ နေပြည်တော်၌ ကျင်းပမည့် အားကစားကွင်းများတွင် အလေ့အကျင့်ရရှိစေရန် သွားရောက်၍ စခန်းသွင်း လေ့ကျင့်ကြမည်ဖြစ်ကြောင်း မသန်စွမ်းအားကစားသမားများ၏စိတ်ဓာတ်အင်အားခိုင်မာမှုဖြင့် (၇)ကြိမ်မြောက်ပါရာဂိမ်းတွင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံတွင်ကျင်းပခဲ့သည့် (၆)ကြိမ်မြောက် ပါရာဂိမ်းတွင် မြန်မာနိုင်ငံမှ နိုင်ငံ(၁၁)နိုင်ငံအနက်အဆင့် ၆ ရရှိခဲ့ပြီး ရွှေတံဆိပ် ၁၁ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) ၏ ဆုချီးမြှင့်ပွဲကို ရန်ကုန်မြို့တော်ဝင် နှင်းဆီခန်းမ၌ နိုဝင်ဘာ ၁၅ ရက်က ကျင်းပခဲ့ကြောင်းသိရသည်။ **မြတ်စန္ဒီသင်းဇော်**

## နယ်သတင်းနှင့်ကြော်ငြာ



## သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ဟောပြော

**ရန်ကုန် နိုဝင်ဘာ ၂၁**

၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ရက်အထိ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် လူဦးရေသန်းခေါင်စာရင်းကောက်ယူတော့မည်ဖြစ်ရာ ပြည်သူအများ သိသင့်သိထိုက်သည်များကို သက်ဆိုင်ရာဌာနမှ နိုင်ငံအနှံ့ ပြည်သူများအကြား ကွင်းဆင်းရှင်းလင်းဟောပြောမှုများ ပြုလုပ်လျက်ရှိသည်။ **(အပေါ်ပုံ)**

ထို့အတူ နိုဝင်ဘာ ၁၈ ရက် နံနက်က ကြည့်မြင်တိုင်မြို့နယ် မကျည်းတန်းတောင် အနောက်ရပ်ကွက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ပြုလုပ်သည်။

ရှင်းလင်းဟောပြောပွဲ၌ ရန်ကုန်အနောက်ပိုင်းခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး၊ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ သိကောင်းစရာများနှင့်ပတ်သက်ပြီး ဟောပြောသည်။

ဟောပြောပွဲသို့ အနောက်ပိုင်းခရိုင် လဝက လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ငွေ၊ မြို့နယ် လဝကမှူးဦးကျော်ကျော်ဦးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်အတွင်းမှ အဖွဲ့အစည်းအသီးသီးနှင့် ပြည်သူများ တက်ရောက်ခဲ့ကြပြီး တက်ရောက်သူများ၏ မေးမြန်းမှုများကို တာဝန်ရှိသူတို့က ပြန်လည်ရှင်းလင်းပြောကြားကြသည်။ **ကိုကြီးတင်**

## တာချီလိတ်၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဘိန်းစိမ်းများဖမ်းဆီးရမိ

**တာချီလိတ် နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ပါလျှံ(၂)ရပ်ကွက်၊ အာခါဗုဒ္ဓကျောင်းလမ်း၊ လမ်းသွယ်၌ နိုဝင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲက WY စာတန်းပါစိတ်ကြွရူးသွပ်ဆေးပြားများ၊ ဘိန်းစိမ်းများနှင့် ထိုင်းနိုင်ငံသုံးဘတ်ငွေများအားဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်မြင့်နိုင်ဦး ဦးစီးအဖွဲ့၊ တာချီလိတ်မြို့မ စခန်းမှူး နယ်ထိန်းရဲတကကြီးဒို၊ စရဖ(တာချီလိတ်)မှ ဒုတကသိန်းဇော်ဦးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ တာချီလိတ်မြို့၊ ပါလျှံ(၂)ရပ်ကွက်၊ အာခါဗုဒ္ဓကျောင်းလမ်း လမ်းသွယ်၊ အမှတ် ၂၃၅ရှိ လော်ဖွေ(ကျား)၏ နေအိမ်အား မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ လော်ဖွေနှင့်အတူ သားဖြစ်သူလီဟဲ(ကျား)၊ မူးယစ်ဆေးဝါးသုံးစွဲရန် ရောက်ရှိနေသူ ဟေရှာ(ခ)ယာပါနှင့် ဝေဖြိုးပိုင် (ခ) ဘို့င်းရှာတို့အား နေအိမ်ဘေးရှိ မီးဖိုခန်းအတွင်း အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ လော်ဖွေ၏ ခန္ဓာကိုယ်တွင် လွယ်သိုင်းထားသည့် အနက်ရောင် လွယ်အိတ်ဟောင်းအတွင်း WY စာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၄၆ ပြား၊ ကာလတန်ဖိုးကျပ်၉၂၀၀၀ခန့်အားလည်းကောင်း၊ ဘိန်းစိမ်း ၅၀ဂရမ်၊ ကာလတန်ဖိုးကျပ် ၅၀၀၀၀ခန့်အားလည်းကောင်း၊ ထိုင်းနိုင်ငံသုံးဘတ် ငွေ ၆၉၀၀ဘတ်အားလည်းကောင်း တွေ့ရှိရသဖြင့် ဒုရဲအုပ်အောင်ကျော်စိုးက သက်သေများရှေ့ရှာဖွေပုံစံဖြင့် ဖမ်းဆီးခဲ့သည်။



မူးယစ်ဆေးဝါးများနှင့်လက်ဝယ်တွေ့ရှိသူ လော်ဖွေ(ကျား)၆၅နှစ်(ဘ)ဦးချေအမှတ်၂၃၅၊အာခါဗုဒ္ဓကျောင်းလမ်း၊ပါလျှံ ၂ရပ်ကွက် တာချီလိတ်မြို့၊ လီဟဲ(ကျား) ၃၆ နှစ် (ဘ)လော်ဖွေ၊ လိပ်စာတူသူနှင့် မူးယစ်ဆေးဝါးသုံးစွဲရန်ရောက်ရှိနေသူ ဟေရှာယ(ခ)ယာပါ (ကျား) ၁၉နှစ်၊ ဆန်ဆိုင်း(က)ရပ်ကွက်၊ တာချီလိတ်မြို့၊ ဝေဖြိုးပိုင် (ခ)ဘို့င်း(ကျား)၁၈ နှစ်၊ (ဘ)ဦးတင်ထွန်းအောင် ဆန်ဆိုင်း (က) ရပ်ကွက် နေသူတို့အား တာချီလိတ်မြို့မရဲစခန်း မယ(ပ)၁၄၈/ ၂၀၁၃၊မူး/စိတ်ပုဒ်မ၁၅/၁၉(က)/၂၀(က)/၂၁ အရအရေးယူဆောင်ရွက်ထားကြောင်း သိရသည်။**(ဝဲပုံ) မြင့်မိုရ်(တာချီလိတ်)**

## တန့်ယန်းမြို့နယ်၌ ရှေးဦးပြုစုခြင်းသင်တန်းဖွင့်

**တန့်ယန်း နိုဝင်ဘာ ၂၁**

ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် နမ့်ဟူးလွယ်ကာကျေးရွာအုပ်စုတွင် မြို့နယ်ကြက်ခြေနီအသင်းကကြီးမှူး၍ လူထုအတွင်း ရှေးဦးပြုစုခြင်း (ဆင့်ပွား) သင်တန်းကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီက အဆိုပါကျေးရွာ၌ ဖွင့်လှစ်သည်။

**တက်ရောက်**

သင်တန်းတွင် ကြက်ခြေနီနှင့်ပတ်သက်သည့် ဘာသာရပ်များ၊ ရှေးဦးပြုစုခြင်းဆိုင်ရာ ဘာသာရပ်များနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာများကို စာတွေ့လက်တွေ့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းသို့ အဆိုပါကျေးရွာအုပ်စုမှ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ လေးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**


**ရွှေ့ပြောင်းသွားလာ ဘေးကင်းကွာ**
**သိမှတ်စရာ ကြိုတင်လေ့လာပါ**



## မွေးနေ့ဆုတောင်းလွှာ

၂၂-၁၁-၂၀၁၃ ရက်တွင်ကျရောက်သော တစ်ဦးတည်းသော ချစ်သားလေး **အောင်စစ်ပိုင်** ၏ (၄)နှစ်မြောက် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်-

အောင်-မြင်သောဘဝတစ်ခုကို

စစ်-မှန်သောအသိတရားများဖြင့်

ပိုင်-ဆိုင်ရသော သားကောင်းရတနာတစ်ဦးဖြစ်ပါစေကြောင်း

ဆုမွန်ကောင်းတောင်းလျက်-

**နှစ်ဖက်သော ဘိုးဘိုး ဘွားဘွား**

**ဖေဖေ-ဗိုလ်မှူးကျော်လင်း**

**မေမေ-ဒေါ်ကေသွယ်အောင်(A.E)**

**ဒေါ်လေး-တီတီငယ်(C.B.Bank မိတ္ထီလာမြို့)**



**ရန်ကုန်တိုင်းဒေသကြီး**

**ကမာရွတ်မြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း**

**၂၀၁၂-၂၀၁၃ခုနှစ်၊ ပညာသင်နှစ်**

**ပညာရည်ချွန်ဆုပေးပွဲဖိတ်ကြားခြင်း**

၂၀၁၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသား/ကျောင်းသူများသည် အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည့်ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(ဆုရကျောင်းသားများ ဖိတ်စာမရရှိပါကလည်း ကြွရောက်ပါရန်)

ခြောက်ဘာသာ (၁၁)ဦး၊ ငါးဘာသာ (၁၆)ဦး၊ လေးဘာသာ(၃၃)ဦး၊ သုံးဘာသာ (၂၉)ဦး၊ နှစ်ဘာသာ (၃၅)ဦး၊ တစ်ဘာသာ (၄၄)ဦး။

**အစီအစဉ်**

| | |
|---|---|
| ကျင်းပမည့်နေ့ရက် | -၂၄-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) |
| ကျင်းပမည့်အချိန် | -နံနက် ၈း၀၀နာရီ |
| ကျင်းပမည့်နေရာ | -အထက (၂) ကမာရွတ် (သရဖီခန်းမ) |

**အမှုဆောင်အဖွဲ့**

**မိဘဆရာအသင်း**

**အထက (၂)ကမာရွတ်**



**ပြင်ဆင်ဖတ်ရှုပါရန်**

၂၅-၁၀-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ကြော်ငြာစာမျက်နှာ ၂၁ပါ အမည်ပေါက် ဦးမျိုးမြင့် ကန့်ကွက်နိုင်ကြောင်း ရှေ့နေဒေါ်သီဂီဝင်း ကြော်ငြာတွင် သဘာဝရေငန် ပုစွန်ကန်အကွက်အမှတ် ၅၂/အေ အစား ၅၂/ဘီဟု ပြင်ဆင်ဖတ်ရှုပါရန်။





**ကိုရီးယားဘာသာသင်တန်း**

**ဒေါ်ခင်ဆွေမြင့် B.A(Myanmar)**

**Dip in Korean (YUFL)**

E.P.S-TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံမှစ၍ သင်ကြားပေးသည်။ ၅-၁၂-၂၀၁၃ ရက်စမည်။ အမှတ် ၁၁၇၊ နှစ်လွှာ၊ ၁၀၁လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊

**ဖုန်း-၀၉-၄၃၁၅၉၉၁၁**



**သားအဖြစ်မှစွန့်လွှတ်ခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ် (၁၀)ရပ်ကွက်၊ တိုက် (၁၈၈)၊ E-1 ငါးလွှာ၊ ၅၁ လမ်းနေ၊ ဦးရဲအောင်-ဒေါ်ခင်ဝင်းမြင့်တို့၏သားကြီး မောင်ကျော်ထက်အောင် ၁၄/ဟသတ(နိုင်)၂၉၁၆၇၁ သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်ကျူးလွန်နေပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်ပါကြောင်း၊ နောက်နောင် မောင်ကျော်ထက်အောင် ပြုလုပ်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူပါကြောင်း။ (မေးမြန်းခြင်းသည်းခံပါ)

**ဦးရဲအောင်-ဒေါ်ခင်ဝင်းမြင့်**

**တိုက်(၁၈၈)၊ E-1**

**ငါးလွှာ၊ ၅၁ လမ်း၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်**

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

# စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်၊ အမရဌာနီအရှေ့၊
၇၇×၇၈ လမ်းကြား၊ ၉ လမ်းနေ

ဦးသောင်း-ဒေါ်ခင်ညွန့် တို့၏ ဒုတိယသား
**ဗိုလ်ကြီးဟန်မင်းအောင်**
**B.C.Sc (D.S.A), M.C.Tech(MOSCOW)**
**နှင့်**
မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ပြည်သာယာလမ်းနေ ဒုတိယဗိုလ်မှူးကြီးသတိုးအောင်(ငြိမ်း)၊ ခေတ္တညွှန်ကြားရေးမှူးချုပ် (ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)-ဒေါ်သီတာညို (အထက-၁၈) တို့၏ တစ်ဦးတည်းသောသမီး

**မယုလဲ့ညိုလွင် (ခ) မယုသီရိဗို**
**LL.B, LL.M, Diploma in Business Law**

တို့သည် ၁၇-၁၁-၂၀၁၃ ရက်တွင် မန္တလေးမြို့ ရဲမွန်တောင်နေအိမ်၌ ဂုဏ်သရေရှိ လူကြီးများရှေ့မှောက်တွင် နှစ်ဖက်မိဘများသဘောတူညီမှုဖြင့် စေ့စပ်ကြောင်းလမ်း ပြီးစီးပါကြောင်း။

**ဗိုလ်ကြီးဟန်မင်းအောင် - မယုလဲ့ညိုလွင်(ခ)မယုသီရိဗို**




# ၅၈ နှစ်မြောက် သာသနာ့ ဒါယကာကြီး ဦးအောင်ချမ်းသာအား ပူဇော်ကန်တော့ပွဲ ဖိတ်ကြားခြင်း

သာသနာ့ဒါယကာကြီး ဦးအောင်ချမ်းသာအား ရည်စူး၍ (၅၈) နှစ်မြောက် ပူဇော်ကန်တော့ပွဲနှင့် ရေစက်ချပွဲ အခမ်းအနားကို အောက်ပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်သာဝက သားသမီး အပေါင်းတို့အား လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

| | |
|---|---|
| ကျင်းပမည့်ရက် | ၂-၁၂-၂၀၁၃ (တနင်္လာနေ့) |
| ကျင်းပမည့်အချိန် | နံနက် ၆း၀၀ မှ မွန်းလွဲ ၂း၀၀ အထိ |
| ကျင်းပမည့်နေရာ | မင်္ဂလာဒုံမြို့နယ်၊ (၁)နံပါတ် အောင်ချမ်းသာ ကပ်ကျော် ဆုတောင်းပြည့်စေတီတော် ဝန်းအတွင်း။ |

ပူဇော်ပွဲဖြစ်မြောက်ရေး ကော်မတီ

# မွေးနေ့ဆုတောင်း

သားကြီး ထိပ်ခွန်နောင်မြင့်ဝေ၏ ၂၂-၁၁-၂၀၁၃ ရက်တွင်ကျရောက်သော (၁၆)နှစ်ပြည့် မွေးနေ့မှသည် အသက်ရာကျော်တိုင် ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာစွာဖြင့် သာသနာအကျိုး၊ နိုင်ငံအကျိုး၊ မိသားစုအကျိုးတို့ကို ထမ်းဆောင်နိုင်သော သားကောင်းရတနာဖြစ်စေရန် ဆုတောင်းလျက်-

**ချစ်ဘွားဘွား - ဒေါ်တင်တင်ဌေး**
**ချစ်အန်တီများ - မာမီတူး၊ ဒါဒါမေမေ၊ မေမေဂျယ်၊ ညီအစ်ကိုမောင်နှမများ**










ကျန်းမာသန်စွမ်း၍ရောဂါကင်းသော
**Black Tiger (ရေငန်ပုစွန်)**
**သားပေါက်များ**
ထုတ်လုပ်ဖြန့်ဖြူးပေးနေပါသည်။
**ပင်လယ်ကမ်းရိုးတန်းဒေသရှိ သဘာဝ ပုစွန်မွေးမြူရေးကန်** များအတွက် အချိန်မီ ကြိုတင်မှာယူနိုင်ပါသည်။
**ဖုန်း-၀၉-၄၄၈၀၃၆၇၀၉၊ ၀၉-၄၂၁၀၃၆၁၄၂**






လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

## ရေနံချောင်းဒေသကောလိပ်(၁၉၇၇-၁၉၈၂) အာစရိယပူဇော်ပွဲ ကျင်းပမည်

ရေနံချောင်း ဒေသကောလိပ်(၁၉၇၇-၁၉၈၂) ကျောင်းသားကျောင်းသူဟောင်းများ၏ (ဇက ဒသမအကြိမ်မြောက်) ဆရာကန်တော့ပွဲကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေနံချောင်း ဒီဂရီကောလိပ် ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ကန်တော့ခံ ဆရာကြီး/ဆရာမကြီးများထံသို့ သီးခြားဖိတ်စာများ ပေးပို့ထားပါသည်။ ရန်ကုန်မှ လိုက်ပါမည့် ဆရာကြီး/ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများအတွက် မော်တော်ယာဉ်များ စီစဉ်ထားပြီး ဒီဇင်ဘာ ၂၇ ရက် ညနေ ၆ နာရီတွင် ရန်ကုန်တက္ကသိုလ်ဓမ္မာရုံရှေ့မှ စတင်ထွက်ခွာမည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက ဦးမြင့်ဌေး ဖုန်း-၀၉-၅၁၄၃၆၁၄၊ ဒေါ်ဆွေဆွေအောင် ဖုန်း-၀၉-၇၃၂၄၅၀၈၈ နှင့် ဒေါ်မေသက်ထွန်း ဖုန်း၀၉-၇၃၁၇၈၉၆၃ တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဒဂုံမြို့သစ်ရှိမြေကွက်များဝယ်လိုသည်

09 31589922, 09 31268183

အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ

ဂုဏ်ထူး ဦးအောင်ခိုင်

သမိုင်းတံခွန် ဦးထွန်းနွယ်

ပညာနန်းတော်

ပညာရေးကျောင်းကြီး

01-577 605, 09 470 74649

KBZ Bank(Account No.00730200701690301)

## အမည်ပြောင်း

ဦးထွန်းထွန်း၏သား အထက (၁) သန်လျင်၊ နဝမတန်း (D)မှ မောင်မြတ်လင်းနောင်အား မောင်မြတ်လင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**

**မော်လမြိုင်မြို့နယ်တရားရုံး၌**

**၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၇၆**

| | | |
|---|---|---|
| ဦးသိန်းထွန်း | **နှင့်** | ဒေါ်အေးတင် |
| အမှတ် (၁၉၉)၊ ငန်းတေးကျေးရွာအရှေ့ပိုင်း၊ | | အမှတ် (၆၁၅/အက်ဖ်)၊ ရာမညလမ်း၊ |
| မော်လမြိုင်မြို့။ | | ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ |
| **တရားလို** | | **တရားပြိုင်** |

မော်လမြိုင်မြို့၊ ဘိုကုန်းရပ်၊ ရာမညလမ်း၊ အမှတ် (၆၁၅/အက်ဖ်)နေ တရားပြိုင် ဒေါ်အေးတင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးသိန်းထွန်းက အိမ်နှင့်မြေကိုလက်ရှိဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၂၈ ရက် (၁၃၇၅ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ချုပ်လွှင်)**

**မြို့နယ်တရားသူကြီး၊ မော်လမြိုင်မြို့နယ်တရားရုံး**

CALIFORNIA UNITEC

edexcel

BTEC HND Higher National Diploma in Civil Engineering

Edexcel

University Civil Engineering

Civil Engineer BTEC HND Civil Engineering Course

Edexcel

Ph.D, Master of Engineering Engineer

(Practical & Site Visits)

GCE "O" Level

Civil Engineering Foundation Course

GCE "A" Level , Foundation Course, GTC/GTU

HND Civil Engineering

HND Higher National Diploma B.E (Hons) Civil Engineering California Unitec

Block C D F2

www.californiaunitec.com

www.facebook.com/californiaunitec

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၃၅၅၃၉၊ ဟွန်ဒါဒရင်း(မ်)125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ထိုက်သူ ၁၀/မလမ(နိုင်) ၁၆၅၉၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကျော်ကျော်နိုင် မိသားစုကုမ္ပဏီလီမိတက်

## အောင်ချမ်းမြေ့

### ဂျပန်စာ၊ စကား ကျွမ်းကျင်သင်တန်း

### JAPANESE LANGUAGE TRAINING CENTRE

**No.249, 2B၊ ဗားဂရာလမ်းမ၊ မြေနီကုန်း(တောင်)ရပ်ကွက်၊**

**စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၁-၅၀၄၇၅၀၊ ၀၁-၅၀၄၀၇၉၊ ၀၉-၃၁၀၆၀၃၁၅၊ ၀၉-၅၁၅၉၈၇၀**

* ၅-၁၂-၂၀၁၃ ရက်မှစတင်မည်။
* သင်ကြားနိုင်သည့်အချိန် (I) 9:00 AM to → 4:00 PM (Break 1 hour)
* သင်တန်းကာလ ၄လ။ တစ်ပတ် ငါးရက်သင်၊ တနင်္လာနေ့မှ သောကြာနေ့အထိ
* ဂျပန်နိုင်ငံသို့ သွားရောက်အလုပ်လုပ်မည့်သူများအတွက် ဂျပန်စာ၊ စကား နာရီပေါင်း ၄၅၀ အထက် သင်ကြားပေးမည်။ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရရှိရန် ဆက်သွယ်ပေးမည်။ ဘော်ဒါဆောင်ရှိသည်။ နိုင်ငံတကာအဆင့်မီ Air-Con အခန်းများတွင် တစ်ယောက်ထိုင်ခုံများဖြင့် သင်ကြားသည်။
* ပြည်တွင်း ပြည်ပ ဝါရင့်ကျွမ်းကျင်သူများမှ ဦးစီးသင်ကြားမည်။
* အသိအမှတ်ပြု အောင်လက်မှတ်ထုတ်ပေးမည်။
* **အောင်** ပြီး **ချမ်းမြေ့** မှုတွေရရှိဖို့ **အောင်ချမ်းမြေ့** ကိုလာခဲ့ပါ။
* ဂျပန်နိုင်ငံသို့ သွားရောက်ကျောင်းတက်လိုသူများအတွက် ဂျပန်နိုင်ငံရှိ ကျောင်းများတွင် ကျောင်းအပ်လက်ခံ ဆောင်ရွက်ပေးသည်။

## အမည်ဖြည့်စွက်

ကျောက်မဲမြို့၊ ရပ်ကွက် (၈) နေ မောင်ကျော်ကျော်သိန်း ၁၃/ကမန(ပြု) ၀၀၀၂၆၇ အား မောင်ကျော်ကျော်သိန်း (ခ) မောင်ဝေယံဦးဟု ဖြည့်စွက်ခေါ်ဆိုပါရန်။

Full Auto

09420035882, 73199257

## ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၆၁၅၊ မြေကွက်တည်နေရာအမှတ် (၆၁၅)၊ ဂန္ဓမာအထက်လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ် ဦးဝင်းမောင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဝင်းမောင်(ဖခင်)နှင့် ဒေါ်တင်အေး(မိခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီး ဒေါ်ကြူကြူဝင်း ၁၂/သကတ(နိုင်)၀၅၁၅၇၀ က သေစာရင်း၊ ကျမ်းကိုန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန်နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## လူမှုရေးကော်ငြာ

# ဝယ်ယူလိုပါသည်

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နှင့် Rose Park (3)(4)၊ ရွှေပင်လုံ အိမ်ရာကိုငွေသွင်းရန် ကျန်ရှိနေသေးသော အကွက်များကို ဝယ်ယူလိုပါသည်။

**ဖုန်း-၀၉-၇၃၀၂၂၁၁၈**

---

## ဒေါ်လှမြင့်
### အသက် (၈၉)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃) ရပ်ကွက်၊ မိုးကောင်းလမ်း၊ အမှတ် ၃၇ နေ (ဦးသိန်းမောင်-ဒေါ်သန်းသန်း)တို့၏ သမီး၊ [ဦးအောင်သန်း(ခ)ဦးအောင်လွင်]၏ဇနီး၊ ဦးမောင်မောင်-ဒေါ်ကြည်ကြည်အေး၊ ဦးခင်မောင်အေး-ဒေါက်တာဒေါ်ခင်မျိုးထွေး၊ (ဦးဝင်းမြင့်)-ဒေါ်နွယ်နီခင်၊ ဦးကျော်ဇော၊ ဦးဝင်းဖေ၊ ဒေါ်ကြူကြူခင်၊ ဦးသန်းအောင်-ဒေါ်ရီရီနွယ်၊ ဦးအောင်မင်း-ဒေါ်ခင်သန့်ဦး တို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၁၉-၁၁-၂၀၁၃ ရက် (အင်္ဂါနေ့) ည ၈း၂၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၁၁-၂၀၁၃ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၀၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

---

## ဦးတန်ပိန်ကွမ်း
### ကျန်းတိတ်ဗုဒ္ဓဘာသာဘုရားကျောင်း ဒု-ဥက္ကဋ္ဌ
### အသက် (၉၇)နှစ်

ထားဝယ်မြို့၊ အမှတ် ၃၀၅၊ ပိတောက်ရွှေဝါလမ်း၊ ခုံဝင်းဒပ်ရပ်နေ ဒေါ်ကြူကြူ၏ခင်ပွန်း၊ တန်ယုကွေ-ဒေါ်စန်းစန်းမြင့်၊ တန်ယုစော၊ တန်ယုအင်း-ဒေါ်သန်းသန်းချို၊ တန်ယုနီ၊ တန်ယုကင်း၊ တန်ယုဝှါ-ဒေါ်ခင်ခင်ဝေ၊ တန်ယုလင်း-ဒေါ်မို့မို့ခိုင်၊ တန်ယုယဉ်၊ ဦးညွန့်ဝင်းသိန်း-တန်ယုမီတို့၏ဖခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၉-၁၁-၂၀၁၃ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁၁-၂၀၁၃ ရက် (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ကူးတို့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းသိစေရန် အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
### ဦးခင်မောင် အသက်(၈၇)နှစ် B.A, D.H.E (INDIA)

**ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးပညာအရာရှိ(ငြိမ်း)၊မြောင်းမြမြို့နယ်အသင်းသက်ကြီးပူဇော်ခံ**

မြောင်းမြမြို့နေ (ဦးမင်းမောင်-ဒေါ်စိန်)တို့၏သား၊ငပုတောမြို့နေ(ဦးအုန်းမောင်-ဒေါ်အုန်းတင်)တို့၏သားသမက်၊ အင်းစိန်မြို့နယ်နေဒေါ်ခင်ကြည်၏ခင်ပွန်း၊ ဦးညီလင်းထက်-ဒေါ်ဇင်မာအောင်၊ဦးစည်သူအောင်သန်း-ဒေါ်အေးအေးမြ(Super Fashion)၊Capt.ဦးမဲလ် ဘင်ဘော်နီပု (MTM Marine Ltd.)-ဒေါ်နှင်းအိဖြူ၊ ဗိုလ်မှူးအောင်ဖြိုးဝင်း-ဒေါ်သင်းအိကြူ၊ ဦးရဲထွဋ်ဝင်း (MTM Marine Ltd.)-ဒေါ်အိချောဇင်၊ ဒေါက်တာသက်မွန်ဦး(ခေတ္တ-Singapore)၊ ကိုဉာဏ်ထက်အောင်(ခေတ္တ-Australia)၊ ကိုဝေဖြိုးဦး(Uniteam Marine Ltd.)၊ မစုမြတ်ဖြူ(Uniteam Marine Ltd.)၊ ကိုအောင်မြတ်(နည်းပညာတက္ကသိုလ်၊ မှော်ဘီ)၊ ဗိုလ်ကြီးအောင်သီဟ၊ ကိုသီဟရဲကျော်(Uniteam Marine Ltd.)တို့၏အဘိုး၊ မသက်နှင်းစန္ဒီ(NIEC)၊ မချစ်နှင်းစန္ဒီ(NIEC)၊မောင်လပြည့်မြင့်မြတ်၊ မောင်မြင့်မြတ်ဘုန်းခန့်တို့၏အဘေးသည်၂၀-၁၁-၂၀၁၃ ရက် နံနက် ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ တပ်မတော်ဆေးတက္ကသိုလ်၊ ခန္ဓာဗေဒဌာနသို့ ပို့ဆောင်လှူဒါန်းပြီး ဖြစ်ပါကြောင်း။ ကျန်ရစ်သူမြေး၊မြစ်များ

---

## ဝမ်းနည်းကြေကွဲခြင်း
### တီစိန်ကီး(ခ)ဦးလှရွှေ (ဇီးကုန်း)
### (မြစပ္ပါယ်ရှယ်ရောင်းဝယ်ရေး)
### အသက် (၉၀)

YPGG ဂေါက်သီးရိုက်အသင်း၏ အသင်းသားတစ်ဦးဖြစ်သူ ဦးဝမ်ကြည်-ဒေါ်စောလု (ရဲအောင်လံခရီးသည်ပို့ဆောင်ရေး)တို့၏ ဖခင်ဖြစ်သူ ဦးတီစိန်ကီး(ခ)ဦးလှရွှေ (ဇီးကုန်း)သည် ၁၆-၁၁-၂၀၁၃ရက် (စနေနေ့) ည ၁၁း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**YPGG ဂေါက်သီးရိုက်အသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘူမိဗေဒဌာနခွဲ၊ ဘူမိရူပရုံးမှ ဦးစီးအရာရှိ ဦးဇော်ဝင်းနိုင်၏ဖခင် ဦးထွန်းတင် အသက် (၈၆)နှစ်သည် ၁၂-၁၁-၂၀၁၃ ရက် (အင်္ဂါနေ့) နံနက် ၁၀း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**ဘူမိဗေဒဝန်ထမ်းများ လူမှုရေးအဖွဲ့**
**ဆည်မြောင်း**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

ရဲမှူးကြီး ရဲသူရိန် ဦးခင်မောင်ထွန်း(ငြိမ်း) စာရေးဆရာ လမ်းမတော်ခင်မောင်ထွန်း ကျောက်ဆည်အသင်း(ရန်ကုန်) ဥက္ကဋ္ဌသည် ၁၇-၁၁-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းမောင်-ဒေါ်မြရင်**
**"မြဘုရင်"နို့ချက်စက်ရုံမိသားစု**
**ကျောက်ဆည်**

---

## ဝမ်းနည်းကြေကွဲခြင်း
### တီစိန်ကီး(ခ)ဦးလှရွှေ (ဇီးကုန်း)
### (မြစပ္ပါယ်ရှယ်ရောင်းဝယ်ရေး)
### အသက် (၉၀)

YPGG ဂေါက်သီးရိုက်အသင်း၏ အသင်းသားတစ်ဦးဖြစ်သူ ဦးဝမ်ကြည်-ဒေါ်စောလု (ရဲအောင်လံခရီးသည်ပို့ဆောင်ရေး)တို့၏ ဖခင်ဖြစ်သူ ဦးတီစိန်ကီး(ခ)ဦးလှရွှေ (ဇီးကုန်း)သည် ၁၆-၁၁-၂၀၁၃ရက် (စနေနေ့) ည ၁၁း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးချစ်၊ ဦးတင်ရွှေ၊ ဦးကျော်ဝင်း (ရွှေစီးကွက်)၊ ဦးထွန်းထွန်းဦး**

---

## ဝမ်းနည်းကြေကွဲခြင်း
### ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း (ငြိမ်း)
### ဒု-ဥက္ကဋ္ဌ၊ ရွှေသံလွင်ဘိုးဘွားရိပ်သာစီမံခန့်ခွဲရေးအမှုဆောင်ကော်မတီ
### အသက် (၇၅)နှစ်

ရွှေသံလွင်ဘိုးဘွားရိပ်သာစီမံခန့်ခွဲရေးအမှုဆောင်ကော်မတီ ဒု-ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းသည် ၁၇-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၃း၅၀ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေသံလွင်ဘိုးဘွားရိပ်သာစီမံခန့်ခွဲရေး**
**အမှုဆောင်ကော်မတီဝင်များ**
**ဘိုးဘွားများ-ဝန်ထမ်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း

ပါမောက္ခ ဒေါက်တာသန်းချို [ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် (၁) ရန်ကုန်]သည် ၁၁-၁၁-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မေ့ဆေးပညာဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

---

## ဝမ်းနည်းကြေကွဲခြင်း
### တီစိန်ကီး(ခ)ဦးလှရွှေ (ဇီးကုန်း)
### (မြစပ္ပါယ်ရှယ်ရောင်းဝယ်ရေး)
### အသက် (၉၀)

YPGG ဂေါက်သီးရိုက်အသင်း၏ အသင်းသားတစ်ဦးဖြစ်သူ ဦးဝမ်ကြည်-ဒေါ်စောလု (ရဲအောင်လံခရီးသည်ပို့ဆောင်ရေး)တို့၏ ဖခင်ဖြစ်သူ ဦးတီစိန်ကီး(ခ)ဦးလှရွှေ (ဇီးကုန်း)သည် ၁၆-၁၁-၂၀၁၃ရက် (စနေနေ့) ည ၁၁း၀၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဖိုးချစ်-ဒေါ်စန်းစန်းတင်**
**Trade Relation International Co.,Ltd.**

---

## ဝမ်းနည်းကြေကွဲခြင်း
### ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း (ငြိမ်း)
### ဥက္ကဋ္ဌ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)
### အသက် (၇၅)နှစ်

မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA) ဥက္ကဋ္ဌ၊ ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း (ငြိမ်း) အသက် (၇၅)နှစ်သည် ၁၇-၁၁-၂၀၁၃ ရက် နံနက် ၃း၅၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် အသင်းအတွက် ဆုံးရှုံးရခြင်းနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း**
**ရှမ်းပြည်နယ်တောင်ပိုင်း**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသန်းစိုး (B.com) 1980
### အသက် (၅၅)နှစ်

သူငယ်ချင်း ကိုသန်းစိုး (B.com) 1980 အသက် (၅၅)နှစ် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲမိပါသည်။

**သူငယ်ချင်းကောင်းရာသုဂတိလားပါစေ**
**ဦးစိုးလှထွန်း (B.com 1980) - (ဒေါ်အေးအေးသန်း)**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဆရာမကြီး ဒေါ်မြင့်မြင့်သိန်း (ပန်းတနော်)
### RC 1, ကွန်ပျူတာ၊ UDE, UFL
### B.Ed ဌာနမှူးသင်တန်းရေးရာ (ငြိမ်း)
### အသက် (၇၁)နှစ်

အမှတ် (၁) ဒေသကောလိပ်၊ ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ)၊ ဗိုလ်တထောင်ကောလိပ်၊ ဆရာကန်တော့ပွဲနှင့် လူမှုဘဝကောင်းကျိုးချမ်းသာရေးအဖွဲ့ နာယက ကန်တော့ခံ ဆရာမကြီး ဒေါ်မြင့်မြင့်သိန်းသည် ၁၈-၁၁-၂၀၁၃ရက်တွင် အမှတ် ၁၈၆၊ က/၇လမ်း၊ မြို့သစ်ရပ်ကွက်၊ အင်းစိန်မြို့နယ်၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

အင်းစိန်နေအိမ်သို့ ၂၄-၁၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် ဆရာ ဆရာမ၊ ကျောင်းသားကျောင်းသူဟောင်းများနှင့် အသိမိတ်ဆွေများ ရက်လည်ဆွမ်းကျွေးသို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**RC 1, RUBC, BC ဆရာကန်တော့ပွဲနှင့်လူမှုရေးအဖွဲ့**

---

## ဝမ်းနည်းကြေကွဲခြင်း
### ရဲမှူးကြီး ရဲသူရိန်ခင်မောင်ထွန်း (ငြိမ်း)
### စာရေးဆရာ ခင်မောင်ထွန်း(လမ်းမတော်)၊ ကျောက်ဆည်
### အဖွဲ့ဝင် ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကျင်းပရေးကော်မရှင်
### ဥက္ကဋ္ဌ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (M.A.N.A)
### ဒုတိယဥက္ကဋ္ဌ-မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
### ဥက္ကဋ္ဌ ကျောက်ဆည်အသင်း (ရန်ကုန်)
### အသက် (၇၅)နှစ်

ချစ်ခင်ရိုသေလေးစားရပါသော ဘဘဦးခင်မောင်ထွန်းသည် ၁၇-၁၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၃း၅၀ နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ ကိုဆန်နီ (ကိုကျော်မင်းထွန်း)၊ ညီမလေး မအေးအေးသန်း စက္ကူဆိုင်၊ မြလေးရုံ-ဆိုင်အမှတ်(၉၊ ၆၃) ဈေးချို၊ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမောင်မောင်လွင် (ဥက္ကဋ္ဌ) သီဟ-အထွေထွေစီးပွားရေးလုပ်ငန်းစု**
**(ရွှေနှင်းဆီ-ဆီစက်၊ သီဟ-ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့)-**
**ဒေါ်ခင်နီလာအေး**
**ရွှေမြန်မာ-မိုတယ်၊ လမ်း (၃၀)၊ ၇၆×၇၇ လမ်းကြား၊ ချမ်း/စံ မြို့နယ်၊ မန္တလေး**

---

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်သိဏ်း (တောင်ကြီး)
### အသက် (၄၉)နှစ်

သူငယ်ချင်း ဦးစိန်သိဏ်း(ပဲစိန်) လှိုင်မှုကြီးကြပ်ရေးမှူး (လ၀က/၄၃၇၃)သည် ၁၃-၁၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဇော်၊ ကင်းသမား၊ ကွကြီး၊ အောင်ဘန်း၊**
**ညီလေးနှင့်တောင်ကြီးမြို့မှ သူငယ်ချင်းများ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မြမြချစ်
### အသက် (၆၉)နှစ်

ရဲမှူးချုပ်အောင်နွယ်(ငြိမ်း)၏ဇနီး၊ ဦးမြတ်မိုးအောင် Abe Yumeko တို့၏မိခင် ဒေါ်မြမြချစ်သည် ၁၈-၁၁-၂၀၁၃ ရက် (တနင်္လာနေ့) နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါက်တာသိန်းဝင်း-ဒေါက်တာမော်မော်ကြူ**
**မစောလှနွယ် (ခေတ္တ Japan)**
**မောင်သိန်းထိုက်ဇော် (ခေတ္တ Japan)**
**မောင်သော်ဇင်ထိုက်**

---

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာကွန်ဒို(အေ)၊ အခန်း (၃၀၂)နေ ဆုတောင်းပြည့် အစ္စလာမ်ဝတ်ကျောင်းတော် ကုရ်အာန်အသိပညာပြန့်ပွားရေးအဖွဲ့၊ ဘိုလ်သုလ်မာလ်ကော်မတီ နာယက မွဖ်သီအစ္စမာအီလ်(ခ)ဆရာကြီးမွဖ်သီဦးမြတ်သူ M.Sc(ဆေး-၂-ငြိမ်း)၊ အသက် (၇၅)နှစ်သည် ၁၆-၁၁-၂၀၁၃ ရက် ညနေပိုင်းတွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားကြောင်းသိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်ရေးအဖွဲ့**
**ကုရ်အာန်အသိပညာပြန့်ပွားရေးအဖွဲ့**
**ဘိုင်သုလ်မာလ်ကော်မတီ**
**ဂျမာအတ်သားမိသားစုဝင်များ**
**ဆုတောင်းပြည့်အစ္စလာမ်ဝတ်ကျောင်းတော် (၅၉လမ်း)**

# နိုင်ငံတစ်ဝန်းလုံးတွင် ဆီးဂိမ်းသံတညံညံ၊ ဆီးဂိမ်းအလံတဖျပ်ဖျပ်၊ ဆီးဂိမ်းစိတ်ဓာတ်တလူလူ မြင့်တက်နေသောအချိန်ဖြစ်

**နေပြည်တော် နိုဝင်ဘာ ၂၁**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ အမှတ်(၂)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညွန့်ထွန်း တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။



ဒုတိယသမ္မတ ဦးညွန့်ထွန်း (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့အား အောင်နိုင်ရေးအလံပေးအပ်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကို၊ ဦးဝင်းထွန်း၊ ဦးတင့်ဆန်း၊ ဦးဝင်းရှိန်နှင့် ဦးငွေအောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ အသင်းအုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားမောင်မယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်သီချင်းကို သံပြိုင်သီဆိုဖွင့်လှစ်ကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများ၊ အသင်းအုပ်ချုပ်သူများ၊

စာမျက်နှာ ၉ ကော်လံ ၂ ▲

# ကယားပြည်နယ်သို့ ဘုရားဖူးနှင့် အပန်းဖြေခရီးသည်ပို့ဆောင်ရေးယာဉ်များ အများအပြားဝင်ရောက်လာ



လွိုင်ကော်မြို့၏ အထင်ကရတစ်ခုဖြစ်သည့် တောင်ကွဲစေတီသို့ လာရောက်သည့် ဘုရားဖူးခရီးသည်နှင့် ယာဉ်များကို တွေ့ရစဉ်။

**ကြီးမြင့်နိုင်(လွိုင်ကော်)**

**လွိုင်ကော် နိုဝင်ဘာ ၂၁**

ငြိမ်းချမ်းမှု၏ အသီးအပွင့်အဖြစ် ကယားပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာခြင်း၊ လုံခြုံရေးစိတ်ချရမှု ရှိလာခြင်းတို့ကြောင့် ပြည်နယ်အတွင်းသို့ ကုန်တင်ယာဉ်နှင့် ခရီးသည်တင်ယာဉ်များ အဝင်အထွက် များပြားလာခဲ့ရာ ယခုနှစ် နိုဝင်ဘာလမှစ၍ ဘုရားဖူးယာဉ်များလည်း အများအပြားဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ယခင်က ကယားပြည်နယ်တွင် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်သည့်အပြင် လုံခြုံရေးလည်းစိတ်ချရမှု မရှိခဲ့သဖြင့် အလုပ်ကိစ္စဖြင့် မဖြစ်မနေလာရောက်ရန်ရှိသူများသာ လာရောက်ကြသော်လည်း ယခုအခါ လမ်းပန်းဆက်သွယ်ရေးနှင့် လုံခြုံရေးကောင်းမွန်လာသောကြောင့် ဘုရားဖူးနှင့်

စာမျက်နှာ ၉ ကော်လံ ၁ ❖

## ယနေ့ မာတိကာ


ဂျပန်နိုင်ငံရှိ ကျွန်းတစ်ခုအနီး မီးတောင်ပေါက်ကွဲမှုဖြစ်၊ ယာဉ်အသွားအလာဂရုပြုရန် သတိပေးထား စာမျက်နှာ - ၄

ဖူးမြော်ပူဇော်ကြည်ညိုကြ သံဝေဇနိယ မြတ်ဌာန ဆောင်းပါး စာမျက်နှာ - ၆

နိုင်ငံခြားငွေသုံးမျိုး ထည့်သွင်းအသုံးပြုနိုင်မည့် ခရီးဆောင်ငွေဖြည့်ကတ် ပြုလုပ်နိုင်ပြီ စာမျက်နှာ - ၁၂

မြန်မာပိုက်ကျော်ခြင်းအဖွဲ့ အနည်းဆုံး ရွှေသုံးဆုမျှော်မှန်း စာမျက်နှာ - ၁၃

ဂျူဗင်တပ်စ်နဲ့ အင်တာမီလန်တို့ ရန်းကန်ရဦးမယ့် ပွဲစဉ်(၁၃) စာမျက်နှာ - ၁၄


# ရန်ကုန်-ပုဂံ-ရန်ကုန်ခရီးစဉ်မှ ရန်ကုန်-ပုဂံ-ပခုက္ကူ-ရန်ကုန် ခရီးစဉ်အဖြစ် တိုးချဲ့ပြေးဆွဲမည်

**နေပြည်တော် နိုဝင်ဘာ ၂၁**

ရန်ကုန်-ပုဂံခရီးစဉ်အဖြစ် ပြေးဆွဲလျက်ရှိသည့် အမှတ်(၆၁) အဆန်(၆၂) အစုန်အမြန်ရထားကို ဒေသခံပြည်သူများ၏ တောင်းဆိုချက်အရ ၂၄-၁၁-၂၀၁၃ ရက်မှစတင်၍ ရန်ကုန်-ပုဂံ-ပခုက္ကူခရီးစဉ်အဖြစ် တိုးချဲ့၍ နေ့စဉ်ပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

အမှတ်(၆၁)အဆန်ရထားသည် ရန်ကုန်ဘူတာမှ ညနေ ၄ နာရီတွင် စတင်ထွက်ခွာပြီး ပုဂံဘူတာသို့ နောက်တစ်နေ့ နံနက် ၉ နာရီခွဲတွင် ရောက်ရှိကာ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ဆက်လက်ထွက်ခွာ၍ ပခုက္ကူဘူတာသို့ နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရောက်ရှိမည်ဖြစ်သည်။ အမှတ်(၆၂)အစုန်ရထားသည် ပခုက္ကူဘူတာမှ ညနေ ၃ နာရီ မိနစ် ၂၀ တွင် စတင်ထွက်ခွာပြီး ပုဂံဘူတာသို့ ညနေ ၄ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကာ ညနေ ၅ နာရီတွင် ဆက်လက်ထွက်ခွာ၍ ရန်ကုန်ဘူတာသို့ နောက်တစ်နေ့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိမည်ဖြစ်သည်။

အဆိုပါရထားသည် လက်ရှိ ရန်ကုန်-ပုဂံခရီးစဉ်အတွင်း လမ်းခရီး ၁၅ ဘူတာရပ်တန့်ပေးလျက်ရှိပြီး ပုဂံနှင့်ပခုက္ကူဘူတာကြားတွင် ထင်းတန်းလမ်းဘူတာနှင့် ပခုက္ကူတက္ကသိုလ်ဘူတာတို့၌ ထပ်မံရပ်တန့်ပေးမည်ဖြစ်သည်။

ရန်ကုန်မှပခုက္ကူသို့ ရိုးရိုးတန်းလက်မှတ်ခ ငွေကျပ် ၄၈၀၀၊ ဒုတိယတန်းလက်မှတ်ခ ငွေကျပ် ၆၄၀၀၊ အထက်တန်း(ထိုင်ခုံ)ငွေကျပ် ၁၂၇၀၀ နှင့် အထက်တန်း(အိပ်စင်/အထူး)ငွေကျပ် ၁၇၅၀၀ ဖြစ်ကြောင်းနှင့် ခရီးစဉ်အလိုက် လက်မှတ်ခနှုန်းထားနှင့် အချိန်စာရင်းအသေးစိတ်ကို မြန်မာ့မီးရထားဘူတာရုံများတွင် ကြေညာထားရှိကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာတီလားပီးယားမျိုးမြှင့်ရန် ကမ္ဘာ့တန်းဝင် ထိုင်းတီလားပီးယားမျိုးစိတ်ရောက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂၁**

မြန်မာတီလားပီးယားမျိုးမြှင့်ရန် ငါးလုပ်ငန်းဦးစီးဌာန လှော်ကားငါးသားဖောက်စခန်းသို့ ကမ္ဘာ့တန်းဝင် ထိုင်းနိုင်ငံ တီလားပီးယားမျိုးစိတ် စတင်ရောက်ရှိပြီဖြစ်၍ ငါးလုပ်ငန်းဦးစီးဌာနက ကျေးလက်ဒေသများကို အဓိကထား ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ရေလုပ်ငန်းဆိုင်ရာ သယံဇာတပေါများကြွယ်ဝသော ကမ္ဘာ့နိုင်ငံများတွင်ပါဝင်ခဲ့ပြီး အဆင့် ၁၄ နေရာတွင် ရပ်တည်နိုင်ခဲ့သည်။ သို့သော် ယနေ့အချိန်ခါတွင် ခေတ်နှင့်အညီ ပြောင်းလဲလာသည့် ကမ္ဘာ့ ရေလုပ်ငန်းဆိုင်ရာများတွင် အိမ်နီးချင်းနိုင်ငံ တစ်နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံသည် တီလားပီးယားမျိုးစိတ်ကို ကမ္ဘာ့တန်းဝင် နိုင်ငံအနှံ့အပြားသို့ ပို့ကုန်ပစ္စည်းအသွင်ဖြင့် တင်ပို့ရောင်းချလျက်ရှိသည်။



မြန်မာနိုင်ငံတွင် မွေးမြူဖြစ်ထွန်းလျက်ရှိသော တီလားပီးယားငါးများကို တွေ့ရစဉ်။

မြန်မာနိုင်ငံတွင် နှစ်ပေါင်းများစွာကတည်းက မြန်မာတီလားပီးယားမျိုးစိတ်ကို မွေးမြူခဲ့ကြရာတွင် ပြည်တွင်းဈေးကွက်များ၌ စီးပွားဖြစ်တွင်ကျယ်စွာ ရောင်းချနိုင်ခဲ့သော်လည်း ကမ္ဘာ့တန်းဝင် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရန် ဘက်ပေါင်းစုံမှအခက်အခဲများရှိခဲ့သည်။ သို့ဖြစ်၍ ယခုအခါ မြန်မာတီလားပီးယား မွေးမြူရေးလုပ်ငန်းကို အနောက်ဥရောပနိုင်ငံများနှင့် အမေရိကန်ဈေးကွက်ကပါ စိတ်ဝင်စားလာ၍ မကြာမီနှစ်ပိုင်းအတွင်း ကမ္ဘာ့တန်းဝင် ပြည်ပပို့ကုန်အဖြစ် စီးပွားဖြစ် စတင်မွေးမြူနိုင်တော့မည်ဖြစ်ရာ ကမ္ဘာ့တန်းဝင် ထိုင်းတီလားပီးယားမျိုးစိတ်ကို မြန်မာနိုင်ငံမှ ငါးမွေးမြူရေးလုပ်ငန်းရှင်များ မဖြစ်မနေ မွေးမြူကြတော့မည်ဖြစ်သည်။ သို့မှသာ အနောက်ဥရောပနိုင်ငံများနှင့် အမေရိကန်ဈေးကွက်သို့ ကမ္ဘာ့တန်းဝင် တီလားပီးယားငါးမျိုးစိတ်များ ပို့ကုန်အဖြစ် စီးပွားဖြစ်တွင်ကျယ်စွာ တင်ပို့နိုင်မည်ဖြစ်သည်။

**သတင်း-ထိုက်အောင်ဝင်း**
**ဓာတ်ပုံ-မင်းထက်**

"မြန်မာနိုင်ငံရဲ့ တီလားပီးယားမွေးမြူရေးနဲ့ ပတ်သက်လို့ကတော့ အမေရိကန်နိုင်ငံအနေနဲ့ အကူအညီပေးနေတာနှစ်ဖွဲ့ရှိတယ်။ အဲဒီအဖွဲ့နှစ်ခုက USAID ရဲ့ Farmer to Farmer

စာမျက်နှာ ၅ ကော်လံ ၅ ❍